လင်းသစ်ရောင်စဉ်

# စိန်ပန်း ကုံကော် ဆွတ်ပျံ့လွမ်းဖွယ် ...

ရန်ကုန်တက္ကသိုလ်ရာပြည့် အမှတ်တရ အက်ဆေးများ



ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ခဲ့တဲ့ ...
အမှတ်ရချက်များ ...
လွမ်းတစရာများ ...
ချစ်မက်စရာ သတိတရများ ...
သမိုင်းဖြစ်ခဲ့ရတဲ့ မှတ်တိုင်များ ...

လင်းသစ်ရောင်စဉ်
စိတ်ယဉ်ကျေးမှု အနုပညာလိုင်းများ

လင်းသစ်ရောင်စဉ်စာအုပ် - ၈၀

# စိန်ပန်း ကုံကော် ဆွတ်ပျံ့လွှမ်းဖွယ် ...

[ရန်ကုန်တက္ကသိုလ်ရာပြည့်အမှတ်တရအက်ဆေးများ]

လင်းသစ်ရောင်စဉ်
စိတ်ယဉ်ကျေးမှု အနုပညာလှိုင်းများ

အမှတ် ၁၀/၉၊ ရွှာလယ်လမ်း၊ ဘိုကြီးပြ၊ တည်းကုန်းရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်မြို့။
Email; mosnyein@gmail.com ဖုန်း ၀၉ ၄၄၁ ၃၂၀ ၃၂၂ ၀၉ ၄၃၁၈ ၄၇၄၈

**ပုံနှိပ်မှတ်တမ်း**
ပထမအကြိမ်
ဇန်နဝါရီလ၊ ၂၀၂၀ ခုနှစ်။
**မျက်နှာဖုံးပန်းချီ**
ထိန်လင်း
**အုပ်ရေ**
၁၀၀၀
**တန်ဖိုး**
၂၅၀၀ ကျပ်

ပုံနှိပ်သူ – ဦးအေးဝင်း၊ အေးကမ္ဘာ (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ပြီး။
ထုတ်ဝေသူ – ဦးခင်မောင်ဌေး၊ လင်းသစ်ရောင်စဉ်(၀၀၈၈၆)
အမှတ် ၁၀/၉၊ ရွာလယ်လမ်း၊ ဘိုမြဲ၀၊ တညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့မှ မြန်မာတစ်ပြည်လုံး ထုတ်ဝေဖြန့်ချိပါသည်။

**စိန်ပန်းကုံကော် ဆွတ်ပျံ့လွှမ်းဖွယ် ... /ကလောင်စုံ**
**လင်းသစ်ရောင်စဉ်၊ ရန်ကုန်၊ ၂၀၁၉။**
**[၁၃၀ စာ၊ ၁၃.၄ စင်တီ × ၂၁ စင်တီ]**

## မာတိကာ


■ ကျေးဇူးတင်လွှာ ✦ ၇

၁။ အောင်ကျော်ရင်ပြင်ဟု ခေါ်သည် [မောင်အောင်မွန်] ✦ ၉

၂။ သံကြိုးသော့ခလောက်နှင့် ခြံစည်းရိုးများကြားမှ
တက္ကသိုလ် နှစ်တစ်ရာ [ခင်နှင်းဦး] ✦ ၁၄

၃။ နှင်းဝေ့ညချမ်း လွမ်းဖွယ့်ဆည်းဆာ [မောင်ပြည့်မင်း] ✦ ၂၃

၄။ မှုံးရစ်ဝေသော နွေဦးညများ [ခင်အောင်အေး] ✦ ၂၈

၅။ ကော်ဖီနဲ့ လက်ဖက်ရည် [ခင်မြဇင်] ✦ ၄၂

၆။ ပျောင်းသေမသွားခဲ့သော ချစ်ရနံ့များ [နောင်ကျော်] ✦ ၄၉

၇။ စိန်ပန်းပြာနဲ့ဝေးသူသို့သာ လွမ်း [ထွန်းဇော်ငွေး] ✦ ၅၇

၈။ တက္ကသိုလ် အမှတ်ရချက်များ [လင်းစန်] ✦ ၆၃

၉။ စိတ်ကူးအိပ်မက်
အမိတက္ကသိုလ် [မောင်ဆွေခင် (ခရမ်းပြာ)] ✦ ၆၉

၁၀။ တစ်ပိုင်းတစ်စ ဂါထာ [မင်းကိုနိုင်] ✦ ၇၄

၁၁။ အမှတ်တရရက်စွဲ [မင်းသန်းထိုက် (အေးဒရဲ)] ✦ ၈၁

၁၂။ လွမ်းရတဲ့ ကံ့ကော် [သန့်ဇင်စိမ်း] ✦ ၈၇

၁၃။ ကံ့ကော်ဖြူဖြူ စိန်ပန်းရောင်စုံတွေနဲ့ ခြယ်သခဲ့လေသော
တစ်ခါတုန်းကတက္ကသိုလ် [နရီ(မြိတ်)] ✦ ၉၃

၁၄။ တန်ဖိုးရှေ့နေသော လက်ကိုင်ပဝါလေးများ [ရင်နီ] ✦ ၁၀၃

၁၅။ မိခင်နယ်မြေမှာ လမ်းလျှောက်ခြင်း [ဆောင်းဖြူ] ✦ ၁၁၀

၁၆။ ကျီးလန့်စာစား တက္ကသိုလ်နေ့ရက်များ [နီဟိန်းမော်] ✦ ၁၁၈

၁၇။ အဝေးကြည့်တက္ကသိုလ် [မိုးဦးဆွေညိန်း] ✦ ၁၂၃

## ကျေးဇူးတင်လွှာ

အထူးပြုကျေးဇူးတင်ရမည်မှာကား
ရန်ကုန်တက္ကသိုလ်ကြီးပင်တည်း။
သူ့ကို
အရွယ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ အသိဉာဏ်အမျိုးမျိုး၊
အခြေအနေအမျိုးမျိုး၊ အမည်နာမအမျိုးမျိုးဖြင့်
ထိတွေ့ဖြတ်သန်းခဲ့ကြရသည်။
သူကား မည်သူ့အပေါ်ကိုမျှ ခွဲခွဲခြားခြား မဆက်ဆံ၊
ရင်ခုန်သံတူမျှ ပေးခဲ့ပါသည်။
သူ့ကို ကာဆီးပိတ်ပင်ထားလိုသူတွေ
ရှိခဲ့သော်ငြားလည်း သူသည် သူ့အပေါ် ရင်ခုန်တပ်မက်သူတွေကို
အစဉ်ထာဝရ ရင်ဖွင့်ကြိုမြဲပင်။
ရင်ခုန်စိတ်လှုပ်ရှားစွာ တက္ကသိုလ်အမှတ်တရများကို
စိတ်လိုလက်ရ ရေးဖွဲ့ ချီးမြှင့်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများကို
ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

လင်းသစ်ရောင်စဉ်

# အောင်ကျော်ရင်ပြင်ဟု ခေါ်သည်

၁။

ဤဓာတ်ပုံကိုကြည့်ပါ။



ရန်ကုန်တက္ကသိုလ်တွင် တကယ်ရှိခဲ့သည့် အောင်ကျော်ရင်ပြင်ကို သိသူ မည်မျှရှိမည်နည်း။ တကာသနှင့်ဗကာသ ရောထွေးထင်မှတ်မှားနေရှာသူများ။ ၁၉၆၂ ခုနှစ်၊ စစ်တပ်က အာဏာသိမ်း အက်ဥပဒေ ဖျက်ပစ်လိုက်ချိန်ထိ အစိုးရ၏ ငွေကြေးထောက်ပံ့မှုမှတစ်ပါး

အစိုးရလက်အောက်ခံ မဟုတ်။ သီးခြား လွတ်လပ်သော တက္ကသိုလ် (Independent University) ကို သတိထားမိကြပါ၏လော။ တက္ကသိုလ်အာဏာပိုင်ဆိုသည်မှာ အစိုးရ မဟုတ်၊ တကသကိုယ်စားလှယ်၊ တက္ကသိုလ်မှ ဘွဲ့ရသွားသူများ ကိုယ်စားလှယ် အပါအဝင် အလွှာအသီးသီးက ကိုယ်စားလှယ်ပေါင်း ၄၀ ပါဝင်သောကောင်စီကို ခေါ်ကြောင်း ခွဲခြားသိမြင်ကြပါလေစ။ ဝန်ကြီးချုပ်သည် အဓိပတိဖြစ်ရသော်လည်း ကောင်စီဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည့် veto အာဏာ ပေး၍ သွယ်ဝိုက်ပြီး ညြဇာပေးလို့ပင်မရ။

၂။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေအရ တက္ကသိုလ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော တကသအဆောက်အအုံသည် သာမန် ၂ ထပ်တိုက်တစ်ခုမဟုတ်၊ ပိုမိုလေးနက်သည့် အဓိပ္ပာယ်ကို ဖော်ညွှန်းသော ပြယုဂ်အမှတ်အသားဆိုသော အချက်ကို အလေးထားစဉ်းစားမှသာလျှင် ကျောင်းသားသမဂ္ဂ၏ အနှစ်သာရကို နားလည်ပါမည်။ တကသသည် သဘောထားလွတ်လပ်စွာ ဖော်ထုတ်ခွင့်ပေးထားသည့် စင်မြင့်ဖြစ်၍ နိုင်ငံရေးပါတီများ၏ အမြင်သဘောထားများ တင်ပြဟောပြော၊ အခြေအတင်ပြောဆို (Debate) များကို တကသ အမှုဆောင်အဖွဲ့၏ စီစဉ်ခွင့်ပြုချက်နှင့် လုပ်ဆောင်ရသည်။ ပြင်ပနိုင်ငံရေးသမားများအား အလွန်အမင်း နေရာပေး၊ မတော်မတရားရေးနေ၍ ကျောင်းသားအခန်းကဏ္ဍ မှေးမှိန်ရသည်ကို ကျောင်းသားများ သတိရမှသာလျှင် ကျောင်းသမဂ္ဂ၏ အနာဂတ်ကို မျှော်မှန်းနိုင်ပေလိမ့်မည်။

၃။

ဤပုံပါနယ်မြေကို ရန်ကုန်တက္ကသိုလ်ရှိစဉ်အထိ အောင်ကျော်ရင်ပြင်ဟုခေါ်သည်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဖျက်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဟူသောအမည်သို့ ပြောင်းလိုက်ပြီးနောက်ပိုင်း ရန်ကုန်တက္ကသိုလ်ဟု ခေါ်၍ မရတော့ပါ။ ဥပမာ၊ ဒဂုံတက္ကသိုလ်

ပါမောက္ခချုပ်အား ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဟုသုံးလျှင် ဒေါက်တာထင်အောင်၊ ဒေါက်တာသာလှတို့နှင့် ရောမသွားပေဘူးလော။ ကျွန်တော်သည် သတင်းသမားမို့ စာဖတ်သူတို့လည်း ရှင်းရှင်းလင်းလင်း မြင်စေဖို့ရေးနေရခြင်းပါ။

၄။

အောင်ကျော်နေ့ ဖြစ်လာပုံကိုတော့ သိကြပါလိမ့်မည်၊ သို့သော်လည်း ပြန်နှုးရသော် တကာသ၏ တောင်းဆိုချက်ကို အကြောင်းပြန်ခြင်းမရှိ၍ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျောင်းသားများ စည်းဝေးကြပြီး တကာသဥက္ကဌ ဦးလှရွှေ (နောင် အာဏာရှင်) ခေါင်းဆောင်ကာ ပုဒ်မ (၁၄၄) ထုတ်ထားသည့်ကြားက ဆန့်ကျင်၍ အတွင်းဝန်ရုံးကို ဝိုင်းကြ၏။ မြင်းစီးပုလိပ်တို့က ဆန္ဒပြသူများကြား တိုးဝင်စဉ် အခြားပုလိပ်များက နံပါတ်တုတ်များနှင့်ရိုက်သည်။ ခွပ်ဒေါင်းအလံကိုင် ကိုကြည်မောင် (ပုဂံဆောင်က ဂိုးသမား၊ နောင် ဗိုလ်မှူးကြီး၊ NLD) လဲကျသွား၍ ဂျပ်ဆင်ကောလိပ် Sr. IA တန်းသား ကိုအောင်ကျော် ဆက်ကိုင်ထားစဉ် ဝိုင်းရိုက်ခံရ၊ ဒဏ်ရာပြင်းထန်သတိမေ့နေရာ ကိုလှဖေ (နောင် ဗိုလ်လက်ျာ)က ပွေ့ယူကာ သူရိယသတင်းစာတိုက်ပေါ် တက်ပြေးရ၏။ တက္ကသိုလ်ဆေးရုံ၊ ထို့နောက် ရန်ကုန်ဆေးရုံကြီး၌ ကုသသည့်ကြား သေဆုံးသွားရာ အာဇာနည်ဗိုလ်အောင်ကျော်ဟု ဂုဏ်ပြုသည်။ ထိုစဉ်ကစ၍ ဒီဇင်ဘာလ ၂၀ ရက်နေ့တိုင်း 'အောင်ကျော်နေ့'(ကျောင်းသားနေ့) ကျင်းပလာခဲ့ကြ၏။

၅။

ရန်ကုန်တက္ကသိုလ်နယ်မြေ (Rangoon University Estate) တွင် တည်ထောင်စဉ်ကပင် စာတိုက်နှင့် စာအုပ်ဆိုင်ရှေ့၌ ကျယ်ဝန်းသောနေရာရှိ၏။ စာအုပ်ဆိုင်နှင့် ကျောချင်းကပ်တွင် တက္ကသိုလ်ဆေးရုံရှိ၏။ ရှေ့တည့်တည့်တွင် တက္ကသိုလ်ဆရာ နေအိမ်များ၊ နောက်ဘက်တွင် တက္ကသိုလ်ဝန်ထမ်းများရပ်ကွက် ရှိ၏။ မြန်မာ့အသံကျော်ဦးက

သူ၏ ရန်ကုန်တက္ကသိုလ် နှစ် ၅၀ စာအုပ်အတွက် ကိုယ်တိုင်ရိုက်ထားသော ပုံပါ။ တကာသနှင့်မျက်နှာချင်းဆိုင် အဓိပတိလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့် မန္တလေးဆောင်ရှေ့ဘက်ကနေ ရိုက်ထားသောထိုပုံထဲ ညာဘက်က စာတိုက်၊ စက်ဝန်းခြမ်းက အဝိုင်းလေးဖြစ်သည်။

၆။

အောင်ကျော်ရင်ပြင် ဖြစ်လာပုံက ဒီလိုပါ။ လွတ်လပ်ရေးတိုက်ပွဲကာလ၌ ပါဝင်ခဲ့ကြသူများ တက္ကသိုလ်ကျောင်းသား ဖြစ်လာကြသောအခါ ကွန်မြူနစ်၊ ဆိုရှယ်လစ် စသဖြင့်ယုံကြည်ချက်များ ပါလာကြ၏။ ၁၉၄၉ ခုနှစ် ပြည်တွင်းစစ်ပြင်းထန်လာပြီး ရန်ကုန်အစိုးရဟုအခေါ်ခံ ရချိန်တွင် ကျောင်းသားအချို့ တောခို၊ အချို့ တပ်မတော်ဘက်က ဝင်တိုက်၏။ အချိန်မတိုင်မီ စာသင်ခန်းက ခွာ၊ စစ်တိုက်ရင်းသေဆုံးရရှာသည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများအား ဂုဏ်ပြုပွဲကို ပါမောက္ခချုပ် ဒေါက်တာထင်အောင်၊ ဒေါက်တာသာလှ (တကာသအမှုဆောင်ဟောင်း) တို့ကြီးမှူးကျင်းပရာ တကာသဥက္ကဋ္ဌ ကိုမောင်မောင်ကျော်လည်း တက်ရောက်ပြီး ထိုကွက်လပ်ကို အောင်ကျော်ရင်ပြင်ဟု ခေါ်တွင်လာရာ ၁၉၆၂ ခုနှစ်အထိပါ။ အမျိုးသားနေ့ ကျောင်းသားပွဲတော် စသည်တို့ကိုလည်း အောင်ကျော်ရင်ပြင်၌ ကျင်းပခဲ့ရာကျွန်တော်လည်း အကြိမ်ကြိမ်ကြုံဖူး၍ ခုလိုရေးနိုင်ခြင်းဖြစ်၏။

၇။

ရန်ကုန်တက္ကသိုလ်၏ သွေးကြော အက်ဥပဒေသည် ၁၉၆၂ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ပုံ/ ဗိုလ်နေဝင်း ဟူသော အမိန့်တိုလေးနှင့် ဇိဝိန်ချုပ်သွား၏။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့နံနက်တွင် တကာသအဆောက်အအုံကြီး အုတ်ကျိုးပဲ့ပုံဖြစ်ခဲ့ရ၏။ စစ်တပ်ကို အံတုကာ အဝိုင်းလေးအစိုးရဟု သုံးခဲ့သည်ကို မျက်မာန်တော်ရှ၍လားမသိ ၁၉၆၆ ခုနှစ်တွင် အဝိုင်းလေးကို ဖျက်ဆီးပစ်လိုက်သည်။ အထင်ကရရှိခဲ့ပါလျက် မရှိဟု ဖွတ်ငြင်း၊ လုံးဝ မရှိခဲ့ဖူးသည်ကို အရှိလုပ်လိုလုပ်

နေ၍ သမိုင်းဟူ၍ နတ္ထိ။ စိတ်ဝင်စားသူ ဆက်လက်စူးစမ်း ရှာဖွေလေ့လာသူများအတွက် ငါတို့ခေတ် ငါတို့တက္ကသိုလ်တွင် ရှိခဲ့သော်လည်း သိသူ အင်မတန်ရှားသည့် အောင်ကျော်ရင်ပြင်အကြောင်း တွေးမိ၍ ရေးသားလိုက်ရကြောင်းပါ။ ■

မောင်အောင်မွန်
ဇူလိုင်လ ၁၃၊ ၂၀၁၉ ခုနှစ်။

## သံကြိုး သော့ခလောက် နှင့် ခြံစည်းရိုးများကြားမှ တက္ကသိုလ် နှစ်တစ်ရာ

တက္ကသိုလ်ဆိုသော ဝေါဟာရသည် မြန်မာစကားမဟုတ်ပါ။ ပါဠိဝေါဟာရကို မြန်မာဘာသာစကားက မွေးစားထားသည့် ဝေါဟာရ ဖြစ်ပါသည်။ မဇ္ဈိမဒေသ၊ ပန်ဂျပ်ပြည်နယ်တွင် တက္ကသီလာပြည် ရှိပါသည်။ ရှေးအခါက မဇ္ဈိမတိုင်းသားတို့ ပညာသင်ရန် သွားရောက်ရသည့်နေရာဖြစ်ပြီး တက္ကသိုလ်ပြည်သို့ သွားသည်ဆိုသော စာအရေးအသားများလည်း ရှိခဲ့ပါသည်။ တချို့ကလည်း တက္ကသီလာဟု ရေးသားရသည့် ပြကရိုက်ဘာသာစကားဟု ဆိုကြပါသည်။ အင်္ဂလိပ်ဝေါဟာရ ယူနီဘာစီတီ (University) သည် အနန္တစကြဝဠာ (Universe) ဟူသောဝေါဟာရနှင့် ဆက်နွယ်ပါသည်။ အရာအားလုံး ပါဝင်ရှင်သန်မှု ရှိသည့်နေရာဟု အနန္တစကြဝဠာ ( Universe) ကို အနက်ဖွင့်ထားပါသည်။ ယူနီဘာစီတီ ( University) ဆိုသည့်ဝေါဟာရကိုမူ၊ အဆင့်မြင့်ပညာရပ်များအား လေ့လာဆည်းပူး သုတေသနပြုလုပ်ရာ နေရာဌာန၊ ဘွဲ့ထူးဂုဏ်ထူး အပ်နှင်းပေးသည့် နေရာဌာနဟု ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် အသိဉာဏ်နှင့်ပညာကို ကိုယ်စားပြုသည့် တက္ကသိုလ်ဆိုသော နေရာသည် အနှောင်အဖွဲ့ အတားအဆီးများမှ လွတ်ကင်းနေသင့်ပါသည်။

ရှေးမြန်မာမင်းများလက်ထက်က မြန်မာတို့တွင် တက္ကသိုလ်ပညာရေးစနစ် မရှိပါ။ မြန်မာတို့ ပညာသင်ကြားရာနေရာသည် ဘုန်း

တော်ကြီးကျောင်းများသာ ဖြစ်ပါသည်။ ၁၉၂၀ ပြည့်နှစ်၌ စတင် မွေးဖွားခဲ့သည့် ရန်ကုန်တက္ကသိုလ်ကို မြန်မာတိုင်း ချစ်မြတ်နိုး တန်ဖိုး ထားကြပါသည်။ ကမ္ဘာပေါ်တွင် နာမည်ကြီးသည့် တက္ကသိုလ်များစွာ ရှိကြပါသည်။ သူတို့လည်း သူတို့သမိုင်းနှင့်သူတို့ အစဉ်အလာ ကိုယ်စီ ရှိကြပါပေသည်။ ကိုလိုနီခေတ်တွင် အင်္ဂလိပ်အစိုးရက ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးတက္ကသိုလ်နှင့် အတူပါလာသည့် ဖွားဘက်တော်ကား ၁၉၂၀ ရန်ကုန်တက္ကသိုလ်အက်ဥပဒေ ဖြစ်ပါသည်။ ထိုဥပဒေသည် မြန်မာတိုင်းရင်းသားများအား တက္ကသိုလ်ပညာရေးကို လက်လှမ်းမမှီစေရန်၊ လွယ်လင့်တကူ မသင်ယူနိုင်စေရန် ပြဋ္ဌာန်းထားသည့် ဖိနှိပ်ချုပ်ချယ်သော ဥပဒေအဖြစ် ထိုစဉ်က တက္ကသိုလ်ကျောင်းသားကျောင်းသူများက သပိတ်မှောက်ခဲ့ကြပါသည်။

သို့ဖြင့် ရန်ကုန်တက္ကသိုလ်သည် စတင်သန္ဓေတည်ပြီဆိုသည်နှင့် ၁၉၂၀ ရန်ကုန်တက္ကသိုလ်ဥပဒေနှင့် ပထမကျောင်းသားသပိတ်ပူးတွဲ ပါဝင်လာကြပါသည်။ မြန်မာအများစုက အင်္ဂလိပ်ခေတ် ရန်ကုန်တက္ကသိုလ်ပညာရေးကို ကျွန်ပညာရေးဟု အမည်တပ်စေကာမူ၊ ဒုတိယကမ္ဘာစစ်မတိုင်မီက ငွေကြေးချမ်းသာသူ အာရှတိုက်သားများသည် တက္ကသိုလ်ပညာသင်ယူရန် ရန်ကုန်တက္ကသိုလ်ကို ဒုတိယဦးစားပေး ရွေးချယ်ကြပါသည်။ ပထမဦးစားပေးကားအင်္ဂလန်ရှိ တက္ကသိုလ်များ ဖြစ်ပါသည်။ ထိုသို့ အာရှတိုက်သားများကြားတွင် အစဉ်အလာကြီးခဲ့သော ရန်ကုန်တက္ကသိုလ်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဖဆပလဝန်ကြီးချုပ်လောင်း ဦးနုနှင့် တခြား နိုင်ငံရေးခေါင်းဆောင်များ၊ အမျိုးသားစာဆိုကြီးများဖြစ်သည့် ဆရာသိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဒဂုန်တာရာ၊ သိန်းဖေမြင့်၊ ညိုမြ၊ ဒေါ်ခင်မျိုးချစ်၊ လူထုဒေါ်အမာ၊ စသူတို့ကို မွေးဖွားပေးခဲ့သည့် နေရာလည်း ဖြစ်ပါသည်။ ကိုအောင်ဆန်းတို့ခေတ်က ရန်ကုန်တက္ကသိုလ်ကျောင်းထွက် ပညာတတ်များသည် ကမ္ဘာ့အလယ်တွင် အများနှင့် ရင်ပေါင်တန်းလျက် ပြောနိုင် ဆိုနိုင် ရေးသားနိုင်သူများ ဖြစ်ကြပါ

သည်။ ရန်ကုန်တက္ကသိုလ်သည် ကိုအောင်ဆန်း၊ ဆရာဇော်ဂျီတို့ကဲ့သို့ နိုင်ငံရေးနှင့် စာပေနယ်အတွက် ခေါင်းဆောင်များသာမက ပညာရေး နယ်ပယ်တွင်လည်း ဒေါက်တာမောင်မောင်ခ၊ ဒေါက်တာကျော်သက်၊ ဒေါက်တာသန်းထွန်းကဲ့သို့သော ပညာရှင်များကို မွေးထုတ်ပေးခဲ့ပါ သည်။

ရန်ကုန်တက္ကသိုလ်စတင်စဉ်က ပူးတွဲပါလာသည့် အထက် ဖော်ပြပါ အစဉ်အလာကြောင့်ပေလား မသိ။ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပုံရိပ်သည် ရန်ကုန်တက္ကသိုလ်အပေါ် အမြဲအရိပ်ထိုး လွှမ်းမိုးခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့ အရေးအခင်း၊ ၁၉၆၉ ခုနှစ် ကျွန်း ဆွယ်အရေးအခင်း၊ ၁၉၇၄ ခုနှစ် အလုပ်သမားအရေးအခင်း၊ ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်း၊ ၁၉၇၆ ခုနှစ် မှိုင်းရာပြည့်အရေးအခင်း စသည့် အရေးအခင်းများကို ဖြတ်သန်းခဲ့ရသော ရန်ကုန်တက္ကသိုလ် တွင် ကျွန်မတို့ ပညာသင်ခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ်ပရဝဏ်ထဲ၌ ကျွန်မတို့ ပညာသင်ယူခဲ့သည့် ၁၉၆၉ မှ ၁၉၇၄ နှစ်ကာလများအတွင်း မမေ့နိုင်ဆုံးနေ့ရက်ကား ဆင်မလိုက်သဘော်ာကျင်းတွင် ဆန္ဒပြနေသည့် အလုပ်သမားကို မနက်လေးနာရီခန့် သက်ဆိုင်ရာလုံခြုံရေးတပ်က ပစ်ခတ်လူစုခွဲပြီး သပိတ်စခန်းကို ဖြိုခွင်းသည့် သေနတ်သံများဖြစ်ပါ သည်။ မနက်မိုးမလင်းမီ ပစ်ခတ်နေသည့် သေနတ်သံများကြောင့် အင်းလျားဆောင်သူ ကျွန်မတို့ လန့်နိုးလာကြပါသည်။ မနက်ဝေလီ ဝေလင်း တက္ကသိုလ်နှင့် ခဲတစ်ပစ်အကွာရှိ ဆင်မလိုက်သဘော်ာကျင်း ဆန္ဒပြအလုပ်သမားများအား တောတွင်းစစ်ဆင်ရေး ဆင်နွှဲသကဲ့သို့ ပစ်ခတ်သံများ ကြားရခြင်းက စစ်အာဏာရှင်စနစ်ကို တူးတူးခါးခါး မုန်းတီးရွံ့ရှာ စက်ဆုပ်စိတ် ရင်ထဲ အမြစ်တွယ်စေခဲ့ပါသည်။ ပညာ သင်နှစ်ပြီးဆုံး၍ မြကျွန်းညိုညို့ကို ခွဲခွာခဲ့ပြီးမကြာမီ အမိတက္ကသိုလ် ထဲတွင် ဦးသန့်အရေးအခင်း ဖြစ်ခဲ့ပြန်ပါသည်။ ဦးသန့်အရေးအခင်း ပုံများ သတင်းများကို စိတ်လှုပ်ရှားစွာ ဖတ်ရှု နားစွင့်ခဲ့ရပါသည်။

၁၉၇၅ ခုနှစ်တွင် ကျောင်းသားတစ်ပိုင်း အလုပ်သမားတစ်ပိုင်း ဘဝဖြင့် မြကျွန်းညိုညို့ထဲ ပြန်ခြေချရချိန်၌ အမိတက္ကသိုလ်ပရဝဏ်

ထဲတွင် ယခင်က ဟာလာဟင်းလင်း ရှိခဲ့သည့် နေရာများကို ခြံစည်း ရိုးများခတ်လျက် တွေ့မြင်ရပါသည်။ ကျောင်းသူဘဝတုန်းက တက္က သိုလ်များ ဗဟိုစာကြည့်တိုက်ဆောက်မည့် နေရာမှ ကံ့ကော်တော အုပ်လေးကို ခုတ်လှဲနေသည်မှ အပ စာကြည့်တိုက်ပတ်ခြာလည်တွင် စည်းရိုးခတ်မထားသေးပါ။ ဒုတိယမွိ ကျောင်းသူဘဝ၌ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်( ယခင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်) နှင့် တိုး ချဲ့ဆောက်လုပ်ဆဲ စာကြည့်တိုက် နှစ်ခုစလုံးတွင် ခြံစည်းရိုးများရှိနေ ပေပြီ။ စာကြည့်တိုက်နှင့် မျက်နှာချင်းဆိုင်မှ အပန်းဖြေရိပ်သာသည် လည်း ခြံစည်းရိုးထဲ ရောက်နေလေပြီ။

၈၈ အရေးတော်ပုံကြီးဖြစ်ပွားပြီးနောက် တက္ကသိုလ်အားလုံး ကို တစ်ကျော့ပြန်အာဏာသိမ်းတက်လာသည့် စစ်အစိုးရက အကန့် အသတ်မရှိ ပိတ်လိုက်ပါသည်။ ကျောင်းသားကျောင်းသူများ ကင်းမဲ့ လျက် ခြောက်ကပ်နေသည့် မြက်ချုန်းညိုညိုထဲသို့ ဝန်ထမ်းများနှင့် ဆရာ ဆရာမများကား ပုံမှန် လာနေကြရပါသည်။ စာကြည့်တိုက်နှင့် နီးကပ် လှသည့် အင်းဝဆောင်သည် ကျောင်းသားများအစား စစ်အထောက် တော်များဖြင့် ဆက်လက်စည်ကားနေပေသည်။ အင်းဝဆောင်မှ ထွက် လာသည့် မြင်နေကျမဟုတ်သော ဆရာအရွယ်၊ ကျောင်းသားအရွယ် မျက်နှာစိမ်းများကို စစ်အထောက်တော်များ ဖြစ်ကြောင်း ကျွန်မတို့ သိနေပါသည်။ စစ်အထောက်တော်တို့ကား တက္ကသိုလ် မြက်ချုန်းသာ ထဲတွင် ဆရာ၊ ဆရာမအသွင်၊ ဝန်ထမ်းအသွင်၊ ကျောင်းသားကျောင်း သူအသွင် အသွင်အမျိုးမျိုးဖြင့် ခြေချင်းလိမ်နေချိန်လည်းဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်ဝင်းထဲတွင် စစ်အထောက်တော်များနှင့် ခြံ စည်းရိုးများ ပေါများလာခြင်းကား ၁၉၈၈ အရေးတော်ပုံကြီးက ချန် ရစ်သော ဆိုးမွေများအနက် တစ်ခု ဖြစ်ပါသည်။ ထိုမှစ၍ ရန်ကုန် တက္ကသိုလ်ထဲတွင် ခြံစည်းရိုးလျော့သွားသည် မရှိ။ တိုးလာသည်သာ ရှိတော့သည်။ မနက်ဘက် ကျောင်းသို့လာချိန်တွင် အဓိပတိဂိတ်ပေါက် တစ်ခုမှ လွဲ၍ ကျန်ဝင်ပေါက်များအားလုံး ပိတ်ထားသည့် တိတ်ဆိတ် ခြောက်ကပ်နေသော မြက်ချုန်းသာထဲသို့ရောက်ရန် တစ်ကွေ့တစ်ပတ်

လမ်းလျှောက်ရပြန်သည်။ အဓိပတိလမ်းဝင်ပေါက်မှအပ တက္ကသိုလ်ထဲ ဝင်ပေါက်မှန်သမျှ သံကြိုးကြီးများရစ်ပတ်လျက် သော့ခလောက်ကြီးများ ခတ်လျက်တန်းလန်း ရှိနေသည်ကို ငေးရင်း လမ်းလျှောက်ရင်း စိတ်က အတိတ်ဆီပြန်လေ၏။

ကိုယ်တွေ တက္ကသိုလ်ကျောင်းသူဘဝတုန်းက ကျောင်းဝင်ပေါက် ထွက်ပေါက်အားလုံး တံခါးဖွင့်ထားသည်ကို ပြန်အမှတ်ရမိသည်။ မိန်းကလေးကျောင်းသူများကား ယခုခေတ်ကဲ့သို့ ဂျင်ဒါမခွဲခြားပါနဲ့ဟု (ကျား–မ မခွဲခြားပါနှင့်) အော်ဟစ်ဆူညံရကောင်းမှန်း မသိကြသေးသည့်ကာလ၊ ကျား–မ ခွဲခြင်းကို အရေးမလုပ်ခဲ့သည့် ကာလဖြစ်ရကား မိန်းကလေးဆောင်များကို ညနေ ၆ နာရီတွင် အဆောင်တံခါးပိတ်ခြင်းအပေါ် ပြဿနာမလုပ်ကြပါ။ ကျောင်းသားဆောင်များကား ၁၂ နာရီမှ ပိတ်သည်ဟု ဆိုငြားစေကာမူ တစ်ညလုံး သူတို့နည်း သူတို့ဟန်ဖြင့် ဝင်ထွက်ကြပုံရပါသည်။ လှည်းတန်းမီးပွိုင့် မရှိသေးဘဲ၊ လှည်းတန်းအဝိုင်းသာ ရှိသည့်အချိန်ဖြစ်ရာ ကျန်းမာရေးကြောင့် အဆောင်မှူးထံ ခွင့်တိုင်၍ လှည်းတန်းတစ်ဝိုက်ရှိ ဆေးခန်းများသို့သွားရသည့် ကျောင်းသူများက လှည်းတန်းအဝိုင်း မြက်ခင်းပြင်ပေါ် အခန့်သားထိုင်နေကြသည့် တက္ကသိုလ်ကျောင်းသား သကောင့်သားများကို မနာလိုဝန်တိုကြကုန်ပေ၏။

သည်တွင် သကောင့်သမီး တက္ကသိုလ်ကျောင်းသူများလည်း ကြံဖန်ထွက်ပေါက်ရှာကြပါသည်။ အဓိကကား အဆောင်နောက်ပေါက်မှ သော့ကို ဖွင့်ပေးမည့်သူနှင့် စည်းဝါးရိုက်ရပါသည်။ ထို့ကြောင့် အင်းလျားဆောင်အစောင့် ကိုသာဒွန်းကို တည့်အောင်ပေါင်းရပါသည်။ ကိုသာဒွန်း ရည်းစား ညဘက်လာရောင်းသည့် သွားရည်စာများကို အဆောင်သံတံခါးပေါက်မှ လက်လျှိုကာ ငွေပေးပစ္စည်းယူ နည်းဖြင့် ဝယ်ယူအားပေးစားသုံးကြပါသည်။ ၁၉၇၀ ပြည့်နှစ် ဝန်းကျင်တုန်းက ငွေတစ်ကျပ် နှစ်ကျပ်သည် လွန်စွာတန်ဖိုးရှိပါပေ၏။ ညနေဘက် ၆ နာရီ၌ အဆောင်နည်းပြက လူစစ်ပြီးသည်နှင့် အုပ်စုလိုက် အဆောင်မှ အသာလစ်ထွက်ကြသည်။ ထို့နောက် မာလာဆောင်ရှေ့ရှိ ကား

မှတ်တိုင်မှ အမှတ် ၉ လိုင်းကားကို ပြား ၂၀ ပေးစီးကာ မင်္ဂလာဒုံ တပ်နယ်ခန်းမမှတ်တိုင်တွင် ဆင်းကြပါသည်။ ထို့နောက် တစ်မတ်တန်း ( Stall) နှင့် ငါးမူးတန်း ( D.C.) ၂ တန်းသာ ခွဲခြားထားသည့် မင်္ဂလာဒုံတပ်နယ်ခန်းမ ရုပ်ရှင်ရုံတွင် ပြသနေသည့် မြို့ထဲ၌ မတင်ရသေးသော အသစ်စက်စက် မြန်မာရုပ်ရှင်ကားများကို ငါးမူးတန်း (stall) မှ လက်မှတ်ဝယ်ပြီး ကြည့်ကြပါသည်။ သည်တုန်းက ရန်ကုန်မြို့လယ်ကောင်တွင် ရုပ်ရှင်ရုံများရှိသော်လည်း ရုံတင်ရန်ရက်မရပါက ထိုနှစ်အတွက် အကယ်ဒမီရွေးချယ်ခံရမည့် ဇာတ်ကားစာရင်းဝင်စေရန် မင်္ဂလာဒုံတပ်နယ်ခန်းမ ရုပ်ရှင်ရုံတွင် အသစ်စက်စက်ကားများကို ရုံတင် ပြသခြင်း ဖြစ်ပါသည်။

ရုပ်ရှင်ပြီးချိန် ၈ နာရီကျော်တွင် ရရာ အမှတ် ၉ ကားကို တက်စီးပြီး ဂျပ်ဆင်ပေါက်မှ ပြန်ဝင်ကြပါသည်။ အဆောင်ရောက်လျှင် ကိုသာဒွန်းကို အချက်ပေးလိုက်သည်။ ကိုသာဒွန်းက အဆောင်မှူးနှင့် အဆောင်နည်းပြများ၏ အရိပ်အခြေကို ကြည့်ပြီး အဆောင်နောက်ပေါက်ကို လာဖွင့်ပေးပါသည်။ အဆောင်ထဲသို့ ပြိုင်တူမဝင်ဘဲ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ဝင်ပြီး ခပ်တည်တည် အိပ်ရာဝင်ကြပါသည်။

သည်တုန်းကများ ဂျပ်ဆင်တံခါးပေါက်ဆိုတာလည်း ဟောင်းလောင်း။ ရာမညဆောင်ရှေ့က တံခါးပေါက်ဆိုတာလည်း ဟောင်းလောင်း။ စစ်ကိုင်းဆောင်ရှေ့က တံခါးပေါက်ဆိုတာလည်း ဟောင်းလောင်း။ ပုဂ်လမ်းဝင်ပေါက်ဆိုတာလည်း ဟောင်းလောင်း။ အီကိုတံခါးပေါက်ဆိုတာလည်း ဟောင်းလောင်း။ ဘယ်တံခါးပေါက်က ဝင်မလဲ မြကျွန်းသားထဲသို့ ဝင်စရာများလှပါဘိဟု တွေးရင်း တစ်နေ့တစ်နေ့ စာကြည့်တိုက်မှ အဓိပတိလမ်းထိပ်ဝသို့ထွက် ထိုမှတဖန်လှည်းတန်းထိ လမ်းလျှောက်ရသည့်ခရီးကို စိတ်ပျက်မိပါသည်။ သည့်ထက် ပို၍ စိတ်ပျက်ဖွယ်ရာကား အစပထမ ဂိတ်ပေါက်များကိုသာ ပိတ်သည်။ နောက်ပိုင်း ပရဝဏ်ထဲရှိ နေရာများကို အစိတ်အပိုင်းလိုက် ခြံစည်းရိုးခတ်လိုက်၊ တံခါးတပ်သော့ပိတ်လိုက် လုပ်လာပါတော့သည်။

သို့ဖြင့် ဂျပ်ဆင်နောက်ကျောဘက်ကို ခြံစည်းရိုးခတ်လိုက်ပြန်ပါသည်။ ထိုနောက် ရွှေဘိုဆောင်နှင့် ဂျပ်ဆင်ဘက်ခြမ်း ကူး၍မရစေရန် ရွှေဘိုဆောင်ရှေ့ဘက်ခြမ်းကို ခြံခတ်လျက် တံခါးပေါက်ကို သံကြိုးချည် တုပ်နှောင်လျက် သော့ခတ်ထားပြန်ပါသည်။ ကျောင်းသူ၊ ကျောင်းသား ဟောင်းလောင်းဖြစ်နေသည့် မာလာဆောင်၊ တောင်ငူဆောင်၊ ရာမညဆောင်၊ မွန္တလေးဆောင်စသည့် အဆောင်များလည်း စာသင်ဆောင်များဘာဝသို့ ပြောင်းကြရလျက် ဝင်းခြံအသီးသီး အခတ်ခံရကာ လွတ်လပ်မှုပျောက်ဆုံးကြရရှာပါသည်။

အပန်းဖြေရိပ်သာ (အာစီ) ထဲရှိ သင်္ချာအသင်း၊ ဓာတုဗေဒအသင်း၊ မြန်မာစာအသင်း စသည့် ဘာသာရပ်အသီးသီးက ဖွင့်ထားသည့် အမှတ်တရပစ္စည်းဆိုင်လေးများ၊ အနုပညာအသင်းနေရာများလည်း ပျောက်ကွယ်ကြရရှာသည်။ ထိုနေရာများသို့ မိတ္တူကူးဆိုင်များ အစားဝင်ရောက်လာကြပါသည်။ ယခင်က ကြားနေကြ ပတ္တလားသံ၊ စောင်းသံ၊ သီချင်းသံ၊ အကတိုက်သံများ ဆိတ်သုဥ်းလျက် မိတ္တူစက်လည်ပတ်သံနှင့် မိတ္တူဆေးနံ့များ လှိုင်နေသည့် နေရာဖြစ်လာပေသည်။

မှတ်မှတ်ရရ ၁၉၇၄ ခုနှစ်တုန်းက တက္ကသိုလ်ပရဝဏ်တစ်ခုလုံးရှိ ကံ့ကော်ပင်အားလုံး အရွက်များပျောက်မတတ် ကံ့ကော်များပန်းပွင့်ခဲ့ကြပါသည်။ ကံ့ကော်ပန်းတွေ ဖွေးဖွေးလှုပ်ပွင့်ကြသည့်အချိန်ကား နှစ်စဉ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလ ၂ လ။ စက်တင်ဘာတွင် ကျွန်မတို့ ကျောင်းတော်ကြီးအား အပြီးနှုတ်ဆက်ရသည်။ တစ်ဖန်ကျောင်းထဲ ပြန်ခြေချရသည့် ၁၉၇၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ မြကျွန်းညိုတခိုလုံး ပင်ရွက်ဖုံးမျှ ကံ့ကော်အလှတို့ ရနံ့ဖြာသင်း ပွင့်အာခြင်းကို တစ်ကြိမ်မျှ ထပ်မကြုံခဲ့ရတော့ပေ။ မြကျွန်းညို မညိုနိုင်တော့ဘဲ လူသူခြောက်ကပ်ကပ် ခြံစည်းရိုးအထပ်ထပ် သော့ခလောက်တန်းလန်းများစွာ ရှိနေခြင်းကပင် ကံ့ကော်ပင်တို့ ငိုချင်လျက်လက်တို့ ဖြစ်လျက် မပွင့်ချင် ပွင့်ချင် ဝတ္တရားကျေရုံသာ ပွင့်ပေးစေလေသလား။

ကံ့ကော်များပွင့်ပြီဆိုလျှင် ကိုယ်တွေ မကြုံလိုက်ရသည့် ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခချုပ်ဒေါက်တာသာလှကို တမ်းတမိပါ

သည်။ ဆရာသာလှသည် ရန်ကုန်တက္ကသိုလ်ပါချုပ်များထဲတွင် စိတ်ဝင်စားဖွယ်ကောင်းလှသူ ဖြစ်ပါသည်။ ဖြူဖြူချောချော ဒေါက်တာသာလှသည် ကုံကော်ပန်းများကို အမြတ်တနိုး တန်ဖိုးထားကြောင်း ဆောင်းပါးတစ်ပုဒ်အရ သိခဲ့ရပါသည်။ တစ်နေ့တွင် တက္ကသိုလ်ကျောင်းသားတစ်ယောက် ကုံကော်ပန်းခူးနေသည်။ ဆရာသာလှက "မောင်ရင် ပန်းမခူးရဘူးဆိုတာ မသိဘူးလား။" သကောင့်သားကား ရည်စားကို ပေးရန်ခူးနေခြင်း ဖြစ်သည်။ ဆရာက ဈေးထဲက ဝယ်ပေးကွာ။ နောက်မခူးနဲ့ဟု ဆိုပါသတဲ့။

တစ်နေ့တွင် ကျောင်းသားများ မြို့တော်ခန်းမရှေ့၌ ဆန္ဒပြကြသည်။ ပါမောက္ခချုပ်ဒေါက်တာသာလှက ကားမောင်းပြီး မြို့တော်ခန်းမရှေ့သို့ ရောက်လာသည်။ သူ့ကားအဖုံးပေါ်တက်ရပ်လိုက်ပြီး ကျောင်းသားထုကို ဒေါက်တာသာလှက တရားဟောသည်ဆို၏။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဤကဲ့သို့ ရဲရဲတောက် ပါမောက္ခတစ်ယောက်မျှ ပေါ်ထွန်းမလာတော့ပါ။

တက်လာသမျှ ပါမောက္ခတို့ကား တက္ကသိုလ်အစဉ်အလာ ပွင့်လင်းလွတ်လပ်ခြင်း၊ အနှောင်အဖွဲ့ကင်းခြင်းကို ပြန်မဖော်ဆောင်ပေးနိုင်ကြဟန် တူသည်။ သူတို့ကို အပြစ်မတင်ပါ။ နေရာတကာ လုံခြုံရေးဆိုသော အသံ ဘဝင်ညံနေချိန်တွင် အဘယ်ပါမောက္ခသည် အကာအရံ ခြံစည်းရိုးများကို ဖယ်ရှားရဲပါမည်နည်း။ အဘယ်ပါမောက္ခသည် တံခါးပေါက်များအား ရစ်ပတ်ထားသည့် သံကြိုးများအားဖြည်လျက် သော့ခလောက်များအား ရိုက်ချိုးရဲပါမည်နည်း။ မနေ့တစ်နေ့ကမှ ဆောက်လုပ်ပြီးစီးသည့် ပင်လုံဆောင်သည်ပင် အဆောက်အအုံဖြစ်သည်နှင့် ခြံစည်းရိုးတွင်းသို့ ရောက်ရှိသွားပါတော့သည်။

၂၀၁၁ ခုနှစ်မှ စ၍ ယခင်က ပိတ်ထားသမျှ ဂိတ်ပေါက်များအနက် တစ်ဂိတ်စ နှစ်ဂိတ်စ ပြန်ဖွင့်ပေးခဲ့ပါသည်။ ယနေ့ ၂၀၁၉ ခုနှစ်တွင် ဂိတ်တံခါးတချို့ ထပ်ပွင့်လာသော်လည်း ကိုယ်တွေ ကျောင်းသူဘဝတုန်းက ပွင့်လင်းနေသည့် တက္ကသိုလ်ပရဝဏ်အဖြစ်နှင့်ကား တခြားစီဖြစ်ခဲ့ပါပြီ။ တက္ကသိုလ်ပရဝဏ်ထဲတွင် အစိတ်စိတ်အပိုင်းပိုင်း

တားထားသည့် စည်းရိုးများ၊ သော့ခလောက်များ၊ သံကြိုးများ၊ ဌာနတိုင်းတွင် စိုက်ထူထားသည့် သံပန်းတံခါးများ အတားအဆီးများသည် ကမ္ဘာ့အလယ်ရှိ တက္ကသိုလ်များအနက် အဆင့် ဘိတ်နားကပ်နေသည့် အဖြစ်သို့ရောက်ခဲ့ပေပြီ။ ဒုတိယကမ္ဘာစစ်မတိုင်မီက အာရှမှ လူချမ်းသာသားသမီးများ လာရောက် ပညာသင်ကြားရာ တက္ကသိုလ်ဆိုသည့် ဂုဏ်ပုဒ်များကား သံကြိုးအထပ်ထပ်ရစ်ပတ်ထားသည့် ဂိတ်တံခါး သော့ပိတ်ထားသည့်အထဲ အတူလှောင်ပိတ်ကျန်ရစ်လေပြီ။

၁၉၈၈ ခုနှစ်နောက်ပိုင်း တိတ်ဆိတ်ခြောက်ကပ်၍ ခြံစည်းရိုးအထပ်ထပ်ကြားသို့ ကျရောက်ခဲ့သော အမိရန်ကုန်တက္ကသိုလ်ခများ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ချည်နှောင်ထားသည့် တချို့သံကြိုးများ ဖြေလျော့၍ တချို့ ဂိတ်တံခါးပေါက်များ ပြန်ပွင့်လာကြသော်ငြား အပိုင်းပိုင်းပြတ်နေသည့် ခြေလက်တို့ကို ကျောက်ပတ်တီး စည်းနှောင်ထားသည့်နှယ် ခြံစည်းရိုးများ၊ သော့ခလောက်များနှင့် သံကြိုးများကြားတွင် အမိမြကျွန်းညို တည်ရှိနေဆဲ။ တက္ကသိုလ်မြေပရဝုဏ်တွင်းရှိ ကံ့ကော်ပင်များ ရွက်ပျောက်ဖုံးမျှ ပွင့်အန်ဝေဆာ မပြခဲ့ကား ကြာခဲ့ပြီ။ ၁၉၇၄ ထိတိုင် နှစ်စဉ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် တွေ့ကြုံခဲ့ရမြဲ ဖြစ်သော မြူနှင်းဝေဆိုင်း ပတ်ခြုံသိုင်းထားသည့် မြကျွန်းညိုထဲ သင်းပျံ့လာသည့်ကံ့ကော်ပန်းရနံ့တို့ကို ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ တစ်ခါမျှ မရှူရှိုက်ခဲ့ရတော့ပါ။ သို့သော် အမိမြကျွန်းညို့အသက် ရာပြည့်လေပြီ။ ■

ခင်နှင်းဦး

# နင်းဝေ့ညချမ်း လွမ်းဖွယ့်ဆည်းဆာ

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၏ အမရဆောင်ရှေ့ ဂိတ်တံခါးမှဝင်လျှင် အဆောင်သို့သွားရာ ကွန်ကရစ်လမ်း၏ တစ်ဝက်လောက်တွင် အဆောင်ဝင်းဘက်ခြမ်းရှိ ငုက်ပျောတော အုပ်အုပ်အတွင်းသို့ ချိုးကွေ့သွားသော မြေသားလမ်းဖုံဖုံလေးတစ်လမ်းကို တွေ့ရပါလိမ့်မည်။ ထိုလမ်းလေးအတိုင်း ဝင်သွားလျှင် မည်သည့်ဆိုင်းဘုတ်မှ တပ်မထားသော အုတ်ကြွပ်မိုးတစ်ထပ်တိုက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ဘွားခနဲ မြင်ရပါမည်။ ဘွားခနဲဟု ဥပမာပြုရခြင်းမှာ ငုက်ပျောပင်များ အကာအကွယ်ဖြင့် ဆိုင်အနီးရောက်မှသာ ဆိုင်လေးကို တွေ့မြင်နိုင်သောကြောင့် ဖြစ်ပါသည်။ ယင်းမှာ တက္ကသိုလ်ကျောင်းသား စာသမားတို့ စုဝေးရာ ဦးချစ်ဆိုင် ဖြစ်ပါသည်။

ဦးချစ်ဆိုင်မှာ တက္ကသိုလ်ပရဝုဏ်အတွင်းရှိ စားသောက်ဆိုင်တန်း canteen များနှင့် မသက်ဆိုင်ဘဲ သီးခြားတစ်နေရာတွင် ထီးတည်းတည်ရှိနေသည်။ ထို့ကြောင့်ပင် လွတ်လွတ်လပ်လပ် စကားပြောလိုသော၊ ဆွေးနွေးတိုင်ပင်လိုသော၊ ငြင်းခုံညှိနှိုင်းလိုသော တက္ကသိုလ်စာပေသမားလူငယ်များ၏ စုဝေးရာနေရာ ဖြစ်ခဲ့သည်။

ဦးချစ်ဆိုင်ကို အုပ်မိုး၍ အရိပ်ပေးထားသော တောင်ပိန္နဲပင်ကြီးနှင့် ဗာဒံပင်ကြီးများ၊ ဆိုင်မြင်ကွင်းကို မျက်ကွယ်ပေးထားသော ငုက်ပျောတောကြီး၏ ရွက်စိမ်းဖားဖားများကြောင့် ဦးချစ်ဆိုင်ထိုင်သူ

များမှာ သီးခြားကမ္ဘာတစ်ခု၏ စုဝေးရောက်ရှိနေကြသော ဂြိုဟ်သားများသဖွယ် ဖြစ်နေပါတော့သည်။

* * *

ဦးချစ်ဆိုင်ဟု အများကသိကြသော်လည်း ထိုဆိုင်၌ မည်သည့် အမည်ဆိုင်းဘုတ်မျှ ချိတ်ဆွဲထားခြင်း မရှိပါ။

တစ်ထပ်အုတ်တိုက် လက်ဖက်ရည်ဆိုင်လေး၏ မျက်နှာစာ အုတ်ပေါက်များပေါ်တွင် တက္ကသိုလ်ကျောင်းသား ကဗျာဆရာများ၏ ကျောက်ပုံနှိပ်ကဗျာစာအုပ် ကြော်ငြာပိုစတာများကသာ မင်းမှူထားပါသည်။ အလျင်ဦးသော စာအုပ်ကြော်ငြာများက အရင်နေရာယူ ကပ်ထားကြပြီး တစ်ပတ်ခန့်ရှိလျှင် နောက်ထွက်လာသော ကဗျာစာအုပ်ကြော်ငြာများက ကြောင်ငြာဟောင်းများပေါ် ထပ်အုပ်၍ ကြော်ငြာကပ်ကြပြပါသည်။ ကဗျာရေးသူများအကြား ဘာမျှ ပြဿနာမရှိ။ နားလည်မှုအပြည့်။ ဦးချစ်ဆိုင် လာထိုင်ကြသော ကျောင်းသားအများစုမှာ စာပေသမား ကျောင်းသားများ၊ အနုပညာဝါသနာရှင် ကျောင်းသားများသာမက နိုင်ငံရေးကိုစိတ်ဝင်စား၍ နိုင်ငံရေးလှုပ်ရှားမှု ပြုလုပ်လိုစိတ်ထက်သန်သော ကျောင်းသားများလည်း ပါဝင်နေသည်။ ထို့အပြင် ကျောင်းသားအရေးကိစ္စများကို စုံစမ်းရသည့် ထောက်လှမ်းရေးကျောင်းသားများနှင့် သတင်းပေးတစ်ပိုင်း ကျောင်းသားများလည်း ရိုးရိုးတန်းတန်းလာသော ကျောင်းသားများနှင့် ဆတူနီးပါး ရောက်လာလေ့ရှိကြသည်။ သို့သော် ကျောင်းသားများက ၎င်းတို့ကို ရိပ်မိသိရှိနေကြပြီး အထူးသတိထား ဆက်ဆံကြလေသည်။

ထိုစဉ်က ဦးချစ်ဆိုင်ကို ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် စာပေသမားကျောင်းသားများသာမက တိမ္မေး/ကု တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ်တို့မှ ကျောင်းသားစာပေသမားများလည်း လာရောက်ထိုင်လေ့ရှိကြသည်။ အများစုမှာ ကဗျာဆရာများ ဖြစ်ကြသည်။ စာပေပညာရှင် တက္ကသိုလ်ဆရာများ

ကလည်း ဦးချစ်ဆိုင်တွင် အုပ်စုဖွဲ့လေ့ရှိကြသည်။ စာပေပညာရှင် ဆရာများဖြစ်ကြသော ငြိမ်းကျော်၊ မောင်ဇော်(ဇော်ဇော်အောင်)၊ တက္ကသိုလ်မင်းမော်၊ မောင်စံဖော်၊ အောင်သင်း (ကျော်ဇော်မော်ဖော်သင်း) တို့သာမက ဦးသန်း (မဟာဝိဇ္ဇာ)၊ မောင်ဟုန်ဝမ်၊ မြဝင်း(ဒဿန) အစရှိသူ ဆရာအပေါင်းကို ဦးချစ်ဆိုင်တွင် မကြာမကြာ တွေ့ရသည်။

တက္ကသိုလ်ပြင်ပမှ စာပေသမားများကလည်း တက္ကသိုလ်ကျောင်းသားစာပေသမားများ၊ စာပေပညာရှင်ဆရာများနှင့် တွေ့ဆုံရန် ဦးချစ်ဆိုင်ကို ရောက်လာလေ့ရှိကြသည်။ အထူးသဖြင့် ကဗျာဆရာများဖြစ်ကြပြီး သစ္စာနီ၊ သိဒ္ဓတ္ထလှိုင် (သုခမိန်လှိုင်)၊ အောင်ချိမ့် စသူတို့ဖြစ်သည်။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် စာပေသမားများအတွက်မူ ဦးချစ်ဆိုင်သည် စာပေတက္ကသိုလ်ပင် ဖြစ်သည်။ စာရေးသက်ပိုရင့်သော အစ်ကိုတော်များထံမှ စာပေအတွေ့အကြုံများ ကြားနာရသည်။ စာပေသဘောတရားများ သင်ယူရသည်။ ရွယ်တူသူငယ်ချင်းများနှင့် အတွေ့အကြုံ ဖလှယ်ရသည်။ စုပေါင်းကဗျာစာအုပ်ထုတ်ဝေရန် ညှိနှိုင်းတိုင်ပင်ကြရသည်။ နွေဆိုလျှင် ဥသြသံချိုချိုကို ဦးချစ်ဆိုင်စားပွဲမှာထိုင်ရင်း အရသာခံနိုင်သည်။ လွမ်းဖွယ်ပင်။

အမှန်စကားဆိုရလျှင် စာရေးသူသည် ဤရသစာတမ်းကို အေးအေးငြိမ်းငြိမ်းနှင့် အဆုံးသတ်လိုက်ချင်ပါသည်။ သို့သော် ထိုသို့ဖြစ်လာရန် အခွင့်မသာခဲ့ပါ။

* * *

ဦးသန့် ကွယ်လွန်ကြောင်း သတင်းကြားရသည်။ မြန်မာပြည်သို့ ရုပ်ကလာပ်ကို ပြန်လည်ယူဆောင်၍ သင်္ဂြိုဟ်မည်ဟု ကြားရသည်။ ကျောင်းသားလူငယ်အများစုက ကမ္ဘာကျော်ဦးသန့်ကို သူလိုကိုယ်လို မထင်မရှား အဖြစ်မခံနိုင်ကြ။ ဦးသန့်ရုပ်ကလာပ် ပြန်လည်ရောက်ရှိလာသောနေ့တွင် တက္ကသိုလ်ကျောင်းသားများ စုစည်း၍ ဦးသန့်ရုပ်ကလာပ်ကို ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင်းသို့ သယ်ဆောင်လာ

ခဲ့ပြီး ဘွဲ့နှင်သဘင်ခန်းမတွင် နေရာချထားသည်။ ကျောင်းပတ်လည်မှ ဂိတ်တံခါးများကို ပိတ်လိုက်ကြပြီ။ ကျောင်း၏ နေရာအနှံ့အပြား ခွပ်ဒေါင်းအလံများ တလူလူလွင့်။ ဘွဲ့နှင်သဘင်ရှေ့တွင် တရားပွဲများ တခြိမ့်ခြိမ့်။ တက္ကသိုလ်ကျောင်းဝင်းအတွင်း ရဟန်းသံဃာ ပြည်သူတို့ ဖွေးဖွေးလှုပ်။

* * *

သပိတ်မှောက်ကာလအစောပိုင်းတွင် ဦးချစ်သည် သူ၏ဆိုင်ကိုပိတ်၍ ကျောင်းဝင်းအပြင်ဘက်သို့ ပြန်ထွက်ရန် စီစဉ်လေသည်။ သူ့ဖောက်သည် ကျောင်းသားများက ဝိုင်းဝန်းတောင်းဆိုမှုကြောင့် သပိတ် နောက်ဆုံးဖြိုခွဲခံရသည့် အချိန်ထိ ကျောင်းသားများနှင့်အတူ ရှိနေခဲ့ရရှာသည်။

သပိတ်ကာလတစ်လျှောက်လုံး ကျောင်းသားခေါင်းဆောင်အချို့နှင့် တက်ကြွသောကျောင်းသားများသည် ဦးချစ်ဆိုင်၌ စခန်းချ၍ တိုင်ပင်ကြ၊ ဆွေးနွေးကြသည်။ ကြေညာစာတမ်းများ ရေးကြသည်။ ကျောက်ပုံနှိပ်ကဗျာစာအုပ်များ၊ သတင်းစာစောင်များထုတ်ဝေရန် ပြင်ဆင်ကြသည်။ ရှေ့လုပ်စဉ်များကို ဆုံးဖြတ်ကြသည်။

ဦးချစ်က ထိုကျောင်းသားလူငယ်များအတွက် လက်ဖက်ရည်တစ်အိုး၊ ကော်ဖီတစ်အိုး အမြဲအသင့်ရှိနေရန် စီစဉ်ပေးထားသည်။ လိုအပ်သောအချိန်တိုင်း ထမင်းကြော်ကြော်ပေးသည်။ ခြူးနီ မတင်နု (ပဲခူး) ဆေးပေါ့လိပ်စည်း မပြတ်စေရ။ အားလုံး မေတ္တာဖြင့်။

ဦးသန့်အရေးအခင်း ဖြိုခွဲခံလိုက်ရသောအခါ အရေးအခင်းကာလတစ်လျှောက်လုံး ကျောင်းသားများကို မေတ္တာဖြင့်စောင့်ရှောက်ခဲ့သော ဦးချစ်နှင့်တကွ ဦးချစ်၏မိသားစုဝင်အချို့၊ ဦးချစ်ဆိုင်မှ အလုပ်သမားအချို့မှာ ကျောင်းသားများနှင့်အတူ အထိန်းသိမ်းခံခဲ့ရလေတော့သည်။

* * *

ဦးသန့်အရေးအခင်းကာလ အထွတ်အထိပ်ရောက်နေချိန်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ကျောင်းသားကဗျာဆရာ ၃ ဦးသည် ဦးချစ်လက်ဖက်ရည်ဆိုင်မှာ ထိုင်နေရင်း ကျောက်ပုံနှိပ်ကဗျာစာအုပ် တစ်အုပ် ထုတ်ဝေရန် တိုင်ပင်ခဲ့ကြသည်။ ထိုကဗျာစာအုပ်၏ အမည် ကို "နှင်းဝေ့ညချမ်း လွမ်းဖွယ့်ဆည်းဆာ" ဟု အမည်ပေးခဲ့ကြသည်။ သို့သော် ထိုကျောက်ပုံနှိပ်ကဗျာစာအုပ်မှာ မည်သည့်ကာလတွင်မှ ထွက်လာနိုင်တော့မည် မဟုတ်ချေ။ ■

မောင်ပြည့်မင်း

# မှုးရစ်ဝေသော နွေဦးညများ

ဘဝမှာ ရွှေရောင်တောက်ခဲ့တဲ့
ကောလိပ်နေ့ရက်များ ..

(ခင်ဝမ်း)

(က)

ဒီသာပါမောက္ခဆရာကြီး၊ တက္ကသီလာ အစရှိသည့် ဝေါဟာရ ၂ ခုကို အမြဲတွဲ၍ ငယ်စဉ်ကဖတ်ရသော ပုံပြင်များ၊ ရုပ်ပြကာတွန်းများ၊ ဗုဒ္ဓဝင်ရုပ်စုံများတွင် မကြာခဏတွေ့ရသဖြင့် ရင်းနှီးနေနှင့်သည်။ နောက်တော့ တက္ကသီလာမြို့ကျွန်းသာ၊ နောက်တော့ မြို့ကျွန်းညိုညို တက္ကသိုလ်မှာ အစရှိသည့် စာသားများပါသည့် သီချင်းကို ငယ်ဘဝ အဖေဖွင့်သောရေဒီယိုမှ နံက်ချိန်ခါတေးသံသာများအဖြစ် ကြားရဖန်များပြီး နားယဉ်လာရာမှ တက္ကသိုလ်ဆိုတဲ့ နေရာဌာနတစ်ခုကို စိတ်အာရုံထဲမှ မှတ်မှတ်သားသား ဖြစ်လာခဲ့သည်ဟု ထင်ပါသည်။ အလယ်တန်းကျောင်းသားဘဝ စာစုံဖတ်လာတော့ တက္ကသိုလ်နောက်ခံ အချစ်ဝတ္ထုကြီးများ၊ ထိုမှတစ်ဆင့်တက်၍ တက္ကသိုလ်နောက်ခံ နိုင်ငံရေးလှုပ်ရှားမှု ဝတ္ထုကြီးများ၊ ဆယ်ကျော်သက်အရွယ်မှာ တက္ကသိုလ်နောက်ခံ အချစ်ရုပ်ရှင်ဇာတ်လမ်းများက မိမိအား တက္ကသိုလ်နယ်မြေဆိုတာကို

မက်ခြိုက်ဖို့ စိတ်ပိုင်းဆိုင်ရာ တွန်းအားတွေဖြစ်ပေါ်လာခဲ့သည်ဟု ယူဆမိပါ၏။

၁။

၁၉၅၅ ခုနှစ် ဆယ်တန်းအောင်မြင်ပြီး တက္ကသိုလ်သို့ စတက်ခွင့်ရသည့်နှစ်တွင်မူ တက္ကသိုလ်ဆိုသည့် ဘူမိနက်သန် နေရာမှန်ကြီးသည် ဖတ်ထားသော စာများ၊ ကြည့်ထားသော ရုပ်ရှင်များ၊ စိတ်အတွေးမှာ တည်ဆောက်မိထားသည့် အာရုံရုပ်များအရ အလွန်ခမ်းနားကြီးကျယ်မြင့်မြတ်သည့် နေရာတစ်ခု ဖြစ်နေပေပြီ။ ပြီးတော့ ထိုမြင့်မြတ်သည့်နေရာမှာ သွေးစွန်းခဲ့သည့် ဖြစ်ရပ်များကလည်း ရက်ဖောက်လျက်ပေ့ါ။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးအစိုးရတက်ပြီး ဇူလိုင်လမှာ နှိပ်ကွပ်ခံခဲ့ရသည့် ဆဲဗင်းဂျူလိုင်အရေးအခင်း ဖြစ်ပွားစဉ်က မိမိမှာ ၂ တန်းကျောင်းသားအရွယ်မျှသာ ရှိသေးသည်။ သို့သော် နယ်မှ ၉ တန်းလာတက်သော အစ်ကိုဝမ်းကွဲမှတစ်ဆင့် ဆဲဗင်းဂျူလိုင်အဖြစ်ဆိုးကို တစ်စွန်းတစ်စ ကြားဖူးခဲ့သည်။ ကိုယ်တိုင် အထက်တန်းကျောင်းသားဘဝမှာ ဦးသန့်အရေးအခင်းကို မျက်ဝါးထင်ထင်ကြုံရတော့ မုန်းတီးရွံ့ရှာမှုနှင့်အတူ တက္ကသိုလ်ကို ပို၍ချစ်သွား၊ ပို၍နစ်စွဲသွားတော့သည်။ တက္ကသိုလ်ကျောင်းသားတစ်ယောက် မဖြစ်သေးတဲ့ အထက်တန်းကျောင်းသားတစ်ယောက်အနေနဲ့ ဦးသန့်အရေးအခင်းဟု ရာဇဝင်တွင်ခဲ့ရာ အဖြစ်အပျက်ကြီးတစ်ခုထဲ ပုရွက်အုံထဲက ပုရွက်တစ်ကောင်လို ပါဝင်ခဲ့ဖူးတာ ယနေ့တိုင် မေ့မရနိုင်သေးပါ။ ပထမတော့ ဘွဲ့နှင်းသဘင်ရှေ့က တရားဟောစင်ရှေ့မှာ လူအုပ်ကြီးထဲမှာ ကြက်သီးမွေးညင်း ထခမန်း နိုင်ငံရေးတရားတွေကို တမေ့တမောနာယူနေရာက တဖြည်းဖြည်း ငြီးငွေ့လာပြီး အဓိပ္ပာယ်ရှိသည့် ထိရောက်သည့် ''အလုပ်'' တစ်ခုခုလုပ်လိုစိတ် ပေါက်လာသည်။ ဖတ်ထားသောစာများအရလည်း အကျိုးရှိ၊ အကျိုးမဲ့ ခွဲခြားသိရမည့် ဆင်ခြင်တုံတရားက မသိမသာ ကိုယ့်ကို သတိပေးတာလည်း ဖြစ်မည်။ သို့နှင့်တရားဟောစင် (မှတ်မိသလောက် ဘွဲ့နှင်းသဘင် ပေါ်တီကိုအမိုးကို

တရားဟောစင် လုပ်ထားသည်ဟုထင်) ကို ကျောခိုင်းခဲ့ပြီး အရေးကြီးသည့် လုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့ငယ်လေးများအနက် ဘယ်အဖွဲ့ငယ်ထဲ ဝင်ရောက်လုပ်အားပေးရလျှင် ကောင်းမည်နည်းဟု စေ့ငုကြည့်ရာ၊ သံချောင်းများအုတ်များ ဘိလပ်မြေများ သယ်နေသည့် အဖွဲ့တစ်ဖွဲ့အား တွေ့မိသည်။ ဘယ်ကသယ်၍ ဘယ်ကိုပို့ကာ ဘာလုပ်ဖို့လဲဟု နီးရာ လူကို စူးစမ်းရာမှ တကာသအဆောက်အအုံ ဖြိုဖျက်ခံထားရသည့် ကွက်လပ်ရှိ ဗိုလ်အောင်ကျော်အုတ်ဂူဘေးတွင် ဦးသန့်အုတ်ဂူပြုလုပ်ရန် ဖြစ်ပြီး စာကြည့်တိုက်အသစ်ဆောက်မည့် နေရာမှာ ပုံထားသည့် သံချောင်း၊ အုတ်၊ ဘိလပ်မြေများကို သယ်ယူပို့ဆောင်နေကြကြောင်းသိရရာ ခေါင်းထဲ လက်ကနဲဖြစ်ပြီး "ဒါ ငါဝင်လုပ်ရမယ့် အလုပ်ပဲ" သေချာသွားလေ၏။

၂။

ပြောခဲ့ပြီးသော အဖြစ်အပျက်ကလေးမှာ မိမိယခုရေးလိုသော တက္ကသိုလ်အကြောင်း စာတစ်ပုဒ်၏ အဓိကဦးတည်ချက် မဟုတ်ပါ။ စကားကြုံသဖြင့် ကွေ့ပိုက်သွားခြင်းသာဖြစ်ပါ၏။ ဆက်ရလျှင် ကလေးဘဝကစပြီး ကြားဖူးနားဝရှိခဲ့သည့် တက္ကသိုလ်လာကနေ တက္ကသိုလ်ဆိုတာကို နေရာဌာနတစ်ခုအနေနဲ့ သိလာ၊ အဲဒီနေရာဌာနဟာ နာကျင်စရာနဲ့တွဲပြီးမှ ချစ်မက်စရာ မြတ်နိုးစရာ တောင့်တအပ်ရာ နေရာဌာနတစ်ခုလို့စိတ်အာရုံထဲ အမြစ်တွယ်လာခဲ့ပါ၏။ မှတ်မှတ်ရရ ဦးသန့်အရေးအခင်း မဖြစ်မီလောက်က တက္ကသိုလ်မှ ဘွဲ့ရပြီး စံရိပ်ငြိမ် ၅ လမ်းတွင် စာအုပ်အငှားဆိုင်ဖွင့်ထားသည့် အစ်ကိုဝမ်းကွဲ ဖြစ်သူကို အကြောင်းပြုပြီး တက္ကသိုလ်ကျောင်းဝင်းထဲမှ နာမည်ကျော် ဦးချစ်လက်ဖက်ရည်ဆိုင်သို့ ရောက်ဖူးခဲ့ပါ၏။ ပထမဦးဆုံးတက္ကသိုလ်မြေကို ခြေချဖြစ်ခြင်းဟုလည်း ဆိုနိုင်ကောင်းပါ၏။ သို့သော် ထိုစဉ်အခါက ဦးချစ်ဆိုင်သည် တက္ကသိုလ်၏ ပုံရိပ်တစ်ခုအဖြစ်၊ သမိုင်းဝင်နေရာကလေးတစ်ခုအဖြစ် မသိမှတ်ခဲ့ပါ။ နောင်အခါ ငြိမ်းကျော်၏ "ပဥ္စမမြောက်ဆောင်းရက်များ" ဝတ္ထုကိုဖတ်ရတော့မှ ယင်းဝတ္ထုအကြောင်း

စိနီယာအကိုကြီးများနှင့် စကားစပ်မိရာတွင် ကိုယ်ရောက်ဖူးသည့် ဦးချစ်ဆိုင်နေရာလေးကို ဓာတ်တည်ထားမှန်း သိရသည့်အပြင် ဦးချစ်ဆိုင်ဌာနကို ထိုအခါမှပင် အစ်ကိုကြီးများထံမှ ကြားနာသိရှိခဲ့ရပါသည်။ နောင် တက္ကသိုလ်ရောက်တော့ ဦးချစ်ဆိုင်မှာ တခုတ်တရ သွားထိုင်ပြီး လက်ဖက်ရည်သောက်ရတာကပင် ဘဝင်မြင့်စရာ၊ ဂုဏ်တက်စရာ တစ်ခုနှယ် သွေးနားထင်ရောက်နေပေတော့သည်။

၃။

"ဦးချစ်ဆိုင်" ဆိုလို့ ထိုဆိုင်နဲ့ပတ်သက်တဲ့ မှတ်မှတ်ရရ ပြောစရာတွေချည့်ရေးလျှင်ပင် စာတစ်ပုဒ်ကောင်းကောင်း ရနိုင်ပါ၏။ ထိုအထဲမှတစ်ခုကိုတော့ ဖော်ပြချင်ပါသေးသည်။ တက္ကသိုလ်ဒုတိယနှစ်မှာ ဖယောင်းလက်ရေးစာအုပ်ကလေးတွေ လုပ်ဖြစ်သည့်အထဲက "အချစ်ရှိသော အကြည့်များ၌" တစ်ကိုယ်တော် လုံးချင်းကဗျာစာအုပ်ထုတ်ဖြစ်တော့ သူငယ်ချင်းတွေ ရေးပေးသည့် ပိုစတာကလေးကို ဦးချစ်ဆိုင်မှာ ကပ်ဖို့သွားခဲ့ရာ၊ လက်ဖက်ရည်မှာသောက်ရင်း အရှိန်ယူနေခဲ့ရပုံ။ စိတ်ကို မနည်းတင်းပြီး လူအနည်းငယ် ရှင်းသည့်အခိုက်ဝယ် ပိုစတာနောက်ကျောကို ကမန်းကတန်း ကော်သုတ်ပြီး မူလကတည်းက ရည်မှန်းချိန်တွယ်ထားသည့်နေရာတွင် ကပ်ရန် ထသွားပုံ။ တစ်ဝိုင်းကျော်မှ ဆံပင်ရှည်နှင့် လူငယ်တစ်ယောက်ကလည်း ကိုယ်ကပ်မည့်နေရာမှာ ပိုစတာတစ်ခု ကပ်ဖို့အလာ ၂ ယောက်သား အိုးတိုးအမ်းတမ်း ဖြစ်မိကြပုံ။ တစ်ယောက်ကိုတစ်ယောက် ဦးစားပေးကာ "ခင်ဗျား ကပ်ပါ၊ ရပါတယ် ခင်ဗျားကပ်ပါ" ဟု အပြန်အလှန် ပြောမိကြပုံကို မြင်ယောင်ကြားယောင်မိပါသည်။ ထို ဆံရှည်လူငယ်မှာ နောင်တွင် မျိုးရာဇာညွှန့်ဟု သိလာရပြီး သူငယ်ချင်းအဖြစ် ခင်မင်သွားသူပင် ဖြစ်လေသတည်း။ မျိုးရာဇာညွှန့်က နောင်မှာ မင်းလူတို့ ရွှေနှလုံးသားအုပ်စုဝင် ကဗျာဆရာတစ်ယောက် ဖြစ်လာလေတော့၏။

၄။

ပြောခဲ့ပြီးသည့်အတိုင်း တက္ကသိုလ်ဆိုသည်မှာ မိမိအတွက် အလွန်အင်မတန် ကြီးကျယ်ခမ်းနားသည့်နေရာဌာနဟု ဘဝင်မှာစွဲနေခဲ့ရာမှ ၁၉၇၅ ခုနှစ် တကယ်တမ်း တက္ကသိုလ်တက်ရချိန်တွင် ပင်မတက္ကသိုလ်မှာ တက်ခွင့်မရပဲ (အောင်ချက်ကောင်းပြီး ကျောင်းမဆံ့သဖြင့်ဟု အကြမ်းဖျင်းသိရ) ပထမနှစ်ကျောင်းသားများကို ၂ သုတ်ခွဲကာ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) နှင့် ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ဟု ၂ နေရာ ၂ ဌာနခွဲ၍ ပို့ရာ မိမိမှာ နေထိုင်ရာလိပ်စာအရ ဗိုလ်တထောင်တက္ကသိုလ်သို့ ရောက်သွားရရှာလေ၏။ ခဲလေသမျှ သဲရေကျ ဖြစ်ရပြီတည်း။ သို့သော်လည်း မလျှော့ပါ။ ပထမနှစ်မှာ တွဲမိသည့် သူငယ်ချင်းအုပ်စုက ၁၅ ယောက်တောင် ဖြစ်သည်။ တစ်ပတ် တစ်ခါနှစ်ခါတော့ မိန်းထဲ (ပင်မတက္ကသိုလ်ကို ထိုစဉ်က မိန်းထဲဟုပဲ အလွယ်ခေါ်ခဲ့ကြပါသည်။ Main University ဟူလို) အုပ်စုလိုက် သွားသောင်းကျန်းကြပါသည်။ ဘယ်လောက်အထိနည်း ဟူမူ အဓိပတိလမ်းပေါ်မှာ ထုပ်ဆီးတိုးကစားကြသည်အထိပင်။ ဆယ်တန်းအောင်ကာစမို့ ကလေးမက လူကြီးမကျလို့ပဲ ပြောရမည်လား။ အုပ်စုတောင့်၍ သွေးကြွသည်လား။ အုပ်စုထဲ ယောကျ်ားလေး ၅ ယောက်ပဲ ပါပေမဲ့ ကျန်မိန်းကလေးထဲမှာလည်း ယောကျ်ားလေး ဆန်တာက ၃ ယောက်လောက်ပါတာမို့ ကဲကြတာလည်း ဖြစ်နိုင်ပေသေးသည်ပေ့ါ။ ဘာပဲဖြစ်ဖြစ် ပထမနှစ်ကျောင်းသားဘဝ အဲဒီသူငယ်ချင်းတွေနဲ့ တွဲခဲ့ကြတာဟာ တကယ်ပျော်စရာကောင်းတာကိုတော့ ဝန်ခံရပေမည်။ အဲဒီအုပ်စုနဲ့က ဒုတိယနှစ်ဝက်လောက်အထိ တတွဲတွဲ မခွဲတမ်း နေခဲ့ကြဖူးသည်။ တစ်ယောက်က အတန်းလစ်မည်၊ ကျောင်းပြေးမည်ဟု စလိုက်သည်နှင့် ၁၅ ယောက်စလုံး အတွဲလိုက်ကြီးပါတော့သည်။ စာအုပ်တွေထဲဖတ်ဖူးသည့် တက္ကသိုလ်အရသာ၊ တက္ကသိုလ်ကျောင်းသားအရသာတော့ မတွေ့။ ပျော်ရွှင်ဖရတ်ကျရတာနှင့် အထက်တန်းကျောင်းသားဘဝထက် လွတ်လပ်တာ ၂ ခုတော့ ကောင်းကောင်းကြီးမှတ်မိပေသည်။

ရက်ရက်စက်စက် ပက်ပက်စက်စက် နှိပ်ကွပ်ခံထားရမှု၊ နိုင်ငံရေးအားသန်သည့် စီနီယာကျောင်းသားအများစု ထောင်ထဲအထည့်ခံထားရမှုကြောင့်လည်း မိမိတက်ခဲ့သည့် တက္ကသိုလ်နှစ်ကာလများသည် ''နိုင်ငံရေးလှုပ်ရှားမှုအရသာ'' ကွက်ပြီး ပျက်နေသည့် ဆီဆေးပန်းချီကားတစ်ချပ်ဟုသာ တင်စားရပေအံ့။

၅။

ဒုတိယနှစ်ရောက်တော့ ပင်မတက္ကသိုလ်ထဲ ရောက်လာပြီ။ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဟု အမည်နာမ အပြည့်အစုံဖြစ်သော ထိုပင်မတက္ကသိုလ်ကို အင်္ဂလိပ်ဘာသာပြန်အမည်ကို အစွဲပြု၍ အတိုကောက်စာလုံးများဖြစ်သည့် R.A.S.U ကို အကြောင်းပြုကာ ''ရာဇူး'' ဟုလည်း ခေါ်ဝေါ်သုံးစွဲကြချေသည်တမုံ့။

ဒုတိယနှစ်မှာ ပင်မတက္ကသိုလ်ကို ရောက်သည်ဟုသာ ဆိုရသော်လည်း တကယ့် သိပ္ပံဆောင်ကြီးတွင် တက်ရသေးသည်မဟုတ်။ ဆဲဗင်းဂျူလိုင်တုန်းက မိုင်းခွဲဖျက်ဆီးဖြိုချခြင်း ခံခဲ့ရသည့် တကာသအဆောက်အအုံရှိခဲ့ရာ ကွက်လပ်ရှေ့က မန္တလေးဆောင်မှာ တက်ရခြင်းဖြစ်ပါ၏။ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ဝင်းထဲတော့ ရောက်လာပြီ။ နေ့စဉ် အဓိပတိလမ်းပေါ် အစုန်အဆန်လျှောက်ခွင့်ရပြီ။ သစ်ပုပ်ပင်အောက်မှာ နေ့တိုင်းထိုင်လို့ရပြီ။ ဘွဲ့နှင်းသဘင်ဘေး မလွယ်ပေါက်မှ တိုးထွက်က အင်းလျားကန်စောင်းမှာ ဘူးသီးကြော်သွားစားလို့ရပြီ။ ထိုစဉ်အခါက အင်းလျားကန်ပေါင်မှာ ယခုလို စည်ကားဖို့မပြောနှင့် လူသွားလူလာပင် ကောင်းကောင်းမရှိသေး။ ယခု ကားပါကင်လုပ်ထားတည့် မြေပြောင်ပြောင်မှာ တစ်ဖက်ရပ်တဲကလေးထိုးကာ ရောင်းသည့် အကြော်စုံဆိုင်ကလေးတစ်ဆိုင်သာ ငုတ်တုတ်ရှိသည်။ အကြော်နှင့် အချဉ် ကောင်းသဖြင့် ကျောင်းသားများ အုပ်စုလိုက် လာစားတတ်ကြတာပဲ ရှိသေးသည်။ အကြော်စားပြီးရင်တော့ လှေလှော်ချက်တိုက်အသင်း ရှိရာဘက်သို့ ဆန်တက်ကာ၊ ရင်စို့လောက်သာ နက်သည့် ရေပြင်ကိုဖြတ်၍ ပေါ်နေသည့် ကျွန်းကလေးသို့ သွားကာ အရက်

နိုးသောက်သည့် အခါများလည်း ရှိပေသေး၏။ အတွဲချောင်းသည့် မလေ့မှာလည်း ထိုစဉ်အခါက ခေတ်စားသည့် မွေ့လျော်ဖွယ်တစ်ခုပင် တည်း။ အင်းလျားစောင်းမှာက မြှုကောင်းလျှင် တတွဲတွဲတော့ ရှိတတ် စမြဲပင် မဟုတ်လား။ (အတွဲချောင်းရာမှာတော့ ရွှေနုလုံးသားအုပ်စုမှ ကဗျာဆရာတိုးမိုးသည် ထူးချွန်ထက်မြက်သူတစ်ယောက် ဖြစ်လေ သတတ်၊ ဤကားစကားချပ်)

၆။

မန္တလေးဆောင်မှာ တက်ရသည့်အကြောင်း ပြောမည်ကြံကာ ရှိသေး၊ ကျောင်းနောက်ပေါက်မှထွက်ကာ အင်းလျားသို့ ရောက်သွား သည်။ စိတ်များ အထိန်းရခက်လိုက်သည့် ဖြစ်ခြင်း၊ ပြောမည့်သာ ပြောရသည်၊ တကယ်လက်တွေ့မှာလည်း စာသင်ခန်းထဲ ငြီးငွေ့လျှင်၊ သို့မဟုတ် စာသင်ချိန် နောက်တစ်ချိန် ခြားနေလျှင် ရွှတ်ခနဲ အဲဒီကို ရောက်ရောက်သွားတတ်သည်ကိုး။ မန္တလေးဆောင်ကိစ္စဆက်ရလျှင် မိမိလက်ချာလိုက်ရသော အခန်းမှာ ကံအားလျော်စွာ ပထမထပ် ဖြစ် သည့်အပြင် မျက်နှာစာမှာ တကသအဆောက်အအုံ တည်ရှိခဲ့ဖူးရာ ကွင်းပြင်ဖြစ်နေပြီး ဗိုလ်အောင်ကျော်အုတ်ဂူအား အမြဲမြင်နေရသည့် နေရာ ဖြစ်နေပေသည်။ ငယ်စဉ်က ကြားဖူးနားဝ ဆဲဗင်းဂျူလိုင်ရာဇ ဝင်၊ ကြုံခဲ့ဖူးသည့် ဦးသန့်အရေးအခင်း မြင်ကွင်းများ၊ ဖတ်ခဲ့ဖူးသည့် တက္ကသိုလ်ကျောင်းနောက်ခံ နိုင်ငံရေးအဖြစ်အပျက်များက ဗိုလ်အောင် ကျော်အုတ်ဂူကို ငေးရင်း မိမိအာရုံထဲသို့ ဝေ့၍ဝေ့၍ တက်လာစမြဲ ဖြစ်ပေသည်။ သို့သော် မိမိကျောင်းတက်ခဲ့သည့်တစ်လျှောက် ဘာ အရေးအခင်းနှင့်မျှ မကြုံခဲ့ရ။ ဘယ် မြေအောက်ယူဂျီအဆက်အသွယ် နှင့်မျှ အဆက်အစပ် မရရှိခဲ့ပါ။

ဒုတိယနှစ်မှာ "ကုံကော်ဖူး" အမည်ဖြင့် ဖယောင်းစက်ကူး စာစောင်လေး ဦးဆောင်ထုတ်ဖြစ်တော့ ၃ အုပ်ခန့် ထွက်အပြီးမှာ Rector က ခေါ်ယူသတိပေးခံရမှုသာ ဖြစ်ခဲ့ဖူးပါလေ၏။ မိမိမှာ နဂို မူလကပင် ကြောက်တတ်သူဖြစ်သဖြင့် တစ်ကြိမ်ထဲနှင့် နောင်ကြဉ်

သွားပါလေတော့သတည်း။

၇။

တစ်ခါတော့ ၁၉၇၇ ခုနှစ်မို့ ခုနစ်လေးလုံးပူး၊ ထူးခြားမည်ဆိုပြီး ကျောင်းသားများကြား လှုပ်လှုပ်ရှားရှား ဖြစ်လိုက်ပါသေးသည်။ အဲဒီနေ့မှာ စတစ်ကော်လာ အဖြူရောင်အင်္ကျီနှင့် အနက်ရောင်ပုဆိုး ဝတ်လာကြပါဟု တစ်ဆင့်စကား တစ်ဆင့်နား ကြားရသည်မို့ ပုဆိုးအနက်မရှိသဖြင့် အကိုဝမ်းကွဲ၏ ယောပုဆိုးအနက်ကို ငှားဝတ်ကာ ကျောင်းသို့ စောစောလာခဲ့ပါ၏။ ဘယ်သူမှ ဝတ်လာတာလည်း မတွေ့။ သစ်ပုတ်ပင်နား၊ ဘွဲ့နှင်းသဘင်ခမ်းမနား ယောင်ချာချာလုပ်ကြည့်သော်လည်း ဘယ်သူကမှ လာမဆက်သွယ်။ ဒါနဲ့ အာရ်အိုင်တီဘက်မှာတော့ တစ်ခုခု ဖြစ်မှာပဲဆိုပြီး အာရ်အိုင်တီအထိ လိုက်သွားခဲ့သည်။ ညီဝမ်းကွဲက မဏ္ဍင်နီကယ်လ်မှာ တက်နေတာမို့ သူ့ကို အတန်းထဲက ခေါ်ထုတ်လာပြီး ကင်န်တင်းက 'နွေးအေး'မှာ သွားထိုင်သည်။ နွေးအေးပိုင်ရှင် ကိုအောင်မှာလည်း အထက်ကျောင်းတုန်းက သူငယ်ချင်းတစ်ဦးပင်။ တကယ်လှုပ်ရှားသူတွေက ဘယ်နေရာမှာ ဘယ်လိုစုပြီး ဘာတွေလုပ် ဖြစ်ခဲ့ကြသလဲတော့မသိ။ မိမိကတော့ အင်္ကျီဖြူ ပုဆိုးနက်နှင့် ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်တာနှင့်ပင် ခုနစ်လေးလုံး အရေးတော်ပုံကို ယောင်ချာချာ ဖြတ်သန်းခဲ့ရပါလေ၏။

၈။

ဒုတိယနှစ်ဝက်လောက်မှာ မိမိ၏ တက္ကသိုလ်ကျောင်းသားဘဝ အနေအထိုင် အမူအကျင့်များ စတင်ပြီး ပြောင်းလဲဖို့ ဖန်လာခဲ့ပါသည်။ ပေါ့ပျက်ပျက် အနှစ်မဲ့စိတ်ဖြင့် ကျောင်းသားဘဝကို ဖြတ်သန်းရာမှ လေးနက်တည်ငြိမ်သည့်ဘက်ကို ကူးပြောင်းလာသည့် ဖြစ်စဉ်ပါပေ။ ပထမတစ်ခုမှာ စက်မှုတက္ကသိုလ်ကျောင်းဆင်းပြီး စာပေနယ်ထဲ ခြေချစပြုနေသူများ ပါဝင်သည့် အစ်ကိုကြီးများနှင့် ထိစပ်ပတ်သက်မိခြင်း ဖြစ်ပြီး နောက်တစ်ခုမှာ ဦးသန့်အရေးအခင်းမှာ ပန်းချီအလုပ်ဖြင့်

တက်ကြွစွာပါဝင်ပူးပေါင်းမှုဖြင့် ထောင်နန်းစံမြန်းရသူများ၏ ဘူမိနက်သန် တက္ကသိုလ်ပန်းချီခန်းမသို့ ရောက်ရှိကာ ပန်းချီခန်းသားအဖြစ် ခံယူမိခြင်းတို့ပင် ဖြစ်ပါသည်။

အာရ်အိုင်တီ စီနီယာများကိုတော့ အစ်ကိုဝမ်းကွဲ မောရှူးဆိုးကို အကြောင်းပြု၍ သိကျွမ်းခင်မင်ခဲ့ရခြင်းဖြစ်ပြီး ပန်းချီခန်းမဆီကိုတော့ အီကိုကင်န်တင်းဘက် ခြေဆန့်ရင်း မတော်တဆ တွေ့ရှိပြီး ရောက်သွားရခြင်းပင်။

ဤမတော်တဆမှုကား စတင်မှုသေးသေးလေးမှ နောင်မှာ တစ်ဘဝလုံး ကဗျာဆရာဖြစ်လာမည့် ဗျာဒိတ်နိမိတ်ကြီးပင် ဖြစ်ပေတော့သတည်း။ ယင်း မတော်တဆမှုကို မီးလောင်ရာလေပင့် ဖြစ်စေခဲ့သည်မှာကား အပြင်ဦးချစ်ဆိုင်ဟု သိမှတ်ကြပြီး စေတနာရှင်ကဖီးဟု ဆိုင်းဘုတ်တင်ထားသည့် လှည်းတန်းလမ်းမပေါ်မှ လက်ဖက်ရည်ဆိုင်မှာ နေစဉ်နေ့တိုင်းလိုလို အတူဆုံမိကြသည့် အာရ်အိုင်တီအစ်ကိုကြီးများရဲ့ စကားဝိုင်းပင် ဖြစ်ပေတော့သည်။ ထိုဝိုင်းမှ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ကိုတိုး(မြစ်ခြေ)၊ မွေ့(ဗိသုကာ)၊ ငြိမ်(ဆီမီးခုံ)နှင့် အစ်ကိုဖြစ်သူ မောရှူးဆိုးတို့မှာ ကဗျာပတ်သက်ပြီး မိမိ၏ မြင်ဆရာများ ဖြစ်၍ပင်တည်း။ ဤစာ အဦးအစမှာ ဖော်ပြခဲ့သည့် ''အချစ်ရှိသော အကြည့်များ၌'' စာအုပ်တွင် မောင်စိန်ဝင်း(ပုတီးကုန်း)က တခုတ်တရ အမှာစာ ရေးပေးဖူးခဲ့သည်လေ။

၉။

တက္ကသိုလ်ဒုတိယနှစ်ဝက်မှ ကျောင်းပြီးသွားသည်အထိ ၂ နှစ်ခွဲခန့် ကာလမှာကား ဝိဇ္ဇာခန်းမနောက်မှ ပန်းချီခန်းကလေးမှာ အဆောင်နေသူပမာ နေ့နေ့ညည အချိန်ကုန်ခဲ့သည့် ဘဝထဲက ရွှေရောင်တောက်ပခဲ့တဲ့ နှစ်များပင် ဖြစ်တော့သည်။ အတွဲမိသူများကတော့ ပန်းချီကေမြို့၊ ဆန်းထွန်းသောင်၊ ကိုမြင့်အောင်( ဖေယျာလင်း) တို့ပင်တည်း။ ပထမနှစ်က တွဲခဲ့သည့် အတန်းဖော်သူငယ်ချင်းများနှင့် လည်း မဆုံဖြစ်တော့ချေ။ မဆုံဖြစ်ဆို မိမိတက်ရမည့် ကျောင်းခန်းပင်

ဘယ်ဆီ မသိအောင် အတန်းပညာရေးနှင့် ဝေးခဲ့ပြီကိုး။ သူငယ်ချင်း တချို့က ရိုးကောလ်ထိုးပေးတာ၊ (နောင်မှာ ချစ်သူကပေါ့) ပရက်တီ ကယ်လ် မှန်မှန်လုပ်တာနှင့်၊ အဲဒီကာလ ကျောင်းစည်းကမ်း လျော့ရဲတာ တို့က တစ်နှစ်တစ်တန်း အောင်စေခဲ့သဖြင့်သာလျှင် ဘွဲ့လေးတစ်ခု ရရှိ ခဲ့ခြင်းပင်။ သို့မဟုတ်ပါက မိမိလို အတန်းပြေးသူမျိုး (ကျောင်းခေါ်ချိန် ၁၀ ရာခိုင်နှုန်းပင် ပြည့်မည်မထင်) မှာ စာမေးပွဲတဖုန်းဖုန်းကျကာ ကျောင်းထွက်ရမည့် အစားမျိုးပင် ဖြစ်ချေ၏။ ပထမနှစ်ကျောင်းတက် စဉ်က ပုဇွန်တောင်ကနေ တက်ရသည်။ အိမ်ကို ပြန်မရောက်သည့် ည တွေ ထူထဲလာတော့ အမေက သားဖြစ်သူမျက်နှာလေး နေ့စဉ်မြင်နိုင် အောင်၊ လှည်းတန်း ဗေယျာသီရိလမ်းသို့ ပြောင်းသည်။ ဒါလည်း ထူးမခြားနား။ စံရိပ်ငြိမ် ၅ လမ်းသို့ ထပ်ပြောင်းသည်။ ပန်းချီခန်းမှာ အနုပညာရှူး ကဗျာရူးစိတ်က အထူးရင့်သန်နေပြီဖြစ်၍ တစ်ကြောင်း၊ အိမ်နှင့် ပိုနီးတာမို့ အို အချိန်မရွေး ပြန်လို့ရတာပဲဟု စိတ်ကပေါ့သဖြင့် တစ်ကြောင်း၊ တစ်ခါတစ်ခါ တစ်ပတ်ဆယ်ရက် ဆက်တိုက်ဆိုသလို အိမ်ပြန်မအိပ်ဖြစ်သည့်ညတွေ များလာခဲ့ပေတော့သည်။

၁၀။

တက္ကသိုလ်ညများမှာ ဒဂုန်တာရာ၏ ဘာသာပြန်ဝတ္ထုတိုပေါင်း ချုပ်အမည် ''မူးရစ်ဝေသောနွေဦးညများ''ဆိုသည့် စာသားနှင့် အထူး ဆီလျော်၍နေပေတော့သည်။ ညနေကျလျှင် ပန်းချီခန်းသားများ ရှိစု မဲ့စုကလေးစုကာ ဘီအီးနှင့် ဝိုင်းကြသည်။ ပွဲရှိန်တက်လာလျှင်တော့ ဂီတာဆွဲသူကဆွဲ၊ ပုလင်းကိုင်သူကကိုင်၊ အမြည်းထုပ်သူက ထုပ်ကာ၊ အဓိပတိလမ်းမပေါ်တက်ကာ အင်းဝခုံးအောက်ကဖြတ်ပြီး အင်းလျား လမ်းပေါ်တက်၊ အင်းလျားဆောင်နှင့် အင်ကြင်းဆောင်တွေရှေ့မှာ သီချင်းသွားဆိုကြပြီ။ အပြန်ကို ပြည်လမ်းဘက်က ပတ်ကာ မာလာ ဆောင်ရှေ့မှာ ဂီတ်ဆုံးသည်ပေါ့။ ဂျပ်ဆင်ရှေ့အပေါက်က ပြန်ဝင်ကာ ရတနာဆောင်ရှေ့က ဖြတ်ချိန်မှာတော့ အားလုံး ဘက်ထရီဒေါင်းနေ ကြကုန်ပြီတည်း။ တစ်ခါတစ်ခါမှာလည်း ရတနာဆောင်ရှေ့ တစ်ပုဒ်

နှစ်ပုဒ် တီးရုံရှိသေး မြက်ခင်းပေါ်မှာ အိပ်ပျော်သွားသည့်ညမျိုးတွေလည်း ရှိသည်ပေ့ါ။ မနက်မိုးလင်း မျက်နှာကို နေပူထိုးတော့မှ ကမန်းကတန်းထကာ၊ ကိုယ်မှာကပ်နေသည့် သစ်ရွက်ခြောက် မြက်ခြောက်တွေကို တဖတ်ဖတ်ခါ၍ ပန်းချီခန်းသို့ ပြေးကာ အိပ်ရေးဝအောင် ဆက်အိပ်ရတဲ့ ညတွေဟာ မိမိတို့အတွက် မူးရစ်ဝေသော တက္ကသိုလ် ညများပေပဲပေ့ါ။ သည်မျှတင် ကပါရိုးလား။ ဆရာမြသန်းတင့် ဘာသာပြန်သည့် ဝတ္ထုရှည်တစ်ပုဒ်အမည် "လွမ်းမောရသော တက္ကသိုလ်နွေဦးညများ" ဆိုသည့်စာသားနှင့်ပါ ဟပ်ကြည့်မှသာ မိမိတို့ ဖြတ်သန်းခဲ့သည့် တက္ကသိုလ်အရိပ်အငွေ့များသည် ပီပြင်ထင်ရှားလာမည်ဟု ဆိုချင်ပေသတည်း။

၁၁။

တက္ကသိုလ်အကြောင်း ပြန်ပြောင်းတွေးဆ ပြောပြကြေးဆိုလျှင်တော့ ခုနစ်ရက် ခုနစ်ည ဆက်၍ ကပြရသည့် (ဟိုတုန်းက) ရာမဇာတ်တော်ကြီးနှယ် ဖြစ်တော့မည်။ ယခု စာတွင် မိမိရက်ဖောက်ခဲ့သည့် ပုံရိပ်တို့မှာ ယင်းအထဲက အချို့အချို့တို့သာ ဖြစ်လေသည်။ ပန်းချီခန်းနေ့များ ညများသည်ပင်လျှင် မိမိ၏ တက္ကသိုလ်နေ့တက္ကသိုလ်ညများ ဖြစ်ခဲ့ပေတော့၏။ ဩော် ... အမှတ်ရစရာ အဖြစ်ကလေးတစ်ခုကိုတော့ မဖြစ်မနေ ထည့်၍ ပြောရပေဦးမည်။ တတိယနှစ်အရောက် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာနှင့်သိပ္ပံ နှစ်ပတ်လည်ပန်းချီပြပွဲကြီးနှင့် ကြုံရရာ၊ ကိုယ်လည်း ပန်းချီခန်းသင်တန်းသားတစ်ယောက် ပန်းချီမိသားစုဝင် တစ်ဦးအနေဖြင့် ပြပွဲမှာ ဝင်နွှဲခဲ့သည်ပေ့ါ။

ငယ်ဘဝကပင် စွဲမြဲခဲ့သည့် တကာသ အဆောက်အအုံပုံကို ကျောင်းမဂ္ဂဇင်းဟောင်းတခု၌ တွေ့သဖြင့် ယင်းပုံကို ဆီဆေးပန်းချီကားအဖြစ် ရေးတင်မည်ဟု ချက်ခြင်းပင်ဆုံးဖြတ်ပြီး ရေးဆွဲကာ အခြားသော အင်းဝခုံးပုံ၊ စာကြည့်တိုက်(မူလအဟောင်း)ပုံ ပန်းချီကားများနှင့်အတူ ပြပွဲတင်ခဲ့သည်။ တကယ့်စွန့်စားခန်းကြီးပေ့ါလေ။ စိစစ်ရေးအဖွဲ့က တကာသအဆောက်အအုံပုံကို ကောင်းစွာ သိရှိမှတ်မိပြီး ပြသခွင့်

မပြုသည့် ပယ်စာရင်းထဲ ထည့်လိုက်ပါတော့သည်။ ကျန်ပန်းချီကား နှစ်ချပ်ကိုမူ ထိုစဉ်က စာကြည့်တိုက်မှူး ဦးသော်ကောင်းက ဝယ်ယူ သိမ်းဆည်းသွားခဲ့ရာ ယခုတိုင် တက္ကသိုလ်များ စာကြည့်တိုက်တွင် ရှိ နေသေးကြောင်း သိခွင့်ရခဲ့ပါသည်။

၁၂။

တက္ကသိုလ်ဟူသော စကားလုံးမှာ မိမိအတွက်မူ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် (၁၉၇၅–၇၉) ကို အထူးရည်ညွှန်းပြုစရာ ဖြစ် ခဲ့ပါသည်။ ကျောင်းပြီးသွားသည့်တိုင် ရန်ကုန်မြို့မှ နယ်စွန်နယ်ဖျားသို့ လွင့်စဉ်သွားခဲ့သည့် ၁၉၈၅ ခုနှစ်အထိ တက္ကသိုလ်ထဲမှာ တဝဲလည် လည် ကျင်လည်ခဲ့ရာ တစ်သက် မေ့ဖျောက်မရနိုင်သည့် နှစ်ခွဲမှုများ၊ ကြည်နူးပျော်ရွှင်ရခြင်းများ၊ အတိတ်ကို တသပြီး ကြေကွဲဆို့နစ်ရာ နေရာဌာန တစ်ခုပင် ဖြစ်ခဲ့ပါပေ၏။ တက္ကသိုလ်မြေကို ဘယ်သောအခါ မှာပင် ခြေချ ခြေချ၊ အမေ့အိမ်ကို ပြန်ခွင့်ရသည့် အဝေးရောက်သား ပမာ ချက်ခြင်း ပြန်ရင်းနှီးကာ အရာရာသည် မနေ့တစ်နေ့ကလိုလို ခံစားရကာ လက်ရှိ အသက်မှာလည်း ထက်ဝက်ခန့် ပြန်ငယ်သွားသလို ပူနွေးသော သွေးများစီးလည်စေသည်သာ ဖြစ်ချေ၏။ တက္ကသိုလ်နှင့် ပတ်သက်သည့် ဤစာစုကို စရေးစဉ်အခါကပင် ဦးတည်သည့်အချက် မှာ အဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပြည့်စုံစွာ ပြန်လည်ရေးခြယ် ပြလိုသည်ထက် ပိုမိုသည့်ရည်ရွယ်ချက် ရှိပါသည်။ လွတ်တဲ့ငါး ကြီး သည်ဆိုသည့် စကားပုံအတိုင်း မရလိုက် မမီလိုက်တာက ပိုပြီးမက် မောစရာ ဖြစ်တတ်သည့် စိတ်သဘာဝကို တို့ထိပြလိုခြင်း ဖြစ်ပါသည်။ မိမိတို့ တက္ကသိုလ်တက်ရစဉ်က ''ဟာ ငါတို့ခေတ်ကျမှ တက္ကသိုလ် ကလည်း အရသာ မရှိလိုက်တာ။ ဆရာပြည့် (အောင်ပြည့်)၊ ဆရာ နန်း (ပန်းချီဆရာကြီးဦးနန်းဝေ)တို့ လက်ထက်က တက္ကသိုလ်မျိုး ငါ တို့က တက်ချင် ဖြတ်သန်းဖူးချင်တာ'' ဟု မချင့်မရဲ အတွေးဝင်ရင်း နှင့်ပင် ကျောင်းပြီးသွားခဲ့တာကို ဝန်ခံရမည်ဖြစ်ပါ။

အဘယ်ကြောင့်ဆိုသော် ဤစာစု၏ အစကနဦးမှာ ဖော်ပြခဲ့

သည့်အတိုင်း ဖတ်ခဲ့ဖူးသည့် စာများ၊ ကြားဖူးထားသည့် အဖြစ်များက စိတ်ကူးပုံဖော်ထားသည့် တက္ကသိုလ်ဆိုသည်မှာ မိမိစိတ်အာရုံမှာ ကြီးကျယ်ခမ်းနားလွန်းနေသည့်အတွက် ဖြစ်ပေလိမ့်မည်ဟု တွေးဆမိပါသည်။

(အ)

တစ်လောတုန်းက အလုပ်ကိစ္စတစ်ခုဖြင့် ထိုင်းကုမ္ပဏီရုံးခန်းတစ်ခုကို ရောက်သည်။ ရုံးခန်းမှာ မင်းဓမ္မလမ်းတွင် ဖြစ်၏။ ၂ နာရီကျော်ကြာအောင် လုပ်ငန်းကိစ္စစကားပြောပြီးသော် ထိုင်းမန်နေဂျာက ရုံးကားနှင့် လိုက်ပို့ခိုင်းမည်ဟုဆိုကာ မြန်မာဝန်ထမ်းတဦးနှင့် မိတ်ဆက်ပေးသည်။ ကိုမင်းမင်းဟု သိရ။ သို့နှင့် မင်းဓမ္မလမ်းရုံးက ထွက်ရော ဆိုပါတော့။ ဘယ်လိုက်ပို့ပေးရမလဲဟု မေးရာ၊ တက္ကသိုလ်ထဲမှာ မိမိတို့ ကုံ့ကော်ရွှာပန်းချီအုပ်စု ပြပွဲပြနေတာ သွားရမှာနဲ့ အတော်ပဲဟု "ကျောင်းထဲပဲ လိုက်ပို့ကွာ" ဟု ပြောလိုက်သည်။ သူက တက္ကသိုလ်နယ်မြေထဲ မကျွမ်း။ မိမိကသူ့ကို အင်းလျားလမ်းမှပတ်ကာ စီးပွားရေးတက္ကသိုလ်ဝင်းအတွင်းဝင်၍ အတွင်းလမ်းမှတစ်ဆင့် ကွေ့ဝိုက်ကာ ဘွဲ့နှင်းသဘင်၊ ထိုမှ အဓိပတိလမ်းပေါ်တက်ပြီး အာရ်စီရှေ့ (ယခု အပန်းဖြေရိပ်သာဟုသာ သိကြတော့သည်) မှာ ကားကို ရပ်ခိုင်းလိုက်သည်။ အာရ်စီထဲမှာက ကုံ့ကော်ရွှာပန်းချီပြပွဲ အကြိမ် ၃၀ မြောက်ကို ပြသနေသည်လေ။ လမ်းမှာ စကားကြုံသဖြင့် သူတို့ တက္ကသိုလ်ကျောင်းသားဘဝအကြောင်း မေးမြန်းကြည့်ရာ "ဟာ အန်ကယ်ရာ ကျောင်းဆိုတာ ဘာမှန်းတောင်မသိလိုက်ဘူး" ဟု ရှုံ့မဲ့ကာ ဖြေလေ၏။ မိမိက မိမိတို့ တက္ကသိုလ်ကျောင်းသားဘဝအချိန်က အငွေ့အသက်တချို့ကို ပြောပြရာ၊ လက်လွတ်ဆုံးရှုံးသွားရသည့် တစ်စုံတစ်ရာအတွက် နမြောတသ ယူကြုံးမရ ဖြစ်ဟန်သည် သူ၏မျက်နှာပေါ် ယှက်သန်းပေါ်လွင်သွားလေ၏။ "ဟာ အန်ကယ်တို့ခေတ် တက္ကသိုလ်က တော်တော်မိုက်တာပဲ" ဟု ခေတ်စကားဖြင့် ချီးမွမ်းအားကျသံ ပြုလေတော့သည်။ အဲဒီတော့မှ ဘဝတစ်လျှောက်လုံးမှာ "ငါတို့ တက္ကသိုလ်တက်ချိန်က

ဟိုးခေတ်က အခြေအနေကို မမီပါဘူးကွာ'' ဟူသည့် အငုံ့စိတ်အတွေး ဖြင့် ကိုယ်ဖြတ်သန်းခဲ့ရသည့် တက္ကသိုလ်ကာလတာများကို မချင့်မရဲ ဖြစ်ခဲ့ရတာ တယ်မှားပါကလား ဟူသော အသိဝင်ခဲ့ရပေသတည်း။

[ဤစာစု၏ ခေါင်းစဉ်မှာ မိမိ အလွန်ကြိုက်နှစ်သက်ခဲ့သော ဆရာဒဂုန် တာရာ၏ ဘာသာပြန်ဝတ္ထုတိုပေါင်းချုပ်အမည်ကို လေးစားနှစ်ခြိုက်စွာ ယူငင်သုံးစွဲထားခြင်းဖြစ်ကြောင်း ဝန်ခံပါ၏။] ■

**ခင်အောင်အေး**

**၁၆ မတ်၊ ၂၀၁၉၊ ၁၇း၁၁ နာရီ**

**မြဝတီမြို့။**

## ကော်ဖီနဲ့ လက်ဖက်ရည်

ကော်ဖီကို စတင်သောက်ဖူးတာက ကလေးဘဝကတည်းက ထင်သည်။ သည်တုန်းက နွားနို့မလိုင်များများနှင့် ဖျောသည့်ကော်ဖီ။ ဘဘ၊ မေမေကြီးတို့အိမ်မှာ မနက်တိုင်း အဒေါ်အပျိုကြီးတွေက သူတို့ ဈေးဆိုင်မထွက်မီ တူ၊ တူမတွေရော အဖေအမေပါ သောက်ရအောင် နွားနို့ကျိုသည့်ဒန်အိုးနှင့် တစ်လုံးဖျော်ပေးထားတတ်သည်။ ကော်ဖီမှုန့် ကြဲကြဲ နို့ပျစ်ပျစ်ကော်ဖီက ဆိမ့်နေသည်။ တစ်ခါတလေကျ ထန်းလျက် နှင့်ဖျော်လျှင် နို့ကျိုသည့်အိုးထဲ ထန်းလျက်ထည့်ပြီး နို့ဆူအနံ့ မွှေး လာတော့မှ ကော်ဖီမှုန့် ထည့်ဖျော်ခြင်းပင်။ ကော်ဖီမနှပ်ပဲ ကော်ဖီမှုန့် လေးတွေက ပေါလောပေါ်မျောနေကာ နို့ကိုသာ သေချာ ကျိုလေ့ရှိ သည်။ မနက် ထမင်းကြော်စား၊ ကော်ဖီသောက်ပြီး ကျောင်းသွားကြ ရသည်။ နေ့ခင်း နေ့လည်မှာတော့ ကော်ဖီကို ပေါင်မုန့် ပေါင်မုန့်ကြွပ် ဘီစကစ်နှင့် သောက်ရသည်။ မြန်မာမုန့်တွေဖြစ်သော မုန့်ကျွဲသည်း မုန့်ဝက်သားခေါက်၊ ထန်းသီးမုန့်၊ မုန့်ပျားသလက် မုန့်ပေါင်းစတာတွေ ကျွေးလျှင်တော့ ကော်ဖီမပါ။ ရေနွေးကြမ်းဖြင့်သာ။ ကလေးဘဝတုန်း ကတော့ လက်ဖက်ရည်ဆိုတာ လက်ဖက်ခြောက်ခတ်ထားသော ရေ နွေးကြမ်းပဲ သိခဲ့သည်။ စာဆိုပင် ရှိသည်မို့လား။

'လက်ဖက်ရည်အမှန်သောက်ရင်ဖြင့်

ကျက်သရေအမှန်ရောက်ပေလိမ့်

ကြီးသလောက်ပြီးတဲ့ရေ' ဟုထင်သည်။

လက်ဖက်ရည်ကြမ်းကရားကို အိမ်ရှေ့ကစားပွဲမှာ ထားသည်။ အပူထိမ်းအောင် ခေါင်းအုံးလို အစွပ်ကလေးနှင့် ဖြစ်သည်။ အဲသည်ဘေးမှာတော့ လက်ဖက်တစ်အုပ်။ လက်ဖက်အုပ်ထဲက လက်ဖက်ကို ကလေးများနှိုက်စားလျှင်လည်း မဆူသော်လည်း ဒါကအိမ်မှာ အသက်အကြီးဆုံးနှင့် အလေးထားရဆုံး ဘဘအတွက်ဟု သတ်မှတ်ထားရာ ရံဖန်ရံခါမှ နှိုက်စားမိတတ်သည်။ လက်ဖက်သားကို ဆားနှင့်နယ်ပြီး နှမ်းဆီမွှေးမွှေးဆမ်းပြီးတော့ နှမ်းလှော်ကြက်သွန်ဖြူကြော်ပဲ ပါသည်။ တခြားအဆာ မပါသဖြင့် ကလေးကြိုက်မဟုတ်။

ညနေအဒေါ်တွေ ဈေးပြန် အမောဖြေပြီး သုပ်ကျွေးသည့် လက်ဖက်သုပ်ကမှ ပဲခြမ်း မြေပဲ အကြော် စုံသလို ပုစွန်ခြောက်လည်း ပါပြီး ခရမ်းချဉ်သီး ဂေါ်ဖီ ရိပ်ရိပ်ကလေး လှီးထည့်ကာ ရောနယ်သုပ်ထားတတ်သလို ငရုတ်သီးစိမ်း နီနီဝါဝါလေးတွေ ကြက်သွန်ဖြူဥတစ်လုံးတွေလည်းပါ၊ လက်ဖက်သားကလည်း ချဉ်ချဉ်စပ်စပ်သေချာ နှပ်ထားရာ စားချင့်စဖွယ် ဖြစ်သည်။

ရေနွေးကြမ်းအိုးက သာမန်ကြွေရေသုတ် သတ္တုအိုးတစ်လုံးပဲ ဖြစ်သည်။ ရေနွေးကြမ်းခွက်ကလေးတွေက စိမ်းရောင်လဲ့လဲ့ ကြွေခွက်ကလေးတွေ။ ငရုတ်သီးစပ်စပ် လက်ဖက်သုတ်နှင့် ရေနွေးကြမ်းပူပူကို မှုတ်သောက်ခဲ့ရပုံက မမေ့နိုင်။

ညချမ်းရောက်လျှင် အဒေါ်တွေက ပဲကြာဆံတွေကို ချိန်တွယ်ပြီး အစည်းလေးတွေလုပ်သည်။ အိမ်ရှေ့ကွပ်ပျစ်မှာ သူတို့က အလုပ်လုပ်ရင်း အိမ်နီးချင်းတွေကို ရေနွေးကြမ်းတစ်အိုး ပြောင်းဖူးပြုတ်၊ သို့မဟုတ် မြေပဲပြုတ် တစ်ပန်းကန် လက်ဖက်တစ်အုပ်နှင့် ဧည့်ခံသည်။

ဘဘ၏ ဆိုရှယ်လစ်ဆိုတာ ရှစ်ဆယ်လိုပေါ့ ဆိုသည့်အသံကို ကြားယောင်သည်။ အိမ်နီးချင်း အဘများ၊ အဘွားများက ခေတ်ကာလအကြောင်း၊ လူတွေအကြောင်း ပြောတတ်ကြသည်။ သတင်းစာထဲက မိုလ်ချုပ်နေဝင်းပုံကို ကြည့်ရင်း ပြည်သူ့ပစ္စည်းကုန်သွယ်ရေး ကော်ပိုရေးရှင်း 'ပပက' က ရေနံဆီဝယ်မရသည့်အကြောင်း၊ ပြည်သူ

ပိုင်သိမ်းခံရသဖြင့် လုပ်ငန်းကိုင်ငန်းတွေ အဆင်မပြေသည့်အကြောင်း ရပ်ကွက်လူကြီးခွဲတမ်းမှာ မမျှတသည့်အကြောင်း စသည့် သူတို့နှင့် အံမဝင်လှသည့် ဆိုရှယ်လစ်ခေတ်ကို ညည်းညူကြသည်။ လျှပ်စစ်မီးက မှိန်မှိန် ခရမ်းချဉ်သီးအရောင်လို မီးလုံးလေးက မှိန်မှိန်။ ရေနံဆီမီးခွက်ကို ဘေးမှာချကာ အဘွားကြီးတွေက ပြောင်းဖူးဖက်ဆေးလိပ် ဖွာလျက်။ အဘိုးအိုတွေက သနပ်ဖက်ဆေးလိပ် သောက်သူသောက်၊ ကွမ်း ဝါးသူဝါး။ မီးခွက်က မီးစာတွေက အမဲဖုလေးတွေ သီးသီးလာတတ်သည်။ ရေနံဆီက မှောင်ခိုဈေးနှင့် ဝယ်ရသည်။

အင်္ဂလိပ်ခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ ပြည်တွင်းစစ်ခေတ်ကို ဖြတ်သန်းခဲ့ကြသော ဘဝအတွေ့အကြုံတွေကို စားမြုံ့ပြန်ကြသည်။ ကျွန်မတို့ကလေးများက ကွပ်ပျစ်ပေါ်မှာ လှဲလျောင်းရင်း မန်ကျည်းကိုင်းများ လှုပ်ရှားနေပုံ မော့ကြည့်ရင်း သူတို့၏သမိုင်းခေတ်များကို စိတ်ကူး ကြည့်သူကြည့် ကျောယားသဖြင့် ကုတ်ပေးရန် ဂျီကျသူကျ။ မေမေကြီးက သူ့မြေးများ ခြင်မကိုက်အောင် သင်လျှော်ဖြင့် ပြုလုပ်ထားကာ ကတ္တီပါအနီစကွပ်ထားသော ယပ်တောင်တဖြတ်ဖြတ် ခတ်လျက်။ လက်ဖက်ရည်ဆိုင်တွေကတော့ ရှိလာပါပြီ။ သို့သော် အညာမြို့လေး၏ သည်မိသားစုမှာ လက်ဖက်ရည်ဆိုင်ကို ခြေချဖူးသူဆိုလျှင် မသန်စွမ်းသော ဦးလေးတစ်ယောက်ပဲ သွားထိုင်တတ်သည်။ သူက လက်ဖက်ရည်ဆိုင်မှာ သွားသွားပြီး ကျားထိုးတတ်သည်။ လူက မသန်စွမ်း ပိုလီယိုဖြစ်ခဲ့သဖြင့် ယိုင်တိယိုင်ထိုး။ သို့သော် ကျားဗိုလ်ဖြစ်ပြီး လက်ဖက်ရည်ဆိုင်သွားဖို့ပဲ ခြေအမြဲလှမ်းနေတတ်သည်။ သူ့အစ်မများထံမှ မုန့်ဖိုးမရလျှင် အိမ်မှာ လာဝယ်သော ကုန်ခြောက်ဖိုး ဆီ ၁၀ သား၊ ၁၅ ကျပ်သားဖိုးကနေ လက်ဖက်ရည်ဖိုး ဖြစ်သွားတတ်သည်။ သည်ဦးလေးကတော့ ကော်ဖီကို ခါးခါးလည်း မကြိုက်။ နွားမဒန်းသေးလိုပဲဟု သူ့အစ်မတွေကို မကြားတကြား ပြောတတ်သည်။

၂။

နောင် အလယ်တန်းကျောင်းသူအရွယ် ဖေဖေမေမေတို့နှင့်

အတူနေရသောအခါ မေမေဖျော်သည့် ကော်ဖီက နို့ဆီပျစ်ပျစ်။ ည ဘက်စာကျက်နေတုန်း ကော်ဖီကို မတ်ခွက်ကြီးနှင့် အပြည့်ဖျော်ပေး ထားတတ်သည်။

ဆယ်တန်းအောင်သည်ထိ ကော်ဖီအရသာ လက်ရွေးစင် ကော်ဖီမှုန့်၊ ဘီတီဘာရားသား စတာတွေပဲ သိသည်။ တောင်ငူရောက် တော့ အိမ်မှာ ကော်ဖီစေ့လှော်ပြီး ကျိတ်ကာ သောက်ကြရသည်။ ရနံ့ သင်းသော ကော်ဖီမွှေးမွှေးနှင့် မိုးအေးအေးနေ့များကို သတိရသည်။ ပေါင်မုန့်ထောပတ်သုတ်မလား၊ ယိုသုတ်မလား၊ မီးကင်စားမလား မေမေ က ကလေးတွေအကြိုက်ကို မေးပြီး လုပ်ပေးတတ်သည်။ သို့သော် လည်း ကျွန်မတို့မောင်နှမတွေက မီးသွေးမီးဖိုတစ်လုံးနှင့် မေမေလုပ် ပေးသော မုန့်ပျစ်သလက်ကို ပေါင်မုန့်မီးကင်ထက် ပိုကြိုက်ကြသည်။

၃။

ဒုတိယနှစ်ရောက်တော့ ရန်ကုန်တက္ကသိုလ်အနုပညာအသင်း ပန်းချီခန်းမှာ ပန်းချီသင်တန်းတက်တော့မှ စီးပွားရေးတက္ကသိုလ် မာလာဆောင်ကျောဘက်က ကိုအောင်ရင့်ဆိုင်လို လက်ဖက်ရည်ဆိုင် မှာထိုင်တတ်လာသည်။ တက္ကသိုလ်ပထမနှစ်က သည်ဆိုင်တွေရှေ့ ဖြတ်လျှင် ကျောင်းသားတွေ တစ်အုပ်ကြီးမို့ မဝံ့မရဲ။ သည်ကြားထဲ ကျောင်းသားတွေက ကျောင်းသူတွေလျှောက်လာပြီဆိုလျှင် ဘယ်ညာ ဘယ်ညာ ဘယ်နှင့် ခြေလှမ်းမှားအောင် နောက်ပြောင်တတ်ကြသေး သည်။ ပထမနှစ်မှာ အဆောင်က မနက်စောစော ကော်ဖီကျဲကျဲနှင့် ခြောက်သွေ့သွေ့နိုင်သော ဘိန်းမုန့်က မေမေဖျော်သည့်ကော်ဖီကို သတိ ရပြီး မျက်ရည်ဝဲစေသည်။

လက်ဖက်ရည်ဆိုင်မှာ ယောကျ်ားလေးသူငယ်ချင်းတွေနှင့်ပါ ရောနှောဝိုင်းဖွဲ့တတ်လာတော့ နယ်က တစ်မြို့တည်းသား သူငယ်ချင်း တွေက အမြင်တစ်မျိုးဖြင့် ကြည့်ချင်သည်။ လက်ဖက်ရည်ဆိုင်ထိုင် သည့်အလေ့မှာ ကျောင်းသူတွေကြား သိပ်များများမရှိသေး။ သည် ကတည်းက လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတစ်စုနှင့် ထိုင်ကြကာ

ဝတ္ထုတွေ ကဗျာတွေ ပန်းချီတွေအကြောင်း ဝိုင်းဖွဲ့ ပြောကြသည်။ အိမ်ဖျော်ကော်ဖီအရသာကို မေ့စပြုပြီ။ ကျပ်တန်လေးတွေကုန်လျှင် လွယ်အိတ်ဒေါင့်က အကြွေစေ့လေးတွေပါ သွန်ချရှာဖွေကာ စကားဝိုင်းဖွဲ့ကြသည်။ ကိုယ်ရေးသည့် လက်ရေးစာမူလေးတွေ တစ်ယောက်ကိုတစ်ယောက်ပြပြီး ဝေဖန်နိုင်းကြသည်။

ရုံဖန်ရံခါ ဆရာတစ်ယောက်ယောက်က တိုက်သွားတတ်သည်။ ဆရာတွေကလည်း တပည့်တွေလိုထက် သူငယ်ချင်းတွေလို ခင်ခင်မင်မင်ရှိကြသည်။ ဆရာဦးတင်သောင်းကိုတော့ စာရင်းကိုင်ပညာသင်၍ မဟုတ်ဘဲ ပန်းချီခန်းကိုလာလေ့ရှိသည့် ဆရာလည်းဖြစ်၊ မဂ္ဂဇင်းကော်မတီမှာ ကြီးကြပ်သောဆရာ ဖြစ်ရာ ခင်မင်လေးစားသည့်ဆရာတစ်ယောက်လည်း ဖြစ်သည်။ ဆရာက ငယ်ငယ်ရွယ်ရွယ်နှင့် ထောင်ထဲရောက်အောင် မလုပ်ဘဲ စာကိုကြိုးစားရေးဖို့ ပြောတတ်သည်။

သည်ကာလတွေက ဦးသန့်အရေးကလည်း မကြာသေးပေ။ ပြီးတော့ မှိုင်းရာပြည့်။ ဦးဆောင်သူထဲမှာ မပါသဖြင့် ဘာမှမဖြစ်သော်လည်း ကဗျာတွေရေးခဲ့ကြသည်။ ချီတက်ပွဲကို မိန်းကလေးသူငယ်ချင်း အဖော်မပါ တစ်ယောက်တည်း လိုက်သွားခဲ့သည်။

နောက်ပိုင်း မှိုင်းရာပြည့်ကျောင်းသားလှုပ်ရှားမှုကြောင့် ထောင်ကျသွားသော သူငယ်ချင်းတွေ ပြန်လွတ်လာတော့ သူတို့က ပန်းချီခန်းမန်ရုံကပ် စာစောင်အတွက် စုဆောင်းထားသော ကဗျာတွေကို အဖမ်းမခံရခင် မီးရှို့ပစ်ခဲ့ကြကြောင်း ပြောပြကြသည်။ ဆင်ဆာကြောင့် တရားဝင်ထုတ်ခွင့်မရသော ကဗျာစာအုပ်တွေ နိုင်ငံရေး လူမှုစီးပွားရေး ကဗျာတွေ တစ်ယောက်လက် တစ်ယောက်ကမ်း ဖတ်ခဲ့ကြရသည်။ ထိုအချိန်က ပန်းချီသင်တန်းမှာ နေရာတိုင်းမှာ နားတွေ စောင့်ကြည့်နေသူတွေ ရှိနေတတ်သည့်ခေတ်ပါ။ ထောင်ထဲရောက် သူငယ်ချင်းတွေထံ စားစရာနှင့်စာအုပ်ပို့ရုံမက သူငယ်ချင်းတို့၏ညီမတွေ မှတ်ပုံတင်ကို ငှားကိုင်ပြီး ထောင်ဝင်စာတွေ့ကြသည်။ မှတ်ပုံတင်နှင့် တိုက်မစစ်၍သာ။ ရုပ်တွေက တခြားစီမို့ ရင်တထိတ်ထိတ်။

သည်လိုခေတ်မျိုးမှာမို့ ဆရာက ထောင်ထဲဝင်ဖို့ မကြိုးစား

စေချင်တာ သဘာဝကျသည်ပြောရမည်။

လက်ဖက်ရည်၏ အရသာကို သိချိန်ကစ၍ ဘဝပြောင်းလဲသွားသည်ပြောရမည်။ အနုပညာဘုရားကို ကိုးကွယ်လာခဲ့သည်။ အိပ်ချိန် စားချိန် နားချိန်အားလုံး သည်အရာကသာ ဘဝကို စိုးမိုးအုပ်ချုပ်သည်။

၄။

မရှာဖွေပါပဲ ချစ်သူကိုတွေ့တော့ လက်ဖက်ရည်ဆိုင်မှာပဲ ဖြစ်သည်။ သူငယ်ချင်းများနှင့်အတူ သူ့ကို လက်ဖက်ရည်သွားသွားတိုက်နိုင်းရာက စသည်။ သူ့ရုံးကို လာပြီး အင်္ဂလိပ်စာအုပ်လေးတွေဖတ်ဖို့ပေးရာကစ နှစ်ယောက်ထဲ လက်ဖက်ရည်ဆိုင် ထိုင်တတ်လာခဲ့ကြသည်။ လက်ဖက်ရည်ခွက်ပေါင်းများစွာက သူနှင့်ကျွန်မကြား အသက်အပိုင်းအခြားနှင့် ဘဝနေနည်း မတူကြသည်ကို မေ့လျော့စေသည်။ တစ်ခါက ဆရာဟိန်းလတ် ဘာသာပြန်သည့် အိန္ဒိယဝတ္ထုတိုလေးတစ်ပုဒ်မှာ "ငါလေ သူတိုက်တဲ့လက်ဖက်ရည်လေးပဲ သောက်မိတာပါကွယ်" ဆိုသည့် စကားကို သတိရသည်။ ချစ်သူဘဝ ညချမ်းရီလေးတွေကို လက်ဖက်ရည်ဆိုင်လေးတွေမှာ ကုန်ဆုံးစေတတ်လာကြသည်။

သည့်နောက် . . .

သည့်နောက် . . .

နှစ်များစွာကြာပြီးနောက် ဈေးကြီးသော ကော်ဖီဆိုင်တွေခေတ်စားလာခဲ့သည်။ အသင့်ဖျော်ကော်ဖီမစ်ထုပ်တွေ ခေတ်စားလာခဲ့သည်။ သားသားနားနား ကော်ဖီဆိုင်တွေက ကပက်ချီနို၊ လာတေးစသည့် ကော်ဖီတွေ မလိုင်လေးကို အသည်းပုံ ဝက်ဝံလေးပုံ စသည်ဖြင့် ပုံဖော်ထားကြသည့် ကော်ဖီခွက်လေးများ ရေခဲတုံးလေးများနှင့် ကော်ဖီအေးများက ကျွန်မဘဝ၏ ခပ်လှမ်းလှမ်းမှာ ရှိခဲ့ပါသည်။ တစ်ခါတလေသာ သူငယ်ချင်းတွေ တိုက်လျှင် ရှောင်လွှဲမရလျှင်တော့ သောက်ဖြစ်ပါသည်။ ကော်ဖီမစ်တွေကတော့ နေရာတကာပွဲတကာမှာ မသောက်ချင်သည် ဖြစ်စေ၊ သောက်ချင်သည် ဖြစ်စေ ဓလေ့ထုံးစံ

ဖြစ်လာခဲ့သည်။ ကျွန်မကတော့ လက်ဖက်ရည်ကြိုက်ဆဲ။ စာပေမိတ်ဆွေတွေနှင့်ဆုံလျှင်တော့ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ဆဲ။ စကားပြောလို့ကောင်းသော လမ်းဘေးလက်ဖက်ရည်ဆိုင်လေးတွေထက် အစားအသောက်မျိုးစုံရသည့် ဆိုင်ကြီးတွေပေါ်လာသည်။ စကားသံတွေကဆူဆူညံညံ။ သူ့စကားကိုယ့်စကား ကြားအောင် အော်ပြောကြရသည်။

လက်ဖက်ရည်တစ်ခွက်ဈေးကလည်း ခေါင်ခိုက်လျက်။ ဈေးသွားရင်း လက်ဖက်ရည်ဆိုင်ထိုင် ဖြစ်လျှင်တော့ တစ်ယောက်တည်းငေါင်းစင်းစင်းနှင့်ပင်။ အရင်ကလို ဈေးခြင်းကူဆွဲဖို့ လက်ဖက်ရည်တစ်ခွက် ဆေးလိပ်တစ်တိုနှင့် စောင့်သူ မရှိတော့။ ဘဝအကြောင်း သားအကြောင်း ကုန်ဈေးနှုန်းအကြောင်း သူငယ်ချင်းတွေအကြောင်း ပြောရမည့်သူ၊ ဘဝ၏အဖော်တစ်ယောက်သောသူ မရှိတော့ပေ။ နှစ်ကာလနေ့ရက်များစွာ သည်သို့ ကုန်ဆုံးသွားခဲ့သော်လည်း အထီးကျန်ခြင်းကပင် လက်ဖက်ရည်ကို အရသာတစ်မျိုးတိုးစေသလားတော့ မသိပါ။ တစ်နေ့ထက်တစ်နေ့ တိုးတက်လာသော လူနေမှုစရိတ်နှင့် ကုန်ဈေးနှုန်းဒဏ်ကို ခုခံကာကွယ်ဖို့ရာ လက်ဖက်တစ်ခွက်ကသာ ကျွန်မအတွက် စွမ်းဆောင်နိုင်မည် ထင်ဆဲပင်။ ■

ခင်မြဖင်

၂၁၊ ၃၊ ၂၀၁၉။

# ပျောင်းသေ မသွားခဲ့သော ချစ်ရန့်များ

ရန့်တချို့ကို ခွဲချပစ်ခဲ့ပြီး ရက်စက်ခြင်းကြီးစွာ နင်းခြေ ခြေမွပစ်ခဲ့သော နွေညတွေကို မုန်းတီးရွံရှာမိသော်လည်း ထိုရန့်တို့၏ သင်းပျံ့လန်းဆန်းမှုကိုတော့ မက်မောစွာ တမ်းတမိနေဆဲဖြစ်ကြောင်း ဝန်ခံချင်ပါသေးသည်။

ရန့်တို့သည် လွမ်းဆွတ်တမ်းတမှု၏ သင်္ကေတတို့ ဖြစ်လာသောအခါ နွေညဆိုသည်ကလည်း ရက်စက်ခြင်း၊ အာဃာတကြီးခြင်း၊ ရွံရှာစက်ဆုပ်စရာ ကောင်းခြင်းတို့ကို ကိုယ်စားပြုလာပါတော့သည်။ ရွံရှာစက်ဆုပ်ဖွယ်ကောင်းသော အရိပ်မည်းကြီးအောက်တွင် လွမ်းဆွတ်တမ်းတမှုတို့ ရှင်သန်နိုင်ပါဦးမလားဟု တွေးမိသောအခါများတွင် ကြေကွဲနာကြည်းသောစိတ်၊ နာကျင်မုန်းတီးသော ခံစားမှုတို့က ဒေါသဖြင့် ပေါက်ကွဲထုတ်လွှတ်လိုက်သော 'တောက်' ခေါက်သံကို အသစ်ဖြစ်စေခဲ့ဖူးသည်ကလည်း အခါပေါင်း၊ အကြိမ်ပေါင်းများစွာ ဖြစ်ခဲ့သည်မို့ ရိုးအီသွားလောက်ပြီဟုလည်း မထင်မှတ်ခဲ့ပါ။ ရန့်တို့၏ လှပမှုနှင့် သင်းပျံ့လန်းဆတ်မှုတို့ကို ပြန်လည်ထွေးပွေ့ရှူရှိုက်နိုင်သော နေ့သစ်တွေ၏ ရင်ခွင်ကသာ 'တောက်' ခေါက်သံက ငြိမ့်ညောင်းသော ဂီတသံစဉ်အဖြစ်သို့ ပြောင်းသစ်လိမ့်မည်ဟု မှတ်ယူရင်း ပစ္စုပ္ပန်၏ နွေညများသည် သက်ပြင်းပင်လယ်တွင်းသို့ သက်ဆင်းနေမိပြန်လေသည်။

ဤသည်ကိုပင် အတိတ်ကို လွမ်းတစ္ဆလမ်းခြင်းနှင့် အနာဂတ်ကို မုန်းဆမက်မော ဆုံချင်ဇောကြီးစွာ မြတ်နိုးစိတ်ဖြင့် ချစ်နေမိခြင်း

ဝေဒနာဟု ပြောရမည်ထင်သည်။

* * *

"ဒီနေရာက တကယ့်လွတ်လပ်နယ်မြေကွ၊ လွတ်မြောက်နယ်မြေလို့ ပြောရင်လည်း မမှားဘူး။ ကိုယ်တွေးမိတာ ပြောလို့ရတဲ့နေရာ၊ ကိုယ်စဉ်းစားမိတာကို အချုပ်အချယ် မရှိဘဲ ဆွေးနွေးငြင်းခုံလို့ရတဲ့ နေရာတစ်ခုတော့ လိုတယ်။ အဲဒါက ကိုယ့်လိုလူစားမျိုးတွေ"

သူငယ်ချင်းပြောသော စကားသံတချို့က အတွေးနားမှာ ပဲ့တင်လှိုင်းသံတွေအဖြစ် အကြားအာရုံထဲ ရောက်လာသည်။ အသံလိုလို ကြားရခိုက်မှာပဲ အတွေးက လွင့်မျောစီးဆင်းတော့မလိုလို တောင်ပံခတ်လိုက်၏။ တောင်ပံသာ ခတ်လိုက်သည်။ ထပြီး မပျံသန်းဖြစ်သော ခန္ဓာကိုယ်က မျက်စိရှေ့မှာ ရှိနေသော စာအုပ်၏မျက်ဖုံးပေါ်မှ နာမည်ကို စိတ်ဖြင့် ရေရွတ်နေမိသည်။ ဘယ်နှကြိမ်၊ ဘယ်နှခါ ရေရွတ်မိခဲ့ဖူးပြီလဲ ဆိုတာကိုတော့ မမှတ်မိချင်။

'တက္ကသိုလ်ကို မြတ်နိုးစွာ လွမ်းပြန်တော့' …တဲ့။ လွမ်းရသည်ကပင် မြတ်နိုးစွာ။ ချစ်ခြင်း၊ ခင်ခြင်း၊ တွယ်တာခြင်း၊ စွဲမက်ခြင်း၊ အဖန်တလဲလဲ သတိရခြင်း၊ အလေးအနက်ထားခြင်းတို့၏ အနှစ်ချုပ်စကားလုံးက 'မြတ်နိုးစွာ လွမ်း' ရခြင်းပဲ ဖြစ်မည်။ ပေါ့ပျက်စွာ ဖျတ်ခနဲ သတိရခြင်းမျိုး မဟုတ်မှန်းတော့ သိသည်။ လေးနက်စွဲမြဲစွာ ချစ်ခင်စွဲလမ်းစိတ်တွေဖြင့် လွမ်းရလောက်အောင် ဤအရပ်ဒေသသည် သူ့ကို မည်သည့်နှောင်ကြိုးတွေဖြင့် ပြုစားခဲ့လေသလဲ။ ကဝေတွေ၊ စုန်းတွေက ပြုစားသည်ဆိုလျှင်လည်း သူတို့လိုရာကို ကြိုးဆွဲသည့်အတိုင်း ကဖို့ အကြံယုတ်၊ အကြံဆိုးပဲ ဖြစ်သည်။ ကာယကံရှင်၏ အလိုဆန္ဒမပါသော ရုပ်သေးကျွန်ဘဝမျိုးသာဖြစ်မည်။ ယခုခံစားမှုကတော့ ကာယကံရှင်၏ အလိုဆန္ဒအတိုင်း၊ ရင်ထဲ၊ ဘဝထဲမှာ ရှိနေသည့်အတိုင်း စွဲလမ်းတမ်းတသော ခံစားမှု၊ အခြားသော တစ်ယောက်ယောက်၏ ကြိုးဆွဲရာအတိုင်း လှုပ်ရှားရသော၊ မလွတ်လပ်သော ခံ

စားမှုမျိုးမှ ပေါ်ထွက်လာသော မည်ကာမတ္တ ဝေါဟာရစကားစုမဟုတ်။ ကိုယ်တိုင် တွေ့ဖူး၊ ကြုံဖူး၊ ဖြတ်သန်းဖူး၊ နှစ်ခြိုက်ဖူးပြီးမှ ရင်ထဲ ဘဝထဲမှာ စွဲနှစ်အခြေခိုင်ကာ ထုထည်ဖြစ်နေခဲ့သော အတိတ်၏ ရုပ်တုဖြစ်သည်။ ရင်ထဲမှာ အခြေခိုင်နေသော ရုပ်တုမို့ ကျောက်သားလို၊ သစ်သားလို သက်မဲ့၊ ခံစားမှုမဲ့ ရုပ်တုတော့ မဟုတ်။ အတိတ်၏ အရိပ်တွေ၊ အရောင်တွေ၊ အလင်းတွေ၊ အမှောင်တွေက စကားလုံးတွေ၊ အသံတွေဖြင့် လှုပ်ခတ်လာခြင်းမျိုးနှင့် ကြုံကြိုက်မိသည့်အခါတိုင်းမှာ ရင်ထဲက အတိတ်ရုပ်တုသည် လျှင်လောက် မပြင်းသော်လည်း 'ဟင်းခနဲ' သက်ပြင်းချမိတတ်သည်ချည်းသာ။ သက်ပြင်းချမိခြင်းထဲမှာ အရှုံးပေး၊ အညံ့ခံစိတ်တို့ မပါတတ်သော်လည်း အခြေအနေ မပေးသေး၍ လုပ်ကိုင်ခွင့်နှင့် ဝေးနေရခြင်းအပေါ်မှာ မကျေနပ်သောစိတ်တို့ ကိန်းအောင်းနေလိမ့်မည်ထင်သည်။ မပြီးပြတ်သေးသော ရေရှည်တိုက်ပွဲတစ်ခု၏ ယာယီရှုံးနိမ့်နေမှုအပေါ် ကျိတ်မနိုင် ခဲမရသော ဒေါသတို့ပါနေလိမ့်မည်ထင်သည်။ မြင်နေရ၊ ကြားနေရ၊ ဖြစ်နေကြသော အခြေအနေတစ်စုံလုံးအပေါ်မှာ အားမလိုအားမရဖြစ်မိသော ခံစားမှုတို့ ပါမည်ထင်သည်။ တစ်ကွေ့တော့ တွေ့ကြသေးတာပေါ့ ဟူသော တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် ကြုံးဝါးခြင်းလည်း ပါကောင်းပါပါလိမ့်မည်။ သက်ပြင်းတစ်ခုထဲတွင် ပါနိုင်ခြေတွေက နည်းမည်မဟုတ်ပါ။ လွတ်လပ်မှုကို မြတ်နိုးသော၊ လွတ်မြောက်နယ်မြေ၏ ရသကို မြည်းစမ်းဖူးသော လူတစ်ယောက်၏ မက်မောတမ်းတသည့် အလွမ်းစိတ်ထဲတွင် အတိတ်သမိုင်း၏ ရုပ်ပုံများက ဝိုးတဝါးမှ ပီသလာတတ်၊ ပီသလာရာမှ သက်ဝင်လှုပ်ရှားပြီး ရင်ခုန်စရာဘဝများကို ပြန်မြင်ရတတ်၊ ခံစားရတတ်သည်ပဲလေ။

* * *

ရန့်တချို့က တောင်ပံခတ်ပျံသန်းလာကြသည်ကို မြင်မိ၊ ကြားမိလိုက်သည်။ ဘယ်သူတွေများပါလိမ့်ဟု သေချာကြည့်မိသောအခါ

ကုံကော်ဝတ်မှုန်တွေ ဖြစ်နေ၏။ ကုံကော်တော၊ ကုံကော်ပွင့်၊ ကုံကော်ဝတ်ဆံ၊ ကုံကော်ဝတ်မှုန်၊ ကုံကော်ရနံ့။

ဒဂုန်တာရာတို့ခေတ်တုန်းကတော့ စိန်ပန်းနီနီသည် တက္ကသိုလ်၏ အမှတ်အသားဟု ဖတ်ခဲ့ရဖူးသည်။ စစ်ပြီးခေတ်တွင်မူ ကုံကော်သည် တက္ကသိုလ်၏ သင်္ကေတ ဖြစ်လာသည်တဲ့။ ပြီးတော့ မြကျွန်းညိုညိုဟူသော တင်စားမှုလည်း ရှိသေးသည်။ အဓိပတိလမ်းမဘေးတွင် ရေတမာပင်တွေကလည်း အစီအရီ။ စိန်ပန်းနီနီ၏ အမွေကို ကုံကော်တွေကယူလိုက်သော တက္ကသိုလ်တွင် ရေတမာတွေက အမွေလု၍ ရနိုင်ရိုးလားဟု တွေးမိသည်။ ခေတ်ရေစီးနှင့် ပြောင်းကြွေသွားသော ကာလရှည်ကြီးထဲတွင် ပျောင်းသေမသွားသော ကုံကော်ရနံ့တွေ ရှိသည်။ တစ်တောလုံးကို လင်းစေခဲ့သော ကုံကော်ရနံ့တွေထဲတွင် စစ်ပြီးခေတ်မှ မနေ့၊ တစ်နေ့ကအထိ ရင်ခုန်ရှင်သန်နေသော ကုံကော်မျိုးဆက်ရနံ့တွေက လွင့်ပျံ့နေဆဲ။ မနေ့က မျိုးဆက်သည် သူတို့၏ ခရီးရှည်မိုင် နှစ်ပေါင်းများစွာ တစ်လျှောက်လုံး လက်ဆင့်ကမ်း သယ်ပို့ခဲ့သော မေတ္တာနှင့်စေတနာရနံ့တွေကို ဒီကနေ့ မျိုးဆက်လက်ထဲသို့ နွေးထွေးစွာပွေ့ဖက်၍ ကမ်းပေးလိုက်သည်။ လွတ်လပ်သောပညာရေးအတွက် ရုန်းကန်ခဲ့မှုများ။ ကိုယ့်ကျောင်းသားထု တစ်ခုလုံးအတွက် မရမဖြစ်၊ မရှိမဖြစ် အခွင့်အရေးဆိုင်ရာ လိုလားချက်များ။ နိုင်ငံရေးနံ့သင်းသော စကားလုံးများဖြင့် ပြောရလျှင် ဒီမိုကရေစီပညာရေးနှင့် ကျောင်းသားထုအခွင့်အရေး ကာကွယ်ရေး။

ဤစကားလုံးတွေဆီမှာ ချွေးနံ့တို့ စွန်းထင်းနေသည်။ သွေးညှီနံ့တို့ ပေကျံနေသည်။ စကားလုံးတစ်ခုနှင့် တစ်ခုကြားတွင် ကျဆုံးသွားခဲ့သော အာဇာနည်တို့၏ ဝိညာဉ်တို့ပါ ပူးကပ်နေနိုင်သေးသည်။ သို့သော် ပစ္စုပ္ပန်မျိုးဆက်၏ ကုံကော်ရနံ့ လက်ထဲသို့ ကမ်းလိုက်ချိန်တွင် ဝင်းလက်တောက်ပ၊ လှပပျိုမျစ်လျက် မေတ္တာနှင့် စေတနာရနံ့တို့ပါ ကူးယှက်ပေါင်းစပ်ကာ ရင်ခုန်သံတို့လည်း သက်ဝင်လှုပ်ရှားဝံ့ကြွားကြွား။ ရနံ့သစ်တို့က ချစ်ခြင်းတရားဖြင့် သမိုင်းအမွေကို အားပါးတရ ပွေ့ဖက်နမ်းလိုက်သည်။ ရနံ့တွေ၏ တောင်ပံခတ်သံကို ကြားရ၊

မြင်ရသည်။ ဟောင်းသေပျက်ကြွေမသွားခဲ့သော ကုံကော်တောထဲမှ ကုံကော်ဝိညာဉ်၏ပိုင်ရှင်ဖြစ်သည့် ကုံကော်ရနံ့များ။

ရနံ့များကို မြင်ရသောအခါ တစ်ခါတုန်းဆီက ကုံကော်ဝတ်မှုန်မိုးတွေ ရွာချခဲ့တာကို ပြန်၍ကြားရသည်။ ကုံကော်ဝတ်မှုန်မိုးသည် တက္ကသိုလ်ပရဝုဏ်မှာ မိုးစက်မိုးပေါက်လေးဖြင့် စပြီး ရွာခဲ့သော်လည်း တစ်ပြည်လုံးမှာတော့ ထစ်ချုန်းသံများဖြင့် သဲသဲမဲမဲရွာခဲ့သည့် အတိတ်ကို သတိရမိလိုက်သည်။

ဒဏ်ရာအပြင်းဆုံးဝေဒနာကို ခံစားနေရသည့်ကြားထဲမှ 'အရေးတော်ပုံ အောင်ရမည်' ဟု ကြုံးဝါးခဲ့သော ကိုအောင်ကျော်နှင့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးကား တက္ကသိုလ်ပရဝုဏ်အပြင်မှာ ရွာခဲ့သော ထစ်ချုန်းသံများဖြင့် သဲသဲမဲမဲ ရွာခဲ့သောမိုးဖြစ်သည်။

၆ ခရိုင် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီး (၁၉၆၃ ခုနှစ်၊ နိုဝင်ဘာ ၁၀) တုန်းက ပြည်သူ့ကော်မတီတွင် ပူးပေါင်းပါဝင်ပြီး ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် လူထုကြီးနှင့်အတူ ချီးလိုက်ခဲ့ခြင်းကလည်း တက္ကသိုလ်ပရဝုဏ်အပြင်ထွက်ပြီး ငြိမ်းစေအေးစေလိုသောဆန္ဒကို ဖော်ထုတ်ပြခဲ့ခြင်း ဖြစ်သည်။

ကုံကော်ရနံ့ မလှိုင်၊ ခွပ်ဒေါင်းတွန်သံ မမြိုင်နိုင်ခဲ့သော စစ်သံကန့်လန့်ကာ နှစ်ကာလများကြားတွင် တွန်သံပေး၍ ခွပ်လိုက်၊ ပြန်ငြိမ်သွားလိုက်၊ ဝတ်မှုန်မိုးတွေ ရွာလိုက်၊ ကန္တာရနှစ်များကို ဖြတ်သန်းလိုက်ရဖြင့် စစ်အာဏာမိုင်ထောင်ချီ ခရီးလမ်းထဲ ပျံသန်းခဲ့ရသော ရနံ့တောင်ပံခတ်သံ၊ ရနံ့တွန်ကျူးသံတို့ကား နိမ့်ချည်မြင့်ချည်။ ရင်ထဲမှာဖြစ်သော ဝေဒနာက လည်ချောင်းဝသို့ ရောက်လာသော်လည်း အာခံတွင်းထဲမှာ ငုံထားခဲ့ရသော တေးမြှုငှက်ဘဝလို။

မြှုထားခဲ့ရသော အသံကိုယ်စီကား မည်မျှအထိကြာအောင် မျိုသိပ်နိုင် စွမ်းရှိပါအံ့နည်း။ ငယ်ငယ်က ဖတ်ဖူးသော ပုံပြင်ကို သတိရသည်။ 'ဘုရင်ကြီး ဖွဲ့နစားသဟေ့' တဲ့။ လူတွေကြားမှာ ပြောလျှင် အပြစ်ဒဏ်ခံရမည်ကို စိုးရိမ်သဖြင့် တောထဲက သစ်ပင်ကြီးတစ်ပင်၏ သစ်ခေါင်းဝမှာ သွားပြီး အော်ခဲ့သည့် အသံ။ အော်ခဲ့သည်ကလည်း

အားရပါးရ၊ ကျိတ်မှိတ်မျိုသိပ်ထားခဲ့ရသမျှကို ဖွင့်ထုတ်ပစ်လိုက်သည့် အသံ။ အကြောင်းတိုက်ဆိုင်ချင်တော့ ဘုရင့်နန်းတော်မှ စည်တော်ကြီးကို အသစ်လဲရမည့်အချိန်တွင် ထိုသစ်ပင်၏ ပင်စည်ကိုထွင်းပြီး စည်တော်ကို သားရေကျပ်ရသည်နှင့် ကြုံသည်။ စည်တော်ဖွင့်ပွဲမှာ စည်တော်ကြီးကို တီးလိုက်သောအခါ 'ဘုရင်ကြီး ဖွဲနုစားသဟေ့' ဟူ၍ အသံထွက်လာသည်။

မြိုထားခဲ့ရသော၊ မျိုသိပ်ထားခဲ့ရသော အသံတွေ၏ ဝေဒနာရှင်တွေ စုစည်းမိသောအခါ ကုံကော်တောမှာ၊ ပရဂုဏ်၏ အပြင်ဘက်က ပေတရာလမ်းမထက်မှာ ဖွင့်အန်ပစ်ခဲ့သော အသံတွေကြောင့် လူ့အဖွဲ့အစည်းထဲမှာ တုန်ခါခဲ့သည်။ အလုံခြုံဆုံးဟု ထင်မှတ်ခဲ့သော စစ်သံကန့်လန့်ကာတံခါးတွေက ဘယ်ရွေ့ဘယ်မျှထိကြာအောင် လုံခြုံနိုင်ခဲ့ပါသလဲ။ ဘယ်နှနှစ်၊ ဘယ်နှရာသီကို ဖြတ်သန်းထားနိုင်ခဲ့ပါသလဲ။ ရန့်တွေ၊ တောင်ပံခေတ်သံတွေ၊ တိုက်ပွဲဝင် တွန်ကျူးသံတွေက စစ်သံတိုင်တန်းတွေဖြင့် ဖုံးအုပ်ဖမ်းချုပ်ထားသော လူ့အဖွဲ့အစည်းထဲမှာ ပြင်းပြင်းထန်ထန် ကျယ်ကျယ်လောင်လောင် တုန်ခါခဲ့သည်။ ကုံကော်ဝတ်မှုန်မိုးကို ဗကသများ (အဖွဲ့ချုပ်) က ရွာဖြိုစေခဲ့သော နှစ်ကာလများဟု ပြော၍ရသည့် ၁၉၈၈၊ အမုန်းတံတိုင်းများကို အချစ်လှိုင်းများဖြင့် ရိုက်ပုတ်တိုက်စား ပြိုလဲသွားစေခဲ့သော ၁၉၈၈၊

ယခုတော့လည်း ထိုဆယ်စုနှစ် ၃ စုကျော်မှာ တချို့လူတွေအတွက် ဘာမှမသိရသော အတိတ်။ ကြားဖူးသူတွေအတွက် ကြောက်လန့်စရာနှင့် အားတက်စရာ။ ဖြတ်သန်းခဲ့ဖူးသူတွေထဲမှာ ခပ်တိမ်တိမ်ပဲ ဖြတ်သန်းခဲ့ရသူတွေက အတိတ်မေ့ရောဂါသည်ဘဝမှာ ရှိနေကြပြီး အလေးအနက်စိတ်ဖြင့် ဖြတ်သန်းခဲ့ရသူတွေကတော့ သေသူသေ၊ ရူးသူရူး ဘဝပျက်သူပျက်၊ အနာဂတ်မဲ့သူမဲ့၊ တချို့ကတော့ မုန်တိုင်းကြားက ရွက်ကြွေတွေလို လေနှင်ရာလွင့်ပါသွားရင်း အရပ်တစ်ပါးမှာ ဇာတိမြေကို လွမ်းရစ်စွာ ရှင်သန်နေသူတွေလည်း ရှိနေဆဲ။

* * *

မရမ်းတောကြီးဘဝမှ ရန်ကုန်တက္ကသိုလ်ဟူ၍ ဖြစ်လာသော ကာလအစ၊ တက္ကသိုလ်မွေးကတည်းက သပိတ်နှင့် ဖွားဖက်တော်ဖြစ်ခဲ့သည်။ ၁၉၂၀။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေ ပြဋ္ဌာန်းထားချက်အရ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂအသင်းတိုက်ကို သူဌေးကြီး ဦးညို၏ အလှူငွေဖြင့် ဆောက်လုပ်ခဲ့ရာ ၁၉၃၀ ပြည့်နှစ်၊ ဇွန်လတွင် ပြီးခဲ့သည်။ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်တွင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂဟူ၍ တရားဝင်ပေါ်ပေါက်လာသည်။ ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်အပြီးတွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ (ဗကသ) ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ၁၉၃၈ ခုနှစ် တတိယကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးအထိ အလုပ်သမား၊ လယ်သမား၊ ပြင်ပလောကရှိ နိုင်ငံရေးသမားများနှင့် လက်တွဲနိုင်ခဲ့သည်။ ကျောင်းသားသမဂ္ဂခေါင်းဆောင်ဟောင်း သခင်တချို့နှင့် တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်များ၏ လက်တွဲညီမှုက တိုင်းပြည်ကို လွတ်လပ်ရေးရစေခဲ့သည်။

လွတ်လပ်ရေးရပြီးခေတ်တွင် ကျောင်းသားသမဂ္ဂများသည် ငြိမ်းချမ်းရေးအတွက် ဒီမိုကရေစီရေးအတွက် တိုက်ပွဲထဲဝင်ပါရင်း မူလတာဝန်ဖြစ်သော ဒီမိုကရေစီပညာရေး၊ ကျောင်းသားထု အခွင့်အရေးကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်။

၁၉၅၈ ခုနှစ်တွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့ရာမှ ၁၉၆၂ ခုနှစ် ဒုတိယအကြိမ် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် ကျောင်းသားသမဂ္ဂများသည် စစ်အာဏာရှင် ဆန့်ကျင်ရေးတိုက်ပွဲထဲသို့ ပါဝင်ခဲ့ရသည်မှာ ယခုထိတိုင် ဖြစ်သည်ဟု ပြော၍ ရသည်။

* * *

တစ်ခါတုန်းက မရမ်းတောကြီးသည် စိန်ပန်းနီနီ၏ သင်္ကေတလည်း ဖြစ်ခဲ့ဖူးသည်။ ကံ့ကော်တောဘဝသစ်သို့ ပြောင်းဖြစ်ခဲ့ရာမှ ယခုထိတိုင်အောင် ကံ့ကော်တောအဖြစ် သတ်မှတ်ထားဆဲပင်။

ကံ့ကော်တောဘဝတွင် ဒီမိုကရေစီရေး၊ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး တိုက်ပွဲတွေထဲမှာ ကံ့ကော်ရနံ့သင်းမြဖူးသည်။ ခွပ်ဒေါင်းတွန်သံက တောလုံးညံခဲ့ဖူးသည်။ ကံ့ကော်ဝတ်မှုန်မိုး ရွာချလိုက်သောအချိန်တွင် လူ့အဖွဲ့အစည်းတစ်ခုလုံးမှာ ဝါဝင်းလင်းထိန်ခဲ့ဖူးသည်။

၁၉၂၀ ပြည့်နှစ် သပိတ်ဖြင့် နိုင်ငံကို လှုပ်နှိုးခဲ့သော ရန်ကုန်တက္ကသိုလ်သည် စိန်ပန်းနီသောခေတ်၊ ကံ့ကော်သင်းသော ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံကိုလှုပ်နှိုးခဲ့သော အစဉ်အလာကောင်းကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းခဲ့သည်။

ဟော ... ဟိုမှာ၊ ရနံ့တို့၏ တောင်ပံခတ်သံကို ကြားရပြီ။ ပျံ့သန်းလာနေကြသော ရနံ့တို့ကို မြင်နေရ၏။

တွန်သံတွေကိုလည်း ကြားရ၏ ထိုတွန်သံတွေ၏ကြားမှာ ကံ့ကော်ဝတ်မှုန်မိုးတို့ ရွာဟန်ပြင်နေသံကို မြင်ရ၏။ တက္ကသိုလ်၏ နှစ်တစ်ရာသမိုင်းသည် ဒူးထောက်အညံ့ခံသော သမိုင်းမဟုတ်ခဲ့။

ပညာရေးလောကနှင့် လူ့အဖွဲ့အစည်းကို ချစ်မြတ်နိုးစွာ ကံ့ကော်ရနံ့လှိုင်းတွေဖြင့် တွန်သံဝေခဲ့သော သမိုင်းဟုသာ ပြောရမည်။

"ရနံ့တွန်သံ
တောလုံးညံမည်။
ခွပ်ဒေါင်းတွန်သံ
မိုးယံထွင်းဖောက်
ဖက်ဆစ်ကြောက်လန့် ပြေးစေသတည်း။" ■

နောင်ကျော်
၂၁၊ ၇၊ ၂၀၁၉။

# စိန်ပန်းပြာနဲ့ဝေးသူသို့သာ လွမ်း

သည့်နေရာ၊ သည့်ဒေသ၊ သည့်ဝန်းကျင်ဌွေ့ အနီးရောက် သည်နှင့် သန့်ရှင်းလန်းဆတ်သောလေကို လွတ်လပ်စွာ ရှူရှိုက်ခံစား ရသည့်မှာအမှန်ပင်။ တက္ကသိုလ်ရိပ်သာလမ်း အဓိပတိလမ်းထိပ်ဝင် သည်နှင့် ညာဘက်တွင် ဆာဟာကုတ်ဘတ်တလာရုပ်တု ရှိခဲ့ဖူးသည်။ ဤရုပ်တုမှ၊ အဓိပတိလမ်းအဆုံးအထိ မကွေ့မကောက် အတားအဆီး မရှိ၊ ထီးတည်းတည်ရှိနေသည်။ ဘွဲ့နှင်းသဘင်ခန်းမထဲမှ အဓိပတိ ထိုင်ခုံနှင့် မျဉ်းတစ်ဖြောင့်တည်း ရှိခဲ့သည်မှာ ထူးခြားချက်ဝိသေသ။ ပညာသဘော သင်္ကေတ။

အဓိပတိလမ်းအစ ညာဘက်၊ ဗိုလ်အောင်ကျော်ရင်ပြင်နှင့် ကျောင်းသားအခွင့်အရေး ကာကွယ်ရာဘုံဗိမ္မာန်။ တကာသအဆောက် အအုံကြီး၊ မားမားမတ်မတ်တည်နေသည်မှာ စိတ်အင်းအား တက်ကြွ ဖွယ်ရာပင်။ ဗိုလ်အောင်ကျော်ရင်ပြင် အထိန်းအမှတ်ကျောက်တိုင် အရှေ့၌ စိန်ပန်းပြာပင်ရှိ၏။ တက္ကသိုလ်ကျောင်းတိုက် တစ်ခုလုံး၏ ရှားရှားပါးပါးရှိခဲ့သည့် စိန်ပန်းပြာ။ တကာသတို့ တွယ်ငြိရာ၊ ဗကာသတို့ လွမ်းမောရာ။ ကျောင်းသား ကျောင်းသူတို့၊ တွယ်မှီရာ အာဝါသ ကောင်းလည်း ဖြစ်ခဲ့သည်။ သူတို့၏ရင်ခုန်သံအစုစုတို့ မော်ကွန်းတင် ရာ၊ အနန်းပန်းခရမ်းပြာတို့ဖူးပွင့်ရာ ဘူမိနက်သန်။ သူတို့နှစ်လုံးသား ၏ သမဂ္ဂပုံရိပ်အဖြစ် ဂုဏ်တင့်ခဲ့သော စိန်ပန်းပြာ ...။ ကျောင်းသား

တို့၏ ထူးခြားသည့် ဝိသေသ၊ တကာသ၏သင်္ကေတ။

ဖွန်လကျောင်းဖွင့်ရာသီ ရောက်သည်နှင့် ကျောင်းတိုက်ရှိ စိန်ပန်းနီတို့နှင့်အပြိုင် စိန်ပန်းပြာလည်း ပင်လုံးညွတ်မျှ ဖူးပွင့်မြဲပင်။ ဗိုလ်အောင်ကျော်ရင်ပြင်နှင့် သမဂ္ဂမြက်ခင်းပြင်ထက်မှ ထိုးထွက်နေသော ပန်းခရမ်းပြာတို့ကား ကိုအောင်ကျော် အထိမ်းအမှတ်ကျောက်တိုင်အား ခရမ်းပြာပန်းထီးတို့ အုပ်မိုးပူဇော်နေသယောင်ယောင်။ သည်အချိန်ခါရောက်သည်နှင့် ကျောင်းသား။ သူတို့ အမြတ်တနိုး တန်ဖိုးထားလျက် ရင်မှာသိမ်းဆည်းခဲ့ကြ။ သမဂ္ဂအဆောက်အုံနှင့် စိန်ပန်းပြာ ခွဲမရသော သင်္ကေတပြယုဂ်တစ်ခု ဖြစ်သည်ဟု ကျောင်းသားတိုင်းရင်ထဲ စွဲမှတ်ခဲ့ကြသည်။ ဤအခြေနေ ဤပုံရိပ်တို့ ပျက်သုဉ်းရန်အကြောင်း ဖန်လာခဲ့သည်။ ကျောင်းသားထုတို့ ရင်ကွဲနာဖြစ်စေခဲ့သည်ကား ...

**၁၉၆၂ခုနှစ်၊ ဂျူလိုင် ၇ရက်၊ နေ့လည် ၁ နာရီ။** တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အစည်းဝေးခန်းမထဲ၌ ကျောင်းသား ၂၀၀၀ ခန့် စုဝေးရောက်ရှိနေပြီ။ သမဂ္ဂစင်မြင့်ထက်ရှိ တကာသဥက္ကဋ္ဌခုံတွင် ဥက္ကဋ္ဌဖြစ်သူ ကိုဗဆွေလေး နေရာယူပြီးသည်နှင့် အခန်းနားမှူးတာဝန်ယူထားသူ အတွင်းရေးမှူး ကိုသာဒိုးက အစည်းဝေးစတင်ကြောင်း ကြေညာလိုက်သည်။

သဘာပတိ ကိုဗဆွေလေးက လက်ရှိကျောင်းသားတို့ အခြေအနေနှင့် မေလ ၉ ရက်နေ့ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဖျက်သိမ်းခဲ့ကြောင်း။ မေ ၁၀ ရက်တွင် တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းလိုက်ကြောင်း။ တင်းကြပ်လာသော အဆောင်စည်းကမ်းများ ထုတ်ပြန်၍ ကျောင်းသားများအား ဖိနှိပ်လာကြောင်း။ ဇူလိုင် ၅ ရက်နေ့တွင် ဗကသ ကိုတင်ထွန်းနှင့် တကာသကိုလှမြိုင်တို့ကို ဖမ်းဆီးထားကြောင်း။ ထို့ကြောင့် တင်းကြပ်သည့် ကျောင်းဆောင်စည်းကမ်းများကို ဖျက်သိမ်းပေးရန်နှင့် ကျောင်းဆောင်ကော်မတီတွင် ကျောင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုဖို့ လိုကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး

နောက် ကျောင်းသားထုအားလုံး ဆန္ဒယှူမဲခွဲဆုံးဖြတ်ခဲ့သည်။

ကျောင်းသားထုဆုံးဖြတ်ချက်အရ အဓိပတိလမ်းတစ်လျှောက် ''အဆောင်စည်းကမ်း ဖျက်သိမ်းရေး၊ ဖမ်းဆီးကျောင်းသား ပြန်လွှတ်ပေးရေး။'' စသဖြင့် ကြွေးကြော်ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ရဲများက၊ မျက်ရည်ယိုဗုံး ပစ်၍ လူစုခွဲခဲ့သည်။ ကျောင်းအပြင် မထွက်ကြရန် ကျောင်းတာဝန်ခံများတားသဖြင့် အပြင်မထွက်တော့ဘဲ ခြံဝန်းတံခါးမကို ပိတ်လိုက်ကြသည်။ ကျောင်းသားတို့ အဆောင်အသီးသီးသို့ ပြန်ပြီ။ ထိုစဉ် ကျောင်းသားများအား ဝင်ရောက်ဖမ်းဆီးသည့်သတင်း တစ်မဟုတ်ချင်း ပြန့်နှံ့သွားသည်။ ကိုဗဆွေလေးတို့ ပါသွားသည်ဟု ဆိုသည်။ ကျောင်းသားတို့ အဓိပတိလမ်းပေါ် ပြန်ရောက်လာသည်။ လူစုမိပြီ။ နောက်တကျော့ ထပ်မံ ကန့်ကွက်ဆန္ဒပြပြန်သည်။ ရဲတို့ ဆုတ်ခွာပြီး စစ်တပ်ရောက်လာသည်။

**ဇူလိုင် ၇ ရက်နေ့၊ ညနေ ၆ နာရီ ၅ မိနစ်**တွင် စစ်တပ်က သေနတ်ဖြင့် စတင်ပစ်ခတ်တော့သည်။ ကမာရွတ်တစ်ဝိုက် ပုဒ်မ ၁၄၄ ထုတ်သည်။ တက္ကသိုလ်ကျောင်းများကို ''ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း။'' ထိုညတွင် ကြေညာသည်။ ဆေးရုံကြီးကို လူအဝင်အထွက် မရှိ ပိတ်ဆို့ပြီး ကျောင်းသားဒဏ်ရာရသူ၊ သေဆုံးသူတို့ကို ဆေးရုံကြီးသို့ သယ်ဆောင်သည်။ တော်လှန်ရေးကောင်စီ၏ လမ်းစဉ်သတင်းမှနေ၍ သေသူ ၉ ဦးဒဏ်ရာရ ၄၁ ဦးဟု ကြေညာသည်။ သေဆုံးသူ ၁၁ ယောက်ဟု ထပ်တိုးစာရင်း ကြေညာသည်။ အမှန်မှာ ထိုအရေအတွက်ထက် များသည်။

**ဇူလိုင် ၈ ရက်နေ့ မနက် ၆ နာရီ။** သမဂ္ဂအဆောက်အုံတစ်ခုလုံး မြေတွင်လုံးလုံး မိုင်းနှင့်ဖြို၍ ဆုံးခဲ့ပြီ။ အဆောင်များအားလုံး တုန်ခါသွားခဲ့သည်။ အိပ်ပျော်နေသော ကျောင်းသားတချို့ ခုတင်ပေါ်မှ လိမ့်ကျသည်အထိ ပြင်းထန်လှသည်။ ဝန်းကျင်တစ်ခုလုံး အုံ့ဆိုင်းညို့မှိုင်းသွားခဲ့သည်။ 'နှင်းလေလား၊ မြူတွေလား'ဟု အခွဲရခက်အောင် တက္ကသိုလ်

ပရဂုဏ်တစ်ခုလုံး ဖုံမှုန့်နှင့်ယမ်းငွေ့တို့ လွှမ်းခြုံသွားတော့သည်။ ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းနှင့် ကျောင်းသားသမဂ္ဂ အဆောက်အအုံအပါအဝင် ဤတွင် နိဂုံးအဆုံးသတ်ခဲ့ပြီ။ သမဂ္ဂဖွဲ့ စည်းခွင့်အား စစ်အာဏာရှင်တို့၏ တရားဝင်ခွင့်ပြုချက်တို့ ရုတ်သိမ်းလိုက်ပြီ။

**၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်။** တက္ကသိုလ်များပြန်လည်ဖွင့်လှစ်ပြီ။ လူစုံ မတွေ့ရတော့။ အချို့မိဘက ကျောင်းသို့ ပြန်မလွှတ်တော့။ အချို့က စစ်တပ်၏ လူမဆန်စွာ သတ်ဖြတ်ခြင်းခံရသည်။ အချို့ ပျောက်ဆုံးသွားသည်။ သေသည်ရှင်သည်ပင် မသိနိုင်တော့ပေ။ အချို့ကမူ "ဓားကိုဓားချင်း၊ လုံကိုလှံချင်း"ဟု မြန်မာ့အသံမှနေ၍ စိန်ခေါ်ခဲ့သော ဗိုလ်နေဝင်းကို အံတုတိုက်ခိုက်ရန် တောခိုသွားခဲ့ကြသည်။ သူတို့ချစ်သော ကျောင်းတော်ကြီးနှင့် သမဂ္ဂအဆောက်အုံတို့ကို ခွဲခွာသွားခဲ့ကြပြီ။ စိန်ပန်းပြာတို့လည်း မိုင်းဒဏ်ခံကြရပြီ။ ကျောင်းသားကျောင်းသူတို့၏ ရွှင်ပျပျမျက်နှာတွေ ပျောက်ဆုံးခဲ့ပြီ။ အပျော်တွေ ကုန်ဆုံးပြီ။ သည်အခြေအနေကို မခံစားနိုင်သူတို့ နှလုံးအိမ်မှ ကဗျာလင်္ကာသီချင်းများထွက် ပေါ်လာခဲ့သည်။ ပခုက္ကူကြည်ဝင်း၏ "တက္ကသိုလ် တို့ကျောင်းတစ်နေရာ" သီချင်း ပေါ်လာသည်။ စန္ဒယားချစ်ဆွေ၏ "စိန်ပန်းပြာနဲ့ ဝေးသူရေ" ပေါ်ထွက်လာခဲ့သည်။

ဆေးရုံအနံ့ သင်္ချိုင်းဂူအနံ့ ချစ်သူအပျောက်ကို ရှာခဲ့ကြသည်။ မိတ်ဆွေရဲဘော်အပျောက်ကို ရှာခဲ့ကြသည်။ အချို့ သင်္ဂြိုဟ်စာရင်းမှာ တွေ့သည်။ အချို့ တောခိုသွားသလိုလို။ မသေမရှင် ထောက်ကြံ့ရာဘာတောနက် တွင်းကျယ်ကြီးထဲ မြှုပ်နှံသတ်ဖြတ်ခံရသလိုလို။ သည်နည်းဖြင့် ရာပေါင်းများစွာတို့လည်း အလောင်းဖျောက်ခံခဲ့ကြရသည်။ "သည်အခြေအနေ၊ သည်ပွဲတင်သံတွေကြားမှာ ဘယ်ကျောင်းသားက ပျော်နိုင်မှာတဲ့လည်းကွယ်။" သည်တော့လည်း ...။

"တက္ကသိုလ ... မြကျွန်းသာရင်ပြင်ထက်ဆီမှ ... စိန်ပန်းပြာကလေးတွေကိုပင် ... ခင်မင်အနုအလှ ... မယုယနိုင်ပဲ ... ခွဲခွာသွားရလေသူရေ ..." ဆိုတဲ့ ကိုမင်းနောင်ရဲ့တေးသံက ထိုခေတ်

ကျောင်းသားတို့၏ရင်ကို လှုပ်ခတ်ပေးလိုက်သလိုပင်။ နောက် ကိုတင်လှိုင်ရဲ့ ဆိုဟန် ...။ "အသက်နဲ့ကိုယ်လျှင် ... ဘယ်လိုပင် ခင်သာခင် ... မကြင်ရသည့်ဘဝနှင့်သာစေ ... ဝေးခဲ့ရအဖြစ်များပေ ... တဒင်္ဂအချစ်ဘဝအဖြစ်ပါလေ ... မမေ့ခဲ့ကြနှစ်များရှည် ... အခုတော့ အသက်မှာလေ ... ပျော်ရာမှာလည်းမနေရရ တော်ရာမှာပဲ နေရရှာသူရေ ..." တဲ့။ ကျောင်းကြီးမှာပျော်ချင်ပေမဲ့ တောခိုကျောင်းသားဘဝနှင့်သာပဲ သင့်တော်ရာတွင် နေရသူတို့ကား များလွန်းပါဘိ။ အတိအကျရေတွက်ရန်ပင် မလွယ်။

ခံစားရမည်ဆိုကခံစားစရာပင်။ ကိုမင်းနောင်လည်း တစ်ချိန်က ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂကော်မတီဝင်။ စိန်ပန်းပြာပင်လည်း သမဂ္ဂအဆောက်အုံနှင့်အတူ ပျောက်ကွယ်သွားခဲ့သော်လည်း မျိုးဆက်တို့ မပြတ်ခဲ့။ မကြာမီပြန် လည်ရှင်သန်ထမြောက်ခဲ့ပြန်သည်။ စိန်ပန်းပြာတို့ သမဂ္ဂအဆောက်အုံရှေ့တွင် ဖူးပွင့်လာပြန်ပြီ။ ကျောင်းသားတို့နှလုံးအိမ်၌ သမဂ္ဂအသံတို့ဖြင့် လွှမ်းခြုံလာပြန်သည်။ ကိုမြတ်လေး၊ ကိုချစ်ဆွေ၊ ကိုမင်းနောင်၊ ကိုတင်လှိုင်၊ ကိုသန်းလှိုင်၊ ကိုလေးညွန့်မာမာအေးတို့၏ တက္ကသိုလ်ကျောင်းဘွဲ့ တေးသီချင်းနှင့်အတူ သမဂ္ဂပြန်နိုးထရန်နှိုးဆွနိုင်ခဲ့ပြီဟု ဆိုနိုင်သည်။ ဦးလှရွှေ (နောက်ဆုံးအိုးဝေအယ်ဒီတာ)ကမူ "စန္ဒယားချစ်ဆွေရေးတဲ့ စိန်ပန်းပြာနဲ့ ဝေးသူရေသီချင်းဟာ ၁၉၆၂ ခုနှစ်၊ သမဂ္ဂကျောင်းသားတွေနဲ့ ပတ်သက်ပြီး ခံစားရေးဖွဲ့ခဲ့တာ" ဟု ပြောဖူးသည်။

မည်သို့ပင်ဖြစ်စေ ကျောင်းသားအစဉ်အဆက်၏ ရင်ထဲတွင် ကျောင်းသားသမဂ္ဂနေရာကွက်လပ်ကြီးအား တွေ့မြင်ရတိုင်း နောင်တော်ကြီးများ၏ ကြေကွဲဖြစ်ရပ်တို့ကို ပြန်လည်ခံစား တက်ခေါက်ခဲ့ကြသည်။ ရင်နှင့်အမျှ နာကျင်ခဲ့ရသည်ပင်။ ဤနာကျင်ခံစားရမှုများနှင့်အတူ 'စိန်ပန်းပြာနဲ့ဝေးသူ' တို့အတွက် လွမ်းမောတမ်းတကြမည်ပင်ဖြစ်သည်။ ယခုမူ "စိန်ပန်းပြာနဲ့ဝေးသူရေ"၏ မွေးဖွားရာ ရင်ခွင်လည်း ကွယ်ပျောက်နေဆဲ။ မွေးဖွားပေးသူ စန္ဒယားချစ်ဆွေလည်း မရှိတော့။ ဤသီချင်းကို ခံစားသီဆိုပေးခဲ့သူနှစ်ဦးဖြစ်သည့် ကိုမင်းနောင်နှင့် ကို

တင်လှိုင်တို့လည်း စိန်ပန်းပြာကိုနုတ်ဆက်သွားခဲ့ကြပြီ။ သူတို့သီဆို ကျူးရင့်ခဲ့ကြသော စိန်ပန်းပြာနှင့်ဝေးသူအတွက်တေးသံကား ပျံ့လွင့် နေဆဲရှိနေသည်ကိုကား သူတို့ မကြားနိုင်တော့ပြီ။ ■

[ကွယ်လွန်သွားသော 'စိန်ပန်းပြာနှင့်ဝေးသူရေ' ၏ တေးပြုစာဆို စန္ဒရား ချစ်ဆွေ၊ သီဆိုခဲ့ကြသူ ကိုမင်းနောင်၊ ကိုတင်လှိုင် တို့အား ဂုဏ်ပြု ရေးသားခြင်းဖြစ်သည်။]

ထွန်းဇော်ဌေး

## တက္ကသိုလ်အမှတ်ရချက်များ

ပြန်လည်တွေးဆမိတိုင်း ရင်ခုန်လွမ်းမောဖွယ်ရာ ကောင်းနေတတ်သည့် မြကျွန်းသာ၊ . . . ချစ်စွာသော သို့ . . . တစ်ရံတစ်ခါဆီက ထိုသက္ကရာဇ်များ၊ နှစ်ကာလများ။

ဖေဖော်ဝါရီ ၂၁ သည် တက္ကသိုလ်ပုရဂုဏ်ထဲမှာ "ကံ့ကော်များ စတင်ပွင့်သော နေ့" ဖြစ်၍ ဤလူတစ်ယောက် အတွက်တော့ ပုဂ္ဂလိကပိုင် "ချစ်စကားလိုက်ပြောခြင်း အမှတ်တရနေ့" လည်း ဖြစ်သည်။ အထက်ဖော်ပြပါ ၁၉၈၃ ခုနှစ်၊ နွေဦးမနက်တွင် ကျောင်းထဲမှာ မြူတွေက ထူထဲနေခဲ့ကြသည်။

ကိန်းဘရစ်တက္ကသိုလ် လှေခါးထစ်တွေမှာ ကဗျာဆရာ ဘိုင်ရွန်တို့ ထိုင်ခဲ့ကြသလို ကျွန်တော်တို့လည်း တက္ကသိုလ်စာကြည့်တိုက်ရှေ့ လှေခါးထစ်တွေမှာ ထိုင်နေခဲ့ကြဖူးသည်။ သိပ္ပံဆောင်တွေဘက်မှာတော့ ဤမနက် ဖေဖော်ဝါရီမြူတွေလိုပဲ စိန်ပန်း အပြာ၊ အနီ၊ လိမ္မော်တို့သည် တဖွဲဖွဲ ကြွေနေခဲ့ကြ၏။ ဘိုင်ရွန်တို့၏ "ရှိမန္တိကလှုပ်ရှားမှု" ကဲ့သို့ အထားအသို (Composition) လှုပ်ရှားမှုကိစ္စကို ကျွန်တော် တွေးခေါ်နေမိခဲ့စဉ်တုန်းက။

"တက္ကသိုလ်ကျောင်းဆိုတာ စာကြည့်တိုက်တစ်ခုရဲ့ အနီးအနားမှာ တစ်စုတစ်ဝေး ရှိနေကြတဲ့ အဆောက်အဦအုပ်စု တစ်ခုမျှသာ ဖြစ်တယ်။" ဟု အမေရိကန် သမိုင်းဝတ္ထုဆရာ "ရှဲလ်ဘီဖု"က

ဆိုခဲ့ဖူးသည်။

အဓိပတိလမ်းကို ဖြတ်၍ သိပ္ပံကျောင်းဆောင်များဘက်သို့ လျှောက်လာနေကြသည့် တူးစတက်ပ်၊ သရီးစတက်ပ် ဟဲယားစတိုင်လ် ကျောင်းသူမလေးများကို ဗဟိုစာကြည့်တိုက်ရှေ့ လှေခါးထစ်များမှာ ထိုင်နေခဲ့ကြသည့် ကျွန်တော်တို့ လှမ်းငေးကြည့်ခဲ့ကြ။ ထိုကျောင်းသူတွေထဲမှာ ချစ်စကား လိုက်ပြောထားသည့် ဤလူတစ်ယောက်ရဲ့ ကုံကော်မလေး ပါလာမှာမို့လား။ ဆောင်းပင် မနှောင်းသေးမီ အင်းလျားကန် တောအုပ်နက်စိမ်းများဆီမှ ဥသြ၏တေးကို ကြားနေရပြီ။ သိပ္ပံအမည်အရ ဆိုရလျှင် "Cuculidae" ဟု ခေါ်သည့် အဲဒီငှက်ကလေးတစ်ကောင်ရဲ့ အသံတီးတိုး လွမ်းတေးကို ကျွန်တော် ကြားလိုက်ရတာပဲ ဖြစ်သည်။ သတ္တဗေဒ နောက်ဆုံးနှစ်က အတန်းဖော်မလေးအား ပရိုပို့စ်လုပ်သည့်နေ့၊ ၁၉၈၃ ဖေဖော်ဝါရီ ၂၁။

ချစ်စကားလိုက်ပြောသည့် ထိုနေ့က သူမနှင့် အတူယှဉ်လျှောက်မိသည်နှင့် ''မင်းကို ငါ ချစ်တယ်'' ဆိုသည့် ကမ္ဘာ့အတိုဆုံးနှင့် အရေးအပါဆုံး ဖြစ်ဖွယ်ရာ ထိုဝါကျအား အရင်ဆုံး ပြောပြလိုက်သည်။ သို့မှသာ ဤလူတစ်ယောက်အား သူမ ငြင်းဆန်လိုက်မည်ထားဘိဦး၊ အရေးကြီးသော ထိုစကားလေးပြော၍ ပြီးစီးနေစေရန် ဖြစ်သည်။ ချစ်သူကိစ္စသည် ဤနေရာမှာတော့ ဝတ္ထုတိုရေးနည်းနှင့် မတူဘဲ မီဒီယာသတင်း ရေးသားနည်းနှင့် တူနေခဲ့မည်။ ဝတ္ထုတိုရေးနည်းက ဆိုလိုရင်းရသကို ဇာတ်သိမ်းပိုင်းကျမှ ဖော်ပြရ၍ သတင်းတစ်ပုဒ်အနေနှင့်ကတော့ အရေးကြီးဆုံး ဖြစ်စဉ်ကို စာဖတ်သူအား အရင်ဆုံး ပြောပြရစမြဲ။

၁၉၇၀ ပြည့်နှစ်၊ ရန်ကုန်တက္ကသိုလ် ရွှေရတုကာလတုန်းကမူ ကျွန်တော်သည် အညာမြေကျေးရွာကလေး တစ်ရွာဆီက မူလတန်းကျောင်းသားလေးတစ်ဦးမျှသာ။ တစ်ညနေခင်း၌ ကျေးလက်နေအိမ်အောက်ထပ် စားပွဲပေါ်ရှိ ''နေရှင်နယ်'' တံဆိပ် ရေဒီယိုမှ ''ချိုပြုံး'' ၏ ''တက္ကသိုလ်ကျောင်းက ငွေလမင်း'' သီချင်းလေးတစ်ပုဒ် လာနေခဲ့မည်။ ၁၉၇၁ ခုနှစ်၊ လွမ်းမောဖွယ် ငပြီ၊ အလယ်ရိုးမ တောင်စဉ်

တောင်တန်းတွေကြားက ကျေးရွာကလေးသို့ လာရောက်ခဲ့ကြသည့် နွေရာသီ "စာတတ်မြောက်ရေး လှုပ်ရှားမှု" ရန်ကုန်တက္ကသိုလ် လုပ်အားပေး ကျောင်းသူကျောင်းသားများ။ ထိုအထဲမှ မမတစ်ဦးက ကျွန်တော်တို့၏ "ကျေးလက်နေအိမ်" မှာပင် တည်းခိုနေထိုင်သဖြင့် ညနေခင်းလေပြေများ၌ သူမနှင့်အတူ ခုလို ရေဒီယိုသီချင်းလေးတွေကို နားထောင်နေခဲ့ကြမည်။ ရွာအပြင်က ရိတ်သိမ်းပြီးစ ရိုးပြတ်လယ်ကွင်းတွေကို ဖြတ်ကာ မမနှင့် ဟိုသည် လျှောက်သွားကြသည့်အခါ သူမ ပြောပြတတ်သည့် တက္ကသိုလ်အကြောင်းအရာလေးတွေအပေါ် တွေးဆ ရင်ခုန်နေမိဖူးလေသူ။

သို့နှင့် အသုံးလုံး သင်တန်းကာလ ပြီးဆုံး၍ ကျောင်းတွေ ပြန်ဖွင့်ချိန် အညာမြေ ရွာကလေးမှသည် ရန်ကုန် ရွှေမြို့တော်ဆီသို့ သူမတို့ ပြန်သွားခဲ့ကြသောအခါ ငှဝါတွေကြွေနေသည့် နေအိမ်ခြံဝန်းထဲမှာ လူကလေးတစ်ယောက်တော့ ဟာတာတာ လွမ်း၍ ကျန်နေခဲ့ ရရှာမည်။ များမကြာမီ သူမတို့ စီးပွားရေးတက္ကသိုလ် ကျောင်းသူတွေ နေထိုင်ရာ "နှင်းဆီဆောင်" မှ နေ၍ ဖြူး တန် ငှက်ခါးတံဆိပ်ခေါင်း အပြာလေးကပ်ကာ ပေးပို့လိုက်သည့် ပို့စကဒ်လေးများသည် အညာမြေ ကျေးရွာတစ်ရွာက စာတိုက်အိုလေးဆီသို့ ရောက်ရှိပျံ့ဝဲလာခဲ့ကြမည်။ သည်လိုနှင့် "သို့ ... တစ်ရံတစ်ခါဆီက မမ နှင်းဆီ"... အမှတ်တရ။

၁၉၇၈–၇၉ လှိုင်နယ်မြေ ဒေသကောလိပ် ၂ ကျောင်းသား ဘဝ၊ တစ်ညနေ သမိုင်းဝင်းရှိ "နှင်းဆီဆောင်"သို့ ကီစွတစ်ခုနှင့် ကျွန်တော် ရောက်သွားခဲ့မိသောအခါ ထိုစဉ်တုန်းက စီးပွားရေးတက္ကသိုလ်ကျောင်းသူ မမကို တမ်းတနေမိခဲ့သေးသည်။ နှစ်တွေက ကြာခဲ့ပြီကော။

"ကမ္ဘာ့အသေးစားလေးတစ်ခုနဲ့ တူတဲ့ တက္ကသိုလ်ဆိုတာ ဟိုအရင်တုန်းကရော အဲဒီနောက်ပိုင်းအရာတွေနဲ့ပါ တသီးတခြား ဖြစ်နေတဲ့ ဆပ်ပြာပူပေါင်း အချိန်ကာလလေးတစ်ခုပါ။" ဟု ဗြိတိန်စာရေးဆရာမ "မိုင်းရီ မက်ဖာလိန်း"က ဆိုသည်။ ထိုအခါ "လင်းစန်" ဆို

သူ ဤလူတစ်ယောက်ကလည်း "တက္ကသိုလ်ရဲ့ နေ့ရက်တွေဆိုတာ လူတစ်ယောက်ရဲ့ ဘဝစာအုပ်မှာ လင်းနေတဲ့ Chapter တစ်ခုပဲ ဖြစ်တယ်။" ဟု အခုပင် တွေးတွေးဆဆ ပြောပြသည်။

ကျောင်းထဲမှာ မနက်ခင်း နှင်းတွေနှင့် ရှန်းပစိုဝေနေခဲ့ကြသည့် ဖြူဖြူလွလွ ကုံကော်ပန်းတွေ၊ ... ဖေဖော်ဝါရီများ၊ မတ်လများ ... ကျောင်းပိတ်ရက်နီးလာချိန် လွမ်းစရာကောင်းနေတတ်သည့် နွေဦးတွေ၊ ယုဒသသန်ဘုရားကျောင်းရှေ့ ရေတမာတန်းမှ သစ်ရွက်ဝါလေးတွေက တဖျောဖျောမြည်သံပြုကာ ကြွေကျနေခဲ့ကြလျက်၊ သတ္တဗေဒပရက်တီကယ်လ်ချိန် မနက်များ။ ကော်ရစ်ဒါ နံရံကိုမှီကြရင်း ကိုယ်ကလည်းခင်၍ ကိုယ့်ကိုလည်း ခင်မင်ခဲ့ရှာသော အတန်းဖော်မလေးတစ်ဦးနှင့် ပြောဖြစ်ခဲ့ကြသည့် စကားစမြည်တွေ၊ ဘာချိန်းဆိုမှုမှ မရှိ၊ ထိုသို့ပင် ပျင်းရိဖွယ်ရာ နေ့လည်းခင်းတွေထဲက တစ်ခုမှာတော့ တက္ကသိုလ်စာကြည့်တိုက် စာဖတ်ခန်းသို့ သွားရောက်ကာ ရွက်ထည်ထုပ်ပိုးခေတ်ပေါ်ပန်းပုဆရာ "ခရစ္စတို" အကြောင်း ရေးသားထားသည့် စာအုပ်တစ်အုပ်ကို ဖတ်ရှုလေ့လာနေခဲ့ခြင်း အမှတ်တရ။ အပန်းဖြေရိပ်သာ(RC) ထဲမှာ ကျင်းပနေသော မိန်းကလေး ဘော်လီဘောပွဲတစ်ပွဲဆီက ပျံ့လွင့်လာသည့် ပရိသတ်ရဲ့အားပေးသံများ ကြားရ၊ တောင်ငူဆောင်အနီးက "ဦးချစ်" ဆိုင်မှာ ဖွင့်နေသည့် "ဟေမန်ဆောင်းဦးကို တေးညည်းဆို ကြိုတဲ့ ငှက်ငယ်လေး" တေးသစ်တစ်ပုဒ်ကို နားထောင်ရင်း လက်ဖက်ရည် ချိုပေါ့တစ်ခွက်ကို သောက်ခဲ့။

၁၉၈၃ ခုနှစ်၊ မတ်လ ၂၁ နေ့လည်ခင်း၊ အင်းလျားကန်စပ်မြက်ခင်းများဆီသို့ ချစ်သော သူမနှင့်အတူ သွားရောက်ခဲ့ကြခြင်း၊ ကျောင်းသားသမဂ္ဂ အဆောက်အအုံနေရာ ကွက်လပ်ရှေ့က အုတ်ခုံမှာလည်း သူမနှင့် အတူထိုင်ခဲ့ကြသေး၍ မိုးဖွဲများမိခဲ့ကြသည့် ထိုညာ၊ ပြီးတော့ ဒဿနိကတန်းက သူငယ်ချင်းတစ်ဦးနှင့်အတူ ထုတ်ဝေဖြစ်ခဲ့သည့် "ဆည်းဆာလုလု" ကဗျာစာအုပ်၊ ကျောင်းတော်၏ နှစ်လည်ပန်းချီပြပွဲမှ အငြင်းပွားဖွယ်ရာ ကျွန်တော်၏ "ဝိမုတ္တိရသ" သစ်သားပန်းပုနှင့် "နေ့မောည အယူအဆ" ပန်းချီကား၊ ဆင်ဆာထိခဲ့၍ တင်

ဆက်ပြသခွင့်မရခဲ့၊ ၁၉၈၀ နှစ်များမှ စ၍ ဤလူတစ်ယောက် "ခေတ်ပေါ်အနုပညာ အယူအဆ" ကို ပိုမို ယုံကြည်သက်ဝင်လာခဲ့ချိန်။ မြို့ထဲက ဆူးလေဘုရားလမ်းပေါ်ရှိ "ဂုဏ်ရုံ"မှာ ပြသနေသည့် "ပီတာဆယ်လာ"နှင့် "ရှယ်လီမက္ကလိန်း" တို့ ပါဝင်သရုပ်ဆောင်ထားကြ၍ "ဒါရိုက်တာ ဟေးလ်အက်ရှဘီ" ရိုက်ကူးထားသော "Being There" ရုပ်ရှင်ကို သွားကြည့်၊ သည့်လိုပဲ "Once Upon A Time In The West" &.."Green Ice" လိုမျိုး နိုင်ငံခြား အက်ရှင်ဇာတ်ကားကောင်းလေးတွေ ရုံတင်လျှင်၊ ပြီးတော့ ပြည်လမ်း လိပ်ခုံးခန်းမမှာ ကျင်းပတတ်သည့် "ကံ့ကော်ရွာ" ... "မျက်လုံးရိုင်း"လိုမျိုး ခေတ်ပေါ်ပန်းချီပြပွဲတွေရှိလျှင် တစ်ခါတစ်ခါလည်း ဖိတ်စာရတတ်၍ ကျောင်းထဲက အနုပညာသူငယ်ချင်းတွေနှင့်အတူ သွားရောက် ကြည့်ရှုတတ်ကြစမြဲ။ "ဂျဒ်ဆင်"စားသောက်ဆိုင်တန်း ဗာဒံရိပ်က "ကိုထွန်းဖေ အအေးဆိုင်" မှာ သူငယ်ချင်းတွေ စုဝေးထိုင်ကြကာ "မိုးဝေမဂ္ဂဇင်း" ထဲက "အီလျာအာရင်ဘတ်"၏ "ပါရီကျဆုံးခန်း" အခန်းဆက်ဝတ္ထုမှသည် ဤအပတ်ထုတ် "အရှေ့ဖျားဒေသ စီးပွားရေးရာ" စာစောင်ပါ မြန်မာပြည်အကြောင်း နိုင်ငံရေးဆောင်းပါးတစ်ပုဒ်အထိ၊ လက်ဖက်ရည်တစ်ခွက် ပြား ၆၀ နှင့် ရသည့် "သတ္တဗေဒဌာန သက်သာဆိုင်" မှာလည်း ... သူငယ်ချင်းတွေနှင့်အတူ စာကြောင်းပေကြောင်း ဆက်ကြပြန်ကာ ဥပမာ – ဂေါ်ကီ၏ "အမေ"၊ အမ်တမ် ချက်ကော့ဗ်၏ "ညီအစ်မသုံးဖော်"၊ တော်လစတွိုင်း၏ "စစ်နှင့် ငြိမ်းချမ်းရေး"၊ ဒဂုန်တာရာ၏ "ကြယ်ရိပ်ပန်းနု"၊ ဗန်းမော်တင်အောင်၏ "ကျနော်"၊ ကြည်အေး၏ "မောင်၊ ကိုကိုနှင့် မြနန္ဒာ"၊ မောင်သာနိုး၏ "ထင်းရှူးပင်ရိပ်"အကြောင်းတွေ ပြောကြဆိုကြ၊ စာပေ၊ နိုင်ငံရေးဝါဒသဘောတရားတွေနှင့် စပ်လျဉ်း၍ ကျွန်တော်တို့ ဆွေးနွေးငြင်းခုံနေနေခဲ့ကြဖူး။

* * *

"နက်ရှိုင်းသည့် အနုပညာရာဇဝင်ထဲသို့ မှန်းဆသွားရောက်

ရင်း "ဘဝအဓိပ္ပာယ်ဟာ ဘာလဲ"ဟု မေးခဲ့မိ၊ ကျွန်တော်၏ အိပ်မက်တွေထဲမှာ အဆိုမယ်တစ်ဦးနဲ့ အကြိမ်ကြိမ် တွေ့ခဲ့ရသည်ကိုလည်း သတိရ၊ ပိန်းပန်းနီနီတွေထဲမှာ သူမရဲ့ တေးလေးတွေ ခိုအောင်းလာခဲ့၍ ကျွန်တော့်ကို စာတွေ၊ ကဗျာတွေ ရေးဖြစ်ဖို့ တိုက်တွန်းခဲ့သည်မှာလည်း သူမပဲ ဖြစ်သည်။

တရားမှန်တွေ ကင်းမဲ့နေရတာတွေကို တွေးဆရင်း မတင်မကျဖြစ်ခဲ့မိရာက အိမ်မက်တွေကနေ လန့်နိုးခဲ့၊ အနုပညာဆိုသည်မှာ ဖြစ်တည်ခြင်း တစ်ရပ်၊ လွတ်လပ်ခြင်းအတွေးအခေါ် တစ်ခု၊ ပြီးတော့ ဘဝအဓိပ္ပာယ်ကို လင်းပြခြင်း ...ဟု ကျွန်တော် ပိုမို သိလာခဲ့သည်။ နွေရာသီတက္ကသိုလ် ကျောင်းပိတ်ရက်တွေမှာ ဆိတ်ငြိမ်ခြင်းကို ရှာဖွေရင်း မြစ်ဘေးကျေးရွာတစ်ရွာမှာ နေထိုင်ဖြစ်ခဲ့သေး၍ တစ်ခုသောမနက်မှာတော့ နှင်းတွေက ထူထဲစွာ ကြွေနေခဲ့ကြ၏။

ညဦးယံ၌ မီးအိမ်ပြာ ထွန်းလို့ ... ဟိုသည် ကျွန်တော်တွေးဆ၊ ကျောင်းတွေ ပြန်ဖွင့်သည့်အခါ အိပ်မက် မဟုတ်သည့် အပြင်မှာချစ်သော အဆိုမယ်နှင့်အတူ အင်းလျားလမ်း "ခေမာရဋ္ဌ" မှာ ဖျော်ရည်အေးသောက်ရင်း စကားပြောကြမည်။ ■

[၁၉၈၀ ... မှတ်စုတစ်ခုမှ]

လင်းစန်

## စိတ်ကူးအိပ်မက် အမိတက္ကသိုလ်

ကျွန်တော်ဟာ အမိ ရန်ကုန်တက္ကသိုလ်ကြီးကို စာပေ၊ ဂီတ၊ ရုပ်ရှင်တွေထဲမှာ စတင်ရင်းနှီး စွဲလမ်းခဲ့ပါသည်။ "တက္ကသိုလ်မှာ ဝေတဲ့နှင်း"၊ "တက္ကသိုလ်ကျောင်းက ငွေလမင်း"၊ "ချစ်ရက်ရှည်ရှည် အင်းလျားမြေ"၊ စိန်လွင်သီဆိုတဲ့ "နွေကျောင်းပိတ်ရက် အိမ်မပြန်ချင်"၊ ခင်ဝမ်းရဲ့ "ကောလိပ်နေ့ရက်များ" စတဲ့ သီချင်းတွေနဲ့အတူ အမိတက္ကသိုလ်ကြီးဟာ ကျွန်တော့်ရင်ထဲ အသည်းထဲ ကိန်းအောင်း သွားခဲ့ပါသည်။ ဝတ္ထု၊ ရုပ်ရှင်တွေထဲမှာ အင်းလျားကန်၊ အမိပတိလမ်း၊ ဘွဲ့နှင်းသဘင် ... တို့ကို ရင်းနှီးကျွမ်းဝင်ခွင့် ရခဲ့ပါသည်။ ထိုစဉ်က ပင် အမိတက္ကသိုလ်ကြီးသို့ တက်ရောက်ချင်စိတ်၊ ဖူးရောက်ချင်စိတ် တွေ တဖွားဖွား ဖြစ်ခဲ့ရပါသည်။ ထိုစဉ်က အမိတက္ကသိုလ်ကြီးရဲ့ ဆိုင်းဘုတ်မှာ "ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်" ဟူ၍ ဖြစ်ခဲ့ပါသည်။ Rangoon Arts and Sciences University ဟူ၍ ဖြစ်ခဲ့ပါသည်။ RASU ရာဇူးဟူ၍ အလွယ်ခေါ်ဆိုခဲ့ကြပါသည်။

စာပေဂီတဝါသနာတွေ ရင့်သန်လာသည့်အခါ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်မြေကို ဖူးရောင်ချင်စိတ်တွေ ပို၍ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ကြောင့် အမိအဖတို့၏ လူ့အောက်မကျရေး ပညာရေးစီမံကိန်းတွင် ရန်ကုန်မြေနှင့် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်နိုင်ရန် ကြိုးစားခဲ့ပါသည်။ ၁၉၇၉ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ခဲ့ပါသည်။

သို့သော်လည်း ရန်ကုန်တက္ကသိုလ်မြေသို့ ခြေချနိုင်ရန်မှာ မသေချာမရေရာ ဖြစ်ခဲ့ရပါသည်။ ထိုစဉ်က ဒေသကောလိပ်ခေတ် ဖြစ်သည်။ ကျွန်တော် ဆယ်တန်းအောင်မြင်ခဲ့သည့်ကျောင်းမှာ ပဲခူးရိုးမမြောက်ဖျားစွန်း ပုပ္ပားတောင်ခြေမြို့လေးမှ ဖြစ်ခဲ့ရာ မိတ္ထီလာဒေသကောလိပ်သို့ တက်ရောက်ရန်ဖြစ်ခဲ့ပါသည်။ မိတ္ထီလာဒေသကောလိပ်သို့ ကျောင်းအပ်နှံခဲ့ရပါသည်။ မိတ္ထီလာဒေသကောလိပ်သို့ ကျောင်းအပ်နှံရန် သူငယ်ချင်း မောင်အောင်ဝင်းနှင့်အတူ သွားခဲ့ပါသည်။ သူငယ်ချင်း မောင်အောင်ဝင်းမှာ 'ဝေးခဲ့ပြီ ပန်းခရမ်းပြာ'၊ 'မြက်ခင်းစိမ်းနဲ့ တဲငယ်လေး'၊ 'ပန်းပျိုးလက်' ... စတဲ့သီချင်းများကို ကိုရဲလွင်နှင့်အတူ ရေးဖွဲ့ခဲ့သူ မဇ္ဈိမလှိုင်းအဖွဲ့ တေးရေးဆရာ၊ စာရေးဆရာနှင့် A for no sake ဟူ၍ ဒဿနလောက၊ အနုပညာလောကကို ရှော့ခ်ရိုက်ခဲ့သူ ဖြစ်ပါသည်။ ယခုအခါ ကွယ်လွန်သွားခဲ့ပါပြီ။ ထိုစဉ်က မိတ္ထီလာဒေသကောလိပ်မှာ တံတားအနောက်ဘက်ထိပ် မိတ္ထီလာကန်ဘေးရှိ ယခုအထက (၁) တွင် ဖြစ်ပါသည်။ သူငယ်ချင်း မောင်အောင်ဝင်းနှင့်အတူ ကျောင်းရှေ့မြက်ခင်းပြင်ပေါ်တွင် ထိုင်၍ တက္ကသိုလ်လမ်းညွှန်စာအုပ်ကို ဖွင့်ပြီး ရန်ကုန်တက္ကသိုလ်နယ်မြေသို့ ဖူးရောက်နိုင်မည့်လမ်းကြောင်းကို ရှာဖွေခဲ့ကြပါသည်။ သူငယ်ချင်းနှစ်ယောက် တိုင်ပင်သဘောတူခဲ့ကြပြီး သချာ်(သိပ္ပံ) ကို လျှောက်လွှာတင်ခဲ့ကြပါသည်။ RIT ဟု အတိုကောက် ခေါ်ဆိုခဲ့ကြသည့် Rangoon Institute of Technology 'ရန်ကုန်စက်မှုတက္ကသိုလ်' တက်ရောက်နိုင်ရန် ဖြစ်ပါသည်။ သို့မှသာ ရန်ကုန်မြေသို့ ဖူးရောက်နိုင်မည် ဖြစ်ပါသည်။ ထိုစဉ်က စက်မှုတက္ကသိုလ်မှာ ရန်ကုန်မြို့တွင်သာ ရှိခဲ့ပါသည်။ သို့သော်လည်း ထိုနှစ်မှာပင် ကျွန်တော်သည် ရန်ကုန်အမှတ်(၂) ဒေသကောလိပ်သို့ ပြောင်းရွှေ့တက်ရောက်နိုင်ခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်၏ အစ်မအကြီးဆုံးဖြစ်သူ အငြိမ်းစားရေနံချောင်းဒီကရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်တင်တင်မှာ ရန်ကုန်အမှတ် (၂) ဒေသကောလိပ်တွင် သရုပ်ပြဆရာမအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိရာ အစ်မကြီး၏ ဥပ

နိုသာယ အားကြီးသည့် မိုရာ ထောက်ကူမှုဖြင့် ရန်ကုန်မြေသို့ ခြေချနိုင်ခဲ့ပါသည်။ အင်းလျားကန်ကြီးကို တွေ့မြင်ခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ်ကြီးကို ဖူးမြင်ခဲ့ရပါသည်။

၁၉၇၉ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်နေ့တွင် ပဲခူးရိုးမမြောက်ဖျားစွန်း ပုပ္ပားတောင်ခြေမှ တောင်ဖျားစွန်း သိဂ္ဂုတ္တရကုန်းခြေသို့ ဒဂုံ–ပုပ္ပားကားဖြင့် လိုက်ပါလာခဲ့ပါသည်။ အစ်မကြီးနှင့်အတူ ဓမ္မဗျူဟာမှ မမလှတို့ လာရောက်ခေါ်ဆောင်ခဲ့ကြပါသည်။ မမလှမှာ ယခုအခါ ဗုဒ္ဓစာပေများ သင်တန်းပို့ချပေးပြောလျက်ရှိသည့် မဟာသဒ္ဓမ္မဇောတိကဓဇဆရာမကြီး ဒေါ်ခင်လှတင့် ဖြစ်ပါသည်။ မနက် ၄ နာရီမှာ ကားစထွက်ပါသည်။ မော်တော်ယာဉ်စီးခမှာ ၄၅ ကျပ် ဖြစ်ပါသည်။ မိတ္ထီလာ – ပျဉ်းမနား – တောင်ငူ – ပဲခူးမှ ရန်ကုန်သို့ ဝင်ပါသည်။ အမြန်လမ်းမကြီး မပေါ်ပေါက်သေးပါ။ ညနေ ၆ နာရီခန့်တွင် ကမာရွတ်ရဲစခန်းရှေ့သို့ ဒဂုံ–ပုပ္ပားကား ဆိုက်ရောက်ပါသည်။ ရန်ကုန်မြေသို့ ပထမဆုံး ခြေချခဲ့ရပါသည်။ ထိုစဉ်က ကမာရွတ်ရဲစခန်းမှာ ရာမညဆောင်နှင့် မျက်နှာချင်းဆိုင် ပြည်လမ်းတစ်ဖက်တွင် ရှိခဲ့ပါသည်။ ခုံးကျော်တံတားကြီး မရှိသေးပါ။ သုံးဘီးကားလေးများ၊ ဥဒဟိုသွားလာနေကြသည့် မော်တော်ကားများနှင့် နယ်ကဘုရားပွဲများထက်များပြား ရွေ့လျားနေကြသည့် လူတန်းကြီးများကို အထူးအဆန်း ဖြစ်ခဲ့ရပါသည်။

အစောပိုင်း ရန်ကုန်နေ့ရက်များကို တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ဝန်ထမ်းအိမ်ရာလိုင်းခန်းတွင် နေထိုင်ခဲ့ပါသည်။ ထိုစဉ်က ထိုဝန်ထမ်းအိမ်ရာလိုင်းခန်းတွင် ဆရာကြီးဦးတင်မိုးလည်း ရှိခဲ့ပါသည်။

၁၉၇၉ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက် ကြာသပတေးနေ့တွင် ရန်ကုန်အမှတ် (၂) ဒေသကောလိပ်သို့ စတင်ဝင်ရောက်ခဲ့ပါသည်။ ထိုစဉ်က RC 2 ဟု အတိုကောက်ခေါ်ဆိုသော ရန်ကုန်အမှတ် (၂) ဒေသကောလိပ်သည် မြန်မာပြည်ဒေသကောလိပ်များတွင် အကြီးမားဆုံး၊ အထင်ရှားဆုံး ဒေသကောလိပ်ကြီး ဖြစ်ခဲ့ပါသည်။ ကျောင်းသားအင်အားဟာလည်း များပြားလှသည်။ မနက်ပိုင်း၊ နေ့ခင်းပိုင်း နှစ်ပိုင်းခွဲ၍ တက်ရောက်ခဲ့ကြရပါသည်။ အားကစားနှင့် အနုပညာတို့တွင်

ထင်ရှားခဲ့သည်။ ရန်ကုန်တိုင်း လက်ရွေးစင်ဘောလုံးသမားများ ဖြစ်ကြသည့် ညွန့်မောင်၊ ညွန့်လွင်၊ လှဦးတို့ ရှိခဲ့ကြသည်။ အဖွဲ့ချုပ်လက်ရွေးစင်ဟောင်း ကိုဇော်မြင့်မှာ ထိုစဉ်က RC-2 လက်ရွေးစင် ဖြစ်ခဲ့သည်။ အနုပညာဘက်တွင် ကိုင်ဇာ ရှိခဲ့သည်။ စိန်ဂျွန်အောင်ကျော်ဦး (ပိန်ပိန်)တို့ရဲ့ ပိတောက်ရွှေဝါအငြိမ့်လည်း ရှိခဲ့ပါသည်။ အခြား နာမည်ကြီး အနုပညာသမားများလည်း ပေါ်ထွက်ခဲ့ပါသည်။

ကျွန်တော်၏ ပညာရေးခရီးတစ်လျှောက်တွင် မကြာခဏ မော်တော်ကားများ ဂီယာချိန်းသလို နှစ်စဉ်နှစ်တိုင်း စနစ်ပြောင်းလျှင်ပြောင်း၊ မဟုတ်လျှင် ပုံနှိပ်စာအုပ် ပြောင်းခဲ့ပါသည်။ ဒေသကောလိပ်ပထမနှစ် ကျရှုံးသည့်အခါ ဒုတိယနှစ်တွင် လုပ်ငန်းခွင်မရှိတော့ပါ။ သူငယ်ချင်းမောင်အောင်ဝင်းလည်း မိတ္ထီလာကောလိပ်တွင် ပထမနှစ်ကျရှုံးခဲ့ပါသည်။ သချ်ာ(သိပ္ပံ)မှ သချ်ာ(ဝိဇ္ဇာ)သို့ ပြောင်းလဲခဲ့ပါသည်။ ဒဿနိကဗေဒမေဂျာဖြင့် ရန်ကုန်တက္ကသိုလ်သို့ ဝင်ရောက်ရန် ပြင်ဆင်ခဲ့ပါသည်။ ထိုစဉ်က ဒဿနိကဗေဒမေဂျာမှာ ရန်ကုန်တက္ကသိုလ်တစ်ခုတည်းတွင်သာ ရှိခဲ့ပါသည်။ ကျွန်တော် အမှတ် ၂ ဒေသကောလိပ်မှ ထွက်ခွာသည့်အခါတွင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ဟူ၍ ပြောင်းလဲကျင်ရစ်ခဲ့ပါသည်။

သူငယ်ချင်းမောင်အောင်ဝင်းလည်း ဒဿနိကဗေဒမေဂျာဖြင့် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုစဉ်က ဒဿနိကဗေဒပါမောက္ခမှာ ဦးခင်မောင်ဒင် ဖြစ်ပါသည်။ ကျွန်တော်လည်း သိပ္ပံဘာသာရပ်မှ ဝိဇ္ဇာဘာသာရပ်သို့ ကူးပြောင်း၍ မြန်မာစာအဓိကဖြင့် တောင်ငူဆောင်တွင် လေးနှစ်ကြာ တက်ရောက်ခဲ့ပါသည်။ စနစ်ပြောင်းလျှင်ပြောင်း၊ မဟုတ်လျှင် ပုံနှိပ်စာအုပ်ပြောင်းဟု ဆိုခဲ့သလို ကျွန်တော့်စိတ်မှာ အထင်ကရ စွဲလမ်းခဲ့သည့် ကျွန်တော် ပထမအကြိမ် တတိယနှစ်သင်တန်းမှာ ဦးဇော်မြင့် (ဆရာဇော်ဇော်အောင်) သင်ကြားပို့ချသည့် ''ဝေဖန်ရေးကို ဝေဖန်ခြင်း'' ဘာသာရပ်သည် ဒုတိယအကြိမ် တတိယနှစ်သင်တန်းမှာ ပြဋ္ဌာန်းခြင်း မရှိတော့ပါ။ ဆရာ့ရဲ့ သင်ကြားပို့ချမှုများကို ဒဂုန်မဂ္ဂဇင်းမှာ ''ဓား၊ သံလျက်၊ ပန်းပွင့်နှင့် ပျားရည်စက်များ''

ဟူ၍ ဆက်လက်ဖတ်ရှုလေ့လာ သင်ယူခဲ့ရပါသည်။

တက္ကသိုလ်နေ့ရက်တစ်ရက်တွင် ဝိဇ္ဇာခန်းမဘက်သို့ လျှောက်သွားရင်း အရှေ့တိုင်းဘာသာဌာန အခန်းတွေဘက်ရောက်သွားခဲ့ပါသည်။ ကံအားလျော်စွာ အရှေ့တိုင်းဘာသာဌာနမှ ပြုလုပ်သည့် ဟောပြောပွဲနှင့် ကြုံခဲ့ပါသည်။ လူပရိသတ်လည်း သိပ်မများလှပါ။ ကျွန်တော်လည်း ဝင်ထိုင်ခဲ့ပါသည်။ ဘဝမှာ မမေ့နိုင်အောင် ကံကောင်းခဲ့ပါသည်။ ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်)၏ ဟောပြောပွဲ ဖြစ်ပါသည်။ 'ဗော်လင်္ဂါမှ ဂင်္ဂါသို့' စာအုပ်ကြီးကို အထင်ကရဖတ်ခဲ့ဖူးပေမဲ့ ဆရာကြီးဦးဆန်းထွန်းကို တွေ့မြင်ရလိမ့်မည်ဟု မျှော်လင့်မထားခဲ့မိပါ။

ဆရာကြီးသည် ဘယ်ရီကက်ဦးထုပ်ကို တစောင်းဆောင်းထားပြီး အခန်းရှေ့မှာ အမောင်တို့ အမိတို့နဲ့ ပညာရပ်တစ်ခုကို ပို့ချနေသလို ဟောပြောခဲ့ပါသည်။ ပထမဆုံး ကျောင်းသားတွေရဲ့ စိတ်ဓာတ်ကို မြှင့်တင်ဟောပြောပါသည်။

''လူတွေက ပါဠိဘာသာကို အမှိုက်လို့ ထင်နေကြတယ်။ အမှိုက်ထဲမှာ အဆိပ်ပြင်းတဲ့ ပိုးရှိတယ်။ အမောင်တို့ အမိတို့က အဆိပ်ပြင်းပြင်းနဲ့ ထိုးပြနိုင်ရမယ် ...'' စသဖြင့် ဟောပြောခဲ့သည်။

အဲဒီနောက်မှာတော့ ဝိဇ္ဇာကိုလည်း သိပ္ပံလို့ ပြောလို့ရတယ်။ သိပ္ပံကိုလည်း ဝိဇ္ဇာလို့ ပြောလို့ရတယ်။ ဝိဇ္ဇာနဲ့သိပ္ပံဟာ ခွဲလို့မရဘူးဟူ၍ ဟောပြောခဲ့ပါသည်။ ထိုအချိန်တွင် အမိတက္ကသိုလ်ကြီး၏ ဆိုင်းဘုတ်တွင်လည်း ''ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်'' မှ 'နှင့်' ပြုတ်သွားပြီး ''ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်'' ဟု ပြောင်းလဲခဲ့ပါသည်။ ထို့နောက်တွင် ဝိဇ္ဇာရော သိပ္ပံပါ ပြုတ်လိုက်ပြီး ''ရန်ကုန်တက္ကသိုလ်'' ဟူ၍ ဖြစ်ပေါ်လာခဲ့ပါသည်။

ကျွန်တော်ကြုံတွေ့ခဲ့ရသော စိတ်ကူးအိပ်မက် တက္ကသိုလ်နေ့ရက်များထဲမှ ပုံရိပ်ကောက်ကြောင်းတချို့မျှ ဖြစ်ပါသည်။ ■

**မောင်ဆွေခင်(ခရမ်းပြာ)**

## တစ်ပိုင်းတစ်စ ဂါထာ

ကျွန်တော်ငယ်စဉ်ခါက အလွန်စည်ကားသည့် ပွဲတစ်ခုသို့ ရောက်သည်။ နုပျို့အလှစုံပြည့်လျက် တိုးမပေါက်သည့် ထိုနေရာကို ဈေးပွဲတော်လိုလို၊ ပဒေသာကပွဲနှင့် ဆိုင်ခန်းတွဲလိုလို ဘာမှန်းမသိ။ ကလေးတစ်ယောက်အနေဖြင့် မတိုးနိုင်သည့်အဆုံး မေးကြည့်မှ ဒါ ဟာ ရန်ကုန်တက္ကသိုလ်တဲ့။ အဲသည်တော့လည်း ရန်ကုန်တက္ကသိုလ် ဆိုတာ ပျော်စရာ ပွဲတော်ကြီးဟု စသိခဲ့ဖူးပါသည်။

ပွဲတော်ချိန်သာရောက်ဖူးသည့် ကျွန်တော်မှာ လောကဓံ ကောင်းဆိုးလက်မှ ပြေးမလွတ်သည့် ရန်ကုန်တက္ကသိုလ်၏ ရှိုက်သံ များကို နားမထောင်တတ်ခဲ့ပါ။ တကယ်ဆို ထို ၁၉၇၀ ပြည့်နှစ်၊ ရန်ကုန်တက္ကသိုလ် ရွှေရတုပွဲသည်ပင် မျက်နှာစာနှစ်ဖက် ရှိနေခဲ့တာ ကို ကျွန်တော် ကလေးပေမို့ မမြင်ခဲ့။ နောင် နည်းနည်း အရွယ်ရလာ၊ စာဖတ်လာ၊ ရှာဖွေနား ထောင်တတ်လာချိန်မှ ဆဲဗင်းဂျူလိုင်အရေး နှင့် ၁၉၆၉ ခုနှစ်၊ ကျွန်းဆွယ်အရေးတို့တွင် ပါဝင်ခဲ့၊ ပစ်ခတ်နှိမ်နင်းခံ ဖမ်းဆီးထောင်ချခံ ကျောင်းသားတွေနှင့် သူတို့ ချစ်သူခင်သူ မိသားစု တွေ၊ ပတ်သက်သူတွေမှာတော့ ရွှေရတုပွဲအပေါ် ပျော်ရမည့်အစား နာကျင်ကြေကွဲနေရ သူများအဖြစ် ရှိနေတာ နားလည်လာရပါသည်။

* * *

ထိုပွဲကြီး နှစ်နှစ်ဆယ်အကြာ ၁၉၉၀ ပြည့်နှစ်တွင် အင်းစိန်ထောင်၌ လူ့ရှင်တော်အရိုင်းနှင့် ခေတ္တဆုံ၊ ကျောင်းတော်လွမ်းချင်းတွေဖွဲ့ခွင့်ရခဲ့ပါသည်။ သူနှင့်ကျွန်တော်က ရန်ကုန်တက္ကသိုလ်၊ အနုပညာအသင်း၏ ပတ်လုံး၊ ဗုံတိုများအကြား ခေါင်းပြားအောင်အိပ်ခဲ့ကြဖူးသူတွေ ဖြစ်သော်နှင့်အညီ တက္ကသိုလ်စိန်ရတုပွဲကို စိတ်ထဲ ကြိုဇာတ်တိုက်ကြည့်မိခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲပြီးလျှင် ခေတ်ပြောင်းစနစ်ပြောင်းပြီး ၁၉၉၅ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် စိန်ရတုတော့ ကံကောင်းပြီဟု တစ်ဖက်သတ်အတွေးနှင့် စိတ်ထဲ ဖဲဝေမိခဲ့ကြခြင်းပင်။ ထိုစဉ်က ကျွန်တော့်အတွေးတွင် ၁၉၉၅ ခုနှစ်ရောက်လျှင် ပြဇာတ်တစ်ပုဒ်ရေးပြီး ကနိုင်လောက်ပြီ။ ကိုယ်လည်း ဇနီး၊ သားသမီးတွေနှင့် စိန်ရတုပွဲကို ဂုဏ်ခံအနမ်းဆက်နိုင်မည်ဟု ယောင်ရမ်း မျှော်မိခဲ့သည်။

တကယ်တမ်း စိန်ရတုရောက်သော်လည်း ထောင်မှ မထွက်ရသေး၊ ဝေးစွ။ တက္ကသိုလ်စိန်ရတုကို ထောင်ထဲမှာပဲ ဘုမသိဘမသိဖြတ်သန်းလိုက်ရသော တက္ကသိုလ်ကျောင်းသားတွေထဲ ကျွန်တော်လည်း ငုတ်တုတ်မတ်တတ် ပါခဲ့ရပါတော့သည်။

* * *

အန်စာတုံးကြီးတွေ လိမ့်လာသည်။ ဟေးခနဲ၊ ဝါးခနဲ ရင်ထိတ်အော်သံတွေ ပေါ်လာ၏။ ငွေစက္ကူတွေ ဖွေးခနဲ၊ အလျော်အစားလုပ်ကြသည်။ ဒလက်ကြီးတွေ ဆွဲလှည့်ပြီး အအိအိလည်၊ သက်ဆိုင်ရာနံပါတ်ကွက်တွေပေါ် ရပ်တော့မလိုလိုဖြစ်၊ အချင့်မရဲ အော်ဟစ်ကြ။ ပြီးတော့ ကျတဲ့အကွက် လျော်၊ ကျန်တာ အကုန်ကြုံးစား။

ဒါက ဘယ်ကာစီနိုဝိုင်းလဲ၊ မေးစရာရှိသည်။ မဟုတ်ရပါ။ ရန်ကုန်တက္ကသိုလ်စိန်ရတုပွဲက မြင်ကွင်းဖြစ်ပါသတဲ့။ တရားဝင်လားဆိုတော့၊ ကြိတ်ကြိတ်တိုး ပွဲတော်လည်ကောင် လုပ်ကြတာပဲတဲ့။ တက္ကသိုလ်အသီးသီးရဲ့ ကိုယ်စီ တီထွင်စမ်းသပ် သုတေသနပြခန်း

တွေလားဆိုတော့ မဟုတ်။ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ ကိုယ်တိုင် ထိုးသားကော၊ ဒိုင်အဖြစ်ပါ ကစားခဲ့ရသော တက္ကသိုလ်မြေမှ အလျော်အစားကြီးသည့် တစ်ချပ်မှောက်ဝိုင်းများ။ တစ်ချပ်မှောက်ဆိုတာကတော့ ကျွန်တော် ကနဦး တင်ပြခဲ့သည့် မမြင်ရသော မျက်နှာကို ဆိုလိုပါသည်။ တောထဲတောင်ထဲ၊ အကျဉ်းထောင်ထဲ အံကြိတ်နေကြသည့် ထိုစိန်ရတုပွဲရှင် တက္ကသိုလ်ကျောင်းမှ ကျောင်းသားကျောင်းသူများ၏ ကွယ်ဝှက်ခံထားရသော မျက်နှာများကို ဆိုလိုရင်းဖြစ်ပါ၏။

* * *

"ရန်ကုန်တက္ကသိုလ်က ဘာတွေ သင်ပေးခဲ့သလဲ"
"သင်ပေးတာပေါ့"
"လိုအပ်ရင် ချစ်သူကိုစွန့်ပြီး သင့်ရာအရပ် နှင်ဖို့
ဒါကြောင့် အမိပတိလမ်းကထွက်ပြီး
ရွှေတိဂုံစနေထောင့်မှာ ရပ်ခဲ့ကြတာပေါ့၊
ပြီးတော့၊ သင်ပေးခဲ့တယ်
ကျင့်ဝတ်တွေအတွက် ခေါင်းရမ်းရဲဖို့၊
ဒါကို အိုးဝေစာစောင်ထဲ ၁၉၃၆ ခုနှစ်တစ်ဝိုက် ရှာကြည့်လိုက်
ပြီးတော့၊
ထောင်အုတ်ရိုးကို ပုတ်နှိုးနည်း
ကိုဗဟိန်းကို သင်ပေးတယ်
အလံကိုင်ပြီး ရင်ခေါင်းမာရမယ် ဆိုတာ
ကိုအောင်ကျော်ကို သင်ပေးတယ်
နယ်ချဲ့လက်ထဲက အမိမြေကို ဘယ်အချိန် ဘယ်လို
အရပြန်ယူရမယ် ဆိုတာ
ကိုအောင်ဆန်းကို သင်ပေးတယ်
တတိယကမ္ဘာစစ်ကြီးအတွက် မီးနှစ်စကို

ဉာဏ်အားနဲ့ ဘယ်လိုငြိမ်းရမယ် ဆိုတာ
ကိုသန့်ကို သင်ပေးတယ်
ပြီးတော့၊ ဆက်သင်တယ်
ဆလိုင်းတင်မောင်ဦးကို ဆက်သင်တယ်
နောက်ထပ် မျိုးဆက်တွေကို ဆက်သင်တယ်''

''ကျောင်းခန်းထဲမှာ ပြဋ္ဌာန်းသင်တာလား''
''ဟင်အင်း ... ပုံနှိပ်သင်ခန်းစာထဲ မပါတာတွေကို
ကျောင်းဝင်းထဲမှာ ရိုးမြေကျမှတ်တမ်းတွေနဲ့ သင်ခဲ့တာပေါ့''

* * *

ကျွန်တော်တို့အားလုံး ကြုံဖူးပါလိမ့်မည်။

ကိုယ်နေဖူးသည့် ကျောင်းအနီး တစ်ကျော့ပြန် ဖြတ်သန်းချိန်တိုင်း အငေးဖြင့် ''တို့ကျောင်းကြီးကလည်းနော်'' ဟု တစ်ပိုင်းတစ်စ ရေရွတ်မိကြမည် ထင်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ရန်ကုန်တက္ကသိုလ်အပါးရောက်တိုင်း ''ရွတ်နေကျဂါထာ'' ဖြစ်ပါသည်။

ထိုဂါထာထဲတွင်ပင် အဓိပ္ပာယ်ပေါင်းစုံ ပါသည်။ အခြားရွတ်နေကျဂါထာများ အဓိပ္ပာယ် လုံးစေ့ပါဌ်စေ့ မသိရင်ရှိလိမ့်မည်။ ကျောင်းတော်ကိုမြင်လေတိုင်း ရွတ်မိသည့် 'ဂါထာ' အဓိပ္ပာယ်ကိုတော့ ကျောင်းသားဟောင်းတိုင်း ကောင်းစွာသိပါသည်။ ထိုအထဲမှာ လွမ်းဆွတ်ခြင်းများ ပါသလို၊ မချင့်မရဲတွေလည်း ပါသည်။ ဂုဏ်ယူခြင်းက တစ်ဖက်၊ နာကျင်ရခြင်းက တစ်ဖက်လည်း ပါတတ်ပါသည်။

ဒီကျောင်းမှာ ဘယ်သူတွေတက်တုန်းက၊ ဘယ်သူတွေထွက်ခဲ့တာဟု စကားပြိုင်မိကြတိုင်း ဘယ်သူ့လက်ထက်၊ ဘယ်သူ့ခေတ်စသဖြင့် စေ့စေ့မျက်နှာကြည့် ပခုံးချင်းယှဉ်မိကြတိုင်း ကျွန်တော်က ပုန်းကွယ်နေသောမျက်နှာများကို မြေးမြင်ပါသည်။

အထူးသဖြင့် ကံ့ကော်တွေ၊ စိန်ပန်းတွေ သူ့နေရာသူ ပြန်

မပွင့်ကြသည်၊ သားပျောက်မိခင်နှင့် တူလှသည့် အမိတက္ကသိုလ်၏ သောကသရုပ်ကို ကျွန်တော်တို့ ဂါထာတစ်ပိုဒ်ဖြင့် တုန့်ပြန်နေရမြဲသာ။

* * *

အင်ဂျင်နီယာ၊ ဆရာဝန် လောင်းလျာတွေ ဘွဲ့ယူဓာတ်ပုံမှာ သစ်ပုတ်ပင်နှင့် ဘွဲ့နှင်းသဘင် နောက်ခံပါမှ ပြည့်စုံတယ်ထင်ခဲ့ကြတာ ဘာကြောင့်ပါလဲ။

တခြားကျောင်းတွေတက်နေသူက မိန်းထဲ (ပင်မတက္ကသိုလ် ထဲ) အနည်းဆုံး သွားလည်ဖူးမှ တက္ကသိုလ်ကျောင်းသားဘဝအရသာ သိတယ်ဆိုတာ ဘာသဘောပါလဲ။

အဓိပတိလမ်း လျှောက်ဖူးတယ်၊ ခုံတန်းပြာ ထိုင်ဖူးတယ်၊ ဦးချစ်ဆိုင်၊ ဦးယမ်းဘီလူးဆိုင်၊ ဂျပ်ဆင် စသဖြင့် ဖြတ်ခနဲ ပေါ်တိုင်း သတိပြုမိတာက မျက်လုံးများတွင် ဂုဏ်ယူခြင်း၊ နှစ်သက်ခြင်းများ။

ဘယ်အရာတွေက လိပ်ပြာနှိုးခဲ့ပါသလဲ၊

ဘယ်သူတွေက ဝိညာဉ်ပူးခဲ့ပါသလဲ။

သထုံလမ်းကျော် ဦးတိုက်ဝင် လက်ယာဘက်ရောက်လျှင်ပင် ရောက်ရှိပါပြီ။ သမဂ္ဂလိပ်ပြာများ၊ ခုံဖိနပ်သံတဂွပ်ဂွပ်ပိုင်ရှင် ဝိညာဉ်များ၊ သူတို့က ဝင်လာသူတွေကို ပူးကပ်မည်။

ဒီနေရာမှာပေါ့၊ မိန်းကလေးအားနွဲ့သူက ကျောင်းဝင်းတံခါး ကို လက်နက်ကိုင်တွေ ဖွင့်ဝင်မရအောင် သူ့လက်ဖျံနုနုကို မင်းတုံးလို လုပ် ထိုးခံခဲ့တာ။

ဒီနေရာမှာပေါ့၊ လက်ကိုင်ပဝါ မျက်နှာစည်း၊ လက်သီးဆုပ် ပြီး စအော်တာ။

ဒီနေရာမှာပေါ့၊ ပိုစတာတိုက်ပွဲအတွက် လက်တွေ ရပ်ပြီး ဟင်းခွက်နဲ့ သဘော်ဆေးခွက် မှားနှိုက်မိတာ။

* * *

အစဉ်အလာရှိသော၊ ကြီးမြတ်သော ကျောင်းမုန်သမျှ ဝင်းထဲဝင်လိုက်သည်နှင့် လိပ်ပြာကူးစမြဲဟု ကျွန်တော် ယုံသည်။ ရန်ကုန်တက္ကသိုလ်ဟူသည် လှည်းတန်းမီးပွိုင့်မှသည် အင်းလျားလမ်းဆုံအထိ တစ်ကွက်ပင် မျှော်ကြည့်လိုက်ရုံဖြင့် ဘာကိုရမလဲ။ ရပ်ကြည့်ကာ အာရုံယူကြည့်ပါ။

ပညာဆိုတာ ပေါ်လာပါလိမ့်မည်။

ဒီနယ်မြေဟာ အခြားအရပ်တွေနဲ့ မတူဘူး။ ဒါဟာ ပညာနယ်မြေဖြစ်တယ်။ ရာထူးအာဏာနဲ့ ဓနအင်အားတွေ၊ လက်နက်ကိုင်အင်အားတွေနဲ့ ကင်းလွတ်တဲ့မြေလို့ ခံစားရတယ်။ လူ့တန်ဖိုးဟာ ဉာဏ်ပညာဆိုတာထက် ခေါင်းပေါ်ကျော်လို့မရတဲ့ နယ်မြေပဲ။ လူတွေကိုကြည့်လိုက်၊ ပညာရှိရာ အေးအေးလူလူ၊ ယုံယုံရဲရဲ လျှောက်နေကြတာဟု ကျွန်တော်တော့ အမြဲတွေးမိ ခံစားမိပါသည်။

ဒီကနေ့ အောက်စဖို့ဒ်၊ ဟားဗတ်၊ ဘော်စတွန်၊ တိုကျို၊ ဆစ်ဒနီ စသည့် ကမ္ဘာကျော်တက္ကသိုလ်တွေအတွက် ဂုဏ်ခံမာန်မြင့်ကြတိုင်း ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်အတွက် ပေမီဒေါက်မီ ထရပ်ပြစရာများစွာ ရှိပါသည်။

ပြည်တွင်းစစ်ကြောင့် မျက်ဖြူဆိုက်ခဲ့စဉ်က ဤကျောင်းဝင်းကို စွန့်၊ သေနတ်ကိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သမိုင်းမျိုး နားထောင်ချင်သလား၊ တကယ်ရှိခဲ့သည်။

နိုင်ငံရဲ့အဆင့်အမြင့်ဆုံး ဘောလုံးကလပ်၊ ပရိသတ်အသည်းစွဲ ဘောလုံးသမားတွေ ခြေစွမ်းပြခဲ့တဲ့ တက္ကသိုလ်ဘောလုံးအသင်းအကြောင်း သိချင်သလား၊ ပြောပြမည်။

ဒေသတွင်းနိုင်ငံက ကျောင်းသားတွေရဲ့ အိပ်မက်အဖြစ် အကြာကြီးနေခဲ့တာ ပြောပြရမလား၊ မှတ်တမ်းရုပ်ရှင်တွေတောင် ရှိသေးသည်။

ဒီကျောင်းက ဘွဲ့ဝတ်စုံနဲ့ထွက်လာရင် ကမ္ဘာကြီးရဲ့ ရွှေတံခါးတွေ ဖွင့်ကြိုကြတဲ့ခေတ်ကြီးကို လွမ်းပြရမလား။

ဒီတက္ကသိုလ်ကျောင်းသားကို သိလိုက်တာနဲ့ သမ္မတကစလို့

လူမိုက်အဆုံး ပမာမခန့်မလုပ်ဝံ့တဲ့ နေ့တွေအကြောင်း ဖွဲ့ဆိုပြရမလား။

တကယ်တော့ ဆုံးနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်က တက္ကသိုလ်နှင့်ရတုတွေအကြောင်းဖြင့်သာ စကားစသတ်ပါတော့မည်။

* * *

ဒီကျောင်း (ရန်ကုန်တက္ကသိုလ်)ရဲ့ ငွေရတုသဘင် (၁၉၄၅) ဆိုတော့ ဒုတိယကမ္ဘာစစ်ပြီးတဲ့နှစ်။ ဘယ်လို ပွဲလုပ်နိုင်ပါ့မလဲ။ မှတ်တမ်းတွေထဲ မတွေ့။ ငွေရတုစာစောင်တော့ မြင်ဖူးသည်။ ဆိုလိုသည်က ဝှဲချီး မကျင်းပခဲ့ရ။

ရွှေရတု (၁၉၇၀) အကြောင်း၊ စိန်ရတု (၁၉၉၅) အကြောင်း မြင်မိတွေ့မိသမျှ တင်ပြခဲ့ပြီးပြီ။

ပွဲတော်ကြီးရဲ့ အခြားမျက်နှာများအကြောင်း၊ ပွဲခင်းအစွန်က ရှိက်သံများအကြောင်း ဝေမျှခဲ့ပြီးပြီ။ ယခု ရာပြည့်သဘင်နှင့် ကြုံပြီ။

ကျွန်တော့်ရင်ထဲ ဘာတွေ ဆန္ဒပြုနေသလဲ၊ အမည်ဖော်နိုင်မည် ထင်ပါသည်။

* * *

ပြီးတော့၊ မည်သူမဆို အမိကျောင်းတော်ကို မြင်တိုင်း ရွတ်ဆိုရမည့် "တစ်ပိုင်းတစ်စဂါထာ" ကို ကျက်သရေပြည့်သော စကားလုံးများဖြင့်သာ ဆန်းကြွယ်သီကုံးစေချင်ကြမည်ဟုလည်း ကျွန်တော်ယုံပါသည်။ ■

မင်းကိုနိုင်

၂၀၊ ၃၊ ၂၀၁၉။

## အမှတ်တရရက်စွဲ

အနှစ် ၃၀။ ၁၉၉၀ ပြည့်မှ စရေတွက်လျှင် သည်နေရာ၊ သည်ဝန်းကျင်သို့ ကျွန်တော် ပြန်၍မရောက်တော့သည်မှာ အနှစ် ၃၀ နီးပါး ရှိပြီဖြစ်သည်။ ချွင်းချက်အနေဖြင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာတွင် ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို စာအုပ်ဈေးရောင်းပွဲတော်လုပ်တော့ စာအုပ်ဝယ်ရင်း အဓိပတိလမ်းပေါ် တစ်ခေါက်ရောက်သည်။ ဒါပါပဲ။ သည့်နောက်ပိုင်း မရောက်ဖြစ်တော့။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၅ တွင် World Philosophy Day ကို ဝိဇ္ဇာခန်းမမှာ ကျင်းပသည်။ တက္က သိုလ်တုန်းက သူငယ်ချင်းကလည်း ဖေ့စ်ဘုတ်ကနေ အတင်းလှမ်း ဖိတ်နေ၊ ကိုယ်ကလည်း ကျောင်းနေဖက် သူငယ်ချင်းတွေ၊ ဆရာ ဆရာမတွေကို တွေ့ချင်သည်နှင့် ထိုပွဲကို မဖြစ်ဖြစ်အောင် သွားမည် ဆိုပြီး လာခဲ့၏။ ကျောင်းထဲရောက်တော့ မျက်စိလည်ပြီး ဝိဇ္ဇာခန်းမ မနည်း လိုက်ရှာလိုက်ရ၏။ ဩော် ... အနှစ် ၃၀ ဆိုတော့လည်း အစစ ပြောင်းလဲသွားခဲ့ပြီ။ ကိုယ်တွေပင် ၅၀ ကျော်လို့ ၆၀ နားကပ် ကာ လူအိုစာရင်း ဝင်သွားခဲ့ပြီ မဟုတ်လား။

ခန်းမရှေ့မှာ လူတွေအများကြီး တွေ့သည်။ တစ်ယောက်မှ ကျွန်တော်မသိ။ ဟိုယောင်ယောင် သည်ယောင်ယောင် လိုက်ကြည့် ရင်းမှ အမှတ်တရတီရှပ်တွေရောင်းသည့် စားပွဲရှေ့မှာရပ်နေသည့် ထိပ်ပြောင်ပြောင်၊ နှာခေါင်းပွပွ လူတစ်ယောက်ကို သွားတွေ့သည်။

သူ့ကို ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ ၁၉၉၂ ခုနှစ်လောက်က ပုသိမ်ကို အလုပ်ကိစ္စတစ်ခုဖြင့် သွားရင်း ပုသိမ်မှာ သူ့ကို သွားတွေ့သည်။ ထိုစဉ်က ပုသိမ်တက္ကသိုလ်မှာ သူက မော်ကွန်းထိန်းလုပ်နေသည်။ ကျွန်တော်က "ဟေ့ အစ်ကိုသောင်းအေး" ဟု သွားနှုတ်ဆက်တော့ သူ ရုတ်တရက် ကျွန်တော့်ကို မမှတ်မိ။ နောက်တော့မှ "ဟာ ဟေ့ကောင်" ဆိုပြီး ကျွန်တော်လက် အတင်းဆွဲကာ ခန်းမထဲခေါ်သွားသည်။ ခန်းမထဲမှာလည်း လူတွေအများကြီး။ "တစ်ယောက်မှ ကျွန်တော်မသိဘူးဗျ" ဆိုတော့ အစ်ကိုသောင်းအေးက "နောက်ပေါက်တွေလေ၊ မင်း ဘယ်သိမလဲ၊ မင်းက ဌာနနဲ့ အဆက်အသွယ်ဖြတ်ထားတာကိုး" ဟု အပြစ်တင်သလို ဆိုပါသည်။

၈၈ မတ်လ၊ ဖုန်းမော်အရေးအခင်းပြီးမှ ကျွန်တော်တို့ မဟာဝိဇ္ဇာနောက်ဆုံးနှစ် (ရေးဖြေ) အောင်စာရင်းထွက်သည်။ ကျမ်းဆက်မရေးဖြစ်တော့ဘဲ ကျွန်တော့် ကျောင်းပညာရေး ဆုံးခန်းတိုင်ခဲ့၏။ အစ်ကိုသောင်းအေး၊ အစ်ကိုဆန်းထွန်း(ဆန်းထွန်းသောင်) တို့ကတော့ မဟာဝိဇ္ဇာတက်ကတည်းက ဌာနမှာ ဆရာပြန်ဖြစ်နေကြပြီမို့ ယခု ပင်စင်ယူပြီးချိန်အထိ ဌာနနှင့်အဆက်အသွယ် မပြတ်။ ဒါကြောင့် ဆရာဆရာမ ငယ်ငယ်တွေက သူတို့တပည့်တွေများသည်။ ထိုစဉ် ကျွန်တော်တို့အနီးကို လူတစ်ယောက် လာရပ်သည်။ ကျွန်တော့်လက်ကို လှမ်းပုတ်လျက် "ဟေ့လူ ..." ဟု နှုတ်ဆက်သည်။ သူ့ကို ရုတ်တရက် ကျွန်တော် မမှတ်မိ။ အစ်ကိုသောင်းအေးက "အဲဒါ ကိုအောင်ထွန်းလေ" ဆိုတော့မှ ငယ်ရုပ်ပေါ်လာသည်။ သူက ဌာနမှာ ဆရာပြန်မလုပ်ပေမဲ့ ရန်ကုန်မှာနေသူမို့ ဆရာတွေ၊ ဆရာပြန်ဖြစ်နေသည့် သူငယ်ချင်းတွေနှင့် သိပ်အဆက်အသွယ် မပြတ်။ ကျွန်တော့်ကိုလည်း သည်အခမ်းအနားတက်ဖြစ်အောင် ဖေ့စ်ဘွတ်ကနေ သူပဲ လှမ်းဖိတ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ ၃ ယောက် စကားကောင်းနေတုန်းမှာပင် အစ်ကိုဆန်းထွန်း(ဆန်းထွန်းသောင်) ရောက်လာသည်။ သူ့ကိုတော့ ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ သူနှင့် အစ်ကိုသောင်းအေး

တို့က မဟာဝိဇ္ဇာနောက်ဆုံးနှစ်မှာ ကျွန်တော်တို့နှင့် အတန်းလာတူသော်လည်း တကယ်တမ်းတွင် ကျွန်တော်တို့ထက် အသက်လည်းကြီးသလို အတန်းလည်းကြီးသည်။ ဂုဏ်ထူးတန်းအပြီး ဌာနမှာ ဆရာပြန်ဖြစ်ကာ အခြားတက္ကသိုလ်၊ ကောလိပ်တွေမှာ အလုပ်ဝင်နေရသဖြင့် ရန်ကုန်တက္ကသိုလ်ပြန်ရောက်မှ မဟာဝိဇ္ဇာ ပြန်တက်ရခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့နှင့် အတန်းလာတူခြင်း ဖြစ်လေသည်။ မဟာဝိဇ္ဇာနောက်ဆုံးနှစ်မှာ အဓိကဘာသာ ထပ်ခွဲတော့ ကျွန်တော်နှင့် အစ်ကိုဆန်းထွန်းတို့က(Buddhism) ယူခဲ့ကြသည်။ ရွှေတိဂုံစေတီဂေါပကအဖွဲ့က ဆရာကြီးဦးစဝ်ထွန်းမှတ်ဝင်းဆီမှာ တစ်ပတ်ကို ၂ ရက်၊ ဒါမှမဟုတ် ၃ ရက်၊ ကမ္ဘာအေးက ဆရာကြီးဦးရွှေအောင်ဆီမှာ တစ်ပတ်ကို ၂ ရက်၊ ဒါမှမဟုတ် ၃ ရက် သွားတက်ရသည်။ ကျွန်တော်တို့အဖွဲ့ စုစုပေါင်း ၇ ယောက်ရှိသည်။ ဒဿနိကဌာနရှေ့မှာပဲ စုရပ်လုပ်ပြီး အစ်ကိုဆန်းထွန်း၏ ပေါင်မုန့်ကားကလေးနှင့် သွားခဲ့ကြရပုံကို အမှတ်တရရှိနေမိသည်။

အခမ်းအနားစချိန်နီးလာတော့ တဖြည်းဖြည်း လူများလာသည်။ ကျွန်တော်တို့တွေ ခန်းမအပြင်ထွက်ပြီး World Philosophy Day ဆိုင်းဘုတ်ကြီးရှေ့မှာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ အစ်ကိုဆန်းထွန်းက ၂၀၁၄ ခုနှစ်ကထုတ်ခဲ့သည့် သူ၏ "ကလောအမွှန်ကဗျာများ" စာအုပ်နှင့် နောက်ဆုံးထွက် ဒဿနဂျာနယ်စာအုပ် လက်ဆောင်ပေးသည်။ ကျွန်တော်ကလည်း နောက်ဆုံးထွက်ထားသည့် "လှပသော အနာဂတ်ဆီသို့" ဆောင်းပါးပေါင်းချုပ်စာအုပ်လေး လက်ဆောင်ပြန်ပေးခဲ့သည်။ ကျွန်တော်တို့တွေ စကားတွေ အများကြီး၊ အကြာကြီး ပြောဖြစ်ခဲ့ကြသည်။ လွန်ခဲ့သည့် အနှစ် ၃၀ ကျော် ၈၈ မတိုင်မီကာလဆီ ပြန်ရောက်သွားသလို ခံစားရ၏။ ဘာမျှကြာလိုက်သည် မထင်ရ။ မနေ့တစ်နေ့ကလိုပဲ အောက်မေ့မိသည်။ သို့သော် အနှစ် ၃၀ ကျော်ခဲ့ပြီ။ မျိုးဆက်ဆစ်ခု ခြားသွားခဲ့ပြီ ဖြစ်လေသည်။

ရန်ကုန်မြို့ထဲမှာ ကိစ္စရှိသေးသဖြင့် အခမ်းအနား မပြီးခင် ဝိဇ္ဇာခန်းမထဲက အသာလစ်ထွက်လာခဲ့သည်။ ကိုအောင်ထွန်းက

လက်ဖက်ရည်ဆိုင်ထိုင် စကားပြောချင်သေးသော်လည်း ကျွန်တော်က နယ်ကို ပြန်ရမှာမို့ အားတုံ့အားနာ နှုတ်ဆက်ခဲ့ရ၏။ အစ်ကိုသောင်းအေးနှင့် အစ်ကိုဆန်းထွန်းတို့က အခမ်းအနားရှေ့ဆုံးတန်းရောက်နေသဖြင့် နှုတ်ပင်မဆက်ခဲ့ရ။ အပြန်တွင် ကျောင်းထဲကို ပတ်ကြည့်ချင်သဖြင့် အဓိပတိလမ်းကမထွက်ဘဲ ဝိဇ္ဇာစာသင်ခန်းများကို ပတ်ကာ ဂျပ်ဆင်ဘက်အပေါက်က ထွက်ခဲ့သည်။ ကျွန်တော်တို့တုန်းက ထိုင်နေကျ ဝိဇ္ဇာကန်တင်း ဘယ်နားရောက်သွားသည် မသိ။ ဂျပ်ဆင်နားရောက်တော့ လွန်ခဲ့သည့်နှစ် ၃၀ ကျော်က နေ့လေးတစ်နေ့ကို ဖြတ်ခနဲ သတိရမိလိုက်၏။

ဟုတ်သည်။ အခု ကျွန်တော်ရပ်နေသည့်နေရာလောက်မှာပဲ ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေး ရှိသည်။ အဲသည်တုန်းက ကျွန်တော်တို့က မဟာဝိဇ္ဇာနောက်ဆုံးနှစ် (မေးဖြေ) စာမေးပွဲပြီးလို့ အောင်စာရင်း စောင့်နေသည့်အချိန်၊ စံပယ်ခြံထဲက အဆောင်တစ်ခုမှာ ငှားနေပြီး အောင်စာရင်းစောင့်ရင်း မဂ္ဂဇင်းတိုက်တစ်ခုမှာ အလုပ်ဝင်လုပ်နေသည်။ မနက် ၈ နာရီလောက် အဆောင်ကထွက်လာပြီး မြို့ထဲတန်းမသွားဘဲ ဂျဒ်ဆင်ပေါက်ကနေ ကျောင်းထဲဝင်၊ ဆုံနေကျလက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေကို ထိုင်စောင့်၊ လက်ဖက်ရည်တစ်ခွက်ကို တစ်နာရီ၊ နှစ်နာရီလောက် ကြာအောင် ထိုင်သောက်ပြီးမှ ကိုယ့်စားကျက်များ ရှိရာ ထသွားကြ။ ဒါက ကျွန်တော်တို့ သူငယ်ချင်းတစ်စု၏ နေ့စဉ်လည်ပတ်နေကျ ရိုးရှင်းသော အချိန်ဇယားဖြစ်သည်။

ထိုနေ့အထိ ရန်ကုန်တက္ကသိုလ်က မပိတ်သေး။ စက်မှုတက္ကသိုလ်ကတော့ မတ်လ ၁၃ ရက် ပစ်ခတ်မှုပြီးကတည်းက ပိတ်သွားပြီ။ ရန်ကုန်တက္ကသိုလ်လည်း ထိုနေ့စပြီး ပိတ်သွားခဲ့၏။ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ ထိုင်နေချိန်၊ ခေါင်းမှာ ခွပ်ဒေါင်းပဝါစည်းထားသည့် လူငယ်တစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။ ''သည်မှာ၊ ကျွန်တော်တို့ ဘီအီးဘွဲ့တွေ စွန့်လွှတ်နေချိန်မှာ ခင်ဗျားတို့ ဘီအေဘီအက်စ်စီတွေ မစွန့်လွှတ်နိုင်ဘူးလား၊ ကျွန်တော်တို့နဲ့ သဘောထားတူရင် နောက်တစ်နာရီအတွင်း ကွန်ဗိုရှေ့မှာ စုရုံးပေးကြပါ''။ ဒါပဲ အော်

ပြောပြီး ဆိုင်ထဲက ထွက်သွားသည်။ နောက်တစ်ဆိုင် ဝင်အော်သည်။ သူ့လိုပဲ အခြားလူငယ်တွေ ခွပ်ဒေါင်းပဝါတွေ ခေါင်းမှာစည်းလို့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လိုက်အော်သည်။ ကျောင်းစာသင်ခန်းတွေထဲ ဝင်အော်သည်။

ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ တိုင်ပင်စရာမလိုဘဲ မတ်တတ်ရပ်လိုက်ကြ၏။ ကျွန်တော်တို့ ကွန်ဗိုရှေ့ကို ထွက်ခဲ့ကြ၏။ ကျွန်တော်တို့လိုပဲ တစ်ခြားဝိုင်းက ကျောင်းသားတွေ၊ တခြားဆိုင်က ကျောင်းသားတွေ၊ ကျောင်းခန်းတွေထဲက ကျောင်းသားတွေ ကွန်ဗိုရှေ့ကို သွားနေကြသည်။ ကန်တင်းတွေ၊ ကျောင်းခန်းတွေ အခွံချည်းသက်သက် ကျန်နေခဲ့၏။ ချက်ချင်းပင် ကွန်ဗိုရှေ့မှာ လူပင်လယ်ကြီး ဖြစ်သွားတော့၏။ ၁၉၆၂ ခုနှစ်က တိမ်မြုပ်သွားသော ကျောင်းသားသမဂ္ဂသည် ထိုနေ့တွင် တဖန်ပြန်၍ ပေါ်လာခဲ့၏။ ထိုနေ့ကား သမိုင်းတွက်မည့် ၁၉၈၈ ခုနှစ်၊ မတ်လ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ပင်တည်း။

ကျွန်တော်သည် ဂျဒ်ဆင်အနီးက တစ်ချိန်က လက်ဖက်ရည်ဆိုင်နေရာလေးမှာ ရပ်နေရင်း စိတ်တို့သည် အတိတ်သို့ ကသောကမျော ပြေးသွားကြ၏။ ထိုနေ့က ကြားလိုက်ရသော လက်ဖက်ရည်ဆိုင်ထဲက အသံသည် အတိတ်မေ့နေသော ကျောင်းသားထုကို လှုပ်နှိုးလိုက်သကဲ့သို့ပင် ဖြစ်သည်။ ၂၆ နှစ်တာ နောက်ကျန်နေခဲ့သော အသိစိတ်တို့ တစ်ခါတည်း နိုးကြားသွားကာ တစ်ပါတီအာဏာရှင်စနစ် ချုပ်ငြိမ်းစေမည့် ရှစ်ဆယ့်ရှစ်အရေးအခင်းကြီး ဖြစ်ပေါ်လာစေခဲ့လေသည်။ ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံ၏ သမိုင်းခေတ် အပြောင်းအလဲတိုင်းမှာ ပြည်သူတို့၏ ရှေ့က မားမားရပ်ကာ ဦးဆောင်ခဲ့သည်ချည်း ဖြစ်၏။

၁၉၂၀ ပြည့်နှစ်ကတည်းက ရှန်းကန်သံတို့ဖြင့် ရင်းနှီးကြီးပြင်းခဲ့ရသော ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၁၀၀ သက်တမ်းပြည့်တော့မည် ဖြစ်သည်။ သူ့ရင်ဘတ်ကြီးထဲမှ နိုင်ငံရေးသမားတွေ အများကြီး ပေါ်ထွက်ခဲ့သည်။ စာပေပညာရှင်တွေ အများ

ကြီး ပေါ်ထွက်ခဲ့သည်။ ဒဿနပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ အများ ကြီး ပေါ်ထွက်ခဲ့သည်။ လောကဓံအနိမ့်အမြင့်မှာ သူ့ကံဇာတာ ညှိုး မှိန်ခိုက် ထူးချွန်သည့် သားသမီးတွေ၊ သူမွေးဖွားမပေးနိုင်ခဲ့။ သူ့ရင်ထဲ မည်မျှ ကြေကွဲနေမည်နည်း။ သူ၏ ငယ်ပေါင်းကြီးဖော် သစ်ပုတ်ပင် ကြီးနှင့် ဂျဒ်ဆင်တို့သာလျှင် သူ့ရင်ထဲက ကြေကွဲသံတို့ကို ကောင်း ကောင်းပြောပြနိုင်ပေလိမ့်မည်။

ယခု ရာပြည့်ခါနီးမှာ သူ့ဇာတာဆန်းလက် တဖန် ပြန်တက် လာခဲ့ပြီ။ သူ့ရင်ခွင်ရိပ်မှာ ပန်းပွင့်ရောင်စုံတို့ ပြန်လည်ကခုန်နေကြပြီ။ ပျော်ရွှင်သံ၊ ရယ်မောသံတွေ ပြန်လည်ဝေစီနေခဲ့ပြီ။ ၁၉၈၈ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့က ကြားခဲ့ရသည့် အသံမျိုးကိုတော့ နောက်တစ် ခါ ပြန်မကြားချင်တော့ပါ။ ကျွန်တော်တို့ နောက်မျိုးဆက်များလည်း မကြားရစေလိုပါ။ ရန်ကုန်တက္ကသိုလ်ကို လေးညင်းခတ်သံတို့ဖြင့်သာ သာယာစေချင်ပါပြီ။

မည်သို့ပင်ဖြစ်စေ၊ ရန်ကုန်တက္ကသိုလ်ကတော့ ''တစ်နှစ် တစ်နှစ်၊ မြပုရစ်တို့၊ သစ်လိုက်ဟောင်းလိုက်၊ သူ့ထံ၌လျှင်၊ ပျော်ပိုက် သူတို့၊ နားခိုဖို့ရာ၊ မချို့မေတ္တာ၊ အေးခဲ့ပါသည်၊ ထာဝရနှုပျိုလျက် ပါတကား''။ ■

မင်းသန်းထိုက် (ဒေးအရဲ)

# လွမ်းရတဲ့ ကံ့ကော်

သည်နေ့ ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်အကြို စာအုပ်ရောင်းပွဲရဲ့ နောက်ဆုံးနေ့။ ဒီနေ့ပြီးရင် အမိကျောင်းတော်ကြီးနဲ့ ဝေးကွာရဦးမည်။ ဝေးကွာခြင်းနဲ့အတူ သတိရခြင်း၊ လွမ်းရခြင်းတွေ ပါလာရတော့သည်။

ထို့ကြောင့် ကျောင်းကို လှည့်ပတ်ကြည့်ဖို့ လမ်းလျှောက်ထွက်လာခဲ့သည်။ Library ရှေ့ ဆိုင်ခန်းတွေဘက်ကို လျှောက်လာခဲ့သည်။ ကံ့ကော်ပင်တွေ အုံ့ဆိုင်းနေတဲ့ Library ရှေ့ကတော့ အေးချမ်းလို့နေသည်။ သစ်ကိုင်းသစ်ခက်တွေကြားက နေပြောက်ထိုးနေတာကလည်း ဟိုတစ်ကွက် ဒီတစ်ကွက်နဲ့မို့ လှပနေသည်။ ကံ့ကော်ပင်အုပ်ကို မော့ကြည့်လိုက်တော့ ... ဩော် ကံ့ကော်တွေ မပွင့်ရှာသေးပါလား။ ကံ့ကော်ဆိုတာကလည်း တန်ခူးလမှာမှ ပွင့်တတ်တာလေ။ စောစောပွင့်မယ်ဆိုရင်တောင် မတ်လကုန်လို့ တပေါင်းနှောင်းမှပေါ့။ ဟိုးအရင် ကံ့ကော်အုပ်က ဒီထက်များပါရဲ့။ Library မဆောက်ခင်ကပေါ့။ အဲဒီကံ့ ကော်ပင်အောက်မှာ ခုံတန်းပြာလေးတွေက အစီအရီနဲ့ပေါ့။ ဒီခုံတန်းပြာမှာ ကျောင်းသားကျောင်းသူ၊ ချစ်သူစုံတွဲတို့ ထိုင်ကြ၏။ ကလူကြ၏။ ကျီစယ်ကြ၏။ တီးတိုးစကားတွေ ပြောဆို

ကြ၏။ ကံ့ကော်ပန်းရနံ့တွေကလည်း ထုံသင်းလို့။ ဥသြငှက်တွေရဲ့ အော်မြည်သံကလည်း လွမ်းဖွယ်ကောင်းလို့။ ချစ်သူတို့၏ ကလူကျီစယ်မှုတွေကလည်း ကြည်နူးစရာကောင်းလို့နေတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ အေးရိပ်သာယာနေရာလေးပင် ဖြစ်သည်။

မောင်ဇင်တို့ ရန်ကုန်တက္ကသိုလ်ရောက်တော့ Library အသစ်ကြီးဆောက်ပြီးလို့ ကံ့ကော်တောအုပ်က အရှေ့ဘက်မှာပဲ ရှိတော့သည်။ ခုံတန်းပြာလေးတွေက ဟိုတစ်ခုံ၊ ဒီတစ်ခုံနဲ့ ပြန့်ကျဲလျက်ပေါ့။ ခုံတန်းပြာတွေအစား အုတ်ခုံတွေပေါ်မှာ ထိုင်ကြရသည်။ စုံတွဲတွေလည်း ထိုင်ကြသည်။ တစ်ဦးတည်းလည်း ထိုင်ကြသည်။ သူငယ်ချင်းစုဖွဲ့တွေကလည်း ထိုင်ကြသည်။ စကားတွေပြောကြသည်။ ငေးကြသည်။ Library ရှေ့ရောက်တော့ ဒီမြင်ကွင်းတွေက အစီအရီ ပေါ်လာနေသလို။ ကံ့ကော်တွေ မပွင့်သေး။ မတွေ့ရတော့ပေမဲ့ ကံ့ကော်ချစ်သူတစ်ယောက်ကိုတော့ သတိရမိလိုက်သည်။ မတ်လအကုန် ကျောင်းကလည်း ပထမနှစ်ဝက်ပိတ်တော့မယ်။ ကံ့ကော်ပန်းတွေက အပင်တွေပေါ်မှာ ပင်လုံးညွတ်ပွင့်လို့၊ ဝန်းကျင်တစ်ခွင်လုံးလည်း ကံ့ကော်ရနံ့တွေမွှေးကြိုင်ထုံသင်းလို့ နေသည်။ ကံ့ကော်ချစ်သူကို ကံ့ကော်ပန်း ဆက်မယ်ဆိုတဲ့စိတ်နဲ့ ကျောင်းကို စောစောထွက်လာခဲ့သည်။ အဓိပတိလမ်းတစ်လျှောက်လုံး ကံ့ကော်ပန်းတွေ ဝေနေသလို လမ်းပေါ်မှာလည်း ကြွေကျလို့နေသည်။ ဝေနေတဲ့ပန်းတွေကို ခူးနေကြသလို ကြွေနေတဲ့ပန်းကိုလည်း ကောက်ယူသူတွေ ရှိတာပေါ့။ မောင်ဇင်လည်း တစ်ယောက်အပါအဝင်လေ။

ပန်းရနံ့တို့နဲ့အတူ စိတ်ကူးမှုတွေကလည်း ပျံ့လို့နေသည်။ အဓိပတိလမ်းကနေ အင်းဝလမ်းဘက်ချိုးလို့ Library ထဲအဝင် အုတ်ခုံတန်းမှာ ကံ့ကော်ချစ်သူကို တွေ့ရတော့သည်။ သူ့ဆံကေသာမှာ ကံ့ကော်ပွင့်တွေ မဝေပေမဲ့ သူ့ဘေးမှာတော့ ပုခုံးထက်မှာ ရွှေရောင်အပွင့်သုံးပင့်ဝေလို့နေတဲ့သူက ရောက်နေသည်။ မြေမှာကြွေကျလို့ ကောက်ယူခဲ့တဲ့ ကံ့ကော်ပန်း မြေသို့ပဲ ပစ်ချလိုက်ရတော့သည်။ ဩော် ... အခုလည်း ကံ့ကော်ပန်းတွေ မပွင့်သေးပါဘူး။ ခုံတန်းပြာတွေလည်း

မရှိတော့သလို ထိုင်နေကျ Library အဟောင်းရှေ့က အုတ်ပေါင်တွေမှာလည်း သံပန်းတွေတပ်ထားလို့ ထိုင်မရတော့ပါဘူး။

Library ကနေ အင်းဝလမ်းဘက်ကိုလျှောက်လို့ Sience canteen ဘက်ထွက်ခဲ့တယ်။ Canteen က ပုံပြောင်းလို့သွားတော့သည်။ ယခင် တဲတန်းကြီးနေရာမှာ နှစ်ထပ်အဆောက်အအုံ ဖြစ်နေတော့သည်။ ယခင် တဲတန်းကြီးက မီးရောင် မှုန်ပျပျအောက်မှာ အကြော်ဆရာတွေရဲ့ ဒယ်အိုးနဲ့ ယောင်းမတို့ရဲ့ ခေါက်သံတွေ၊ အစားအသောက် လှမ်းမှာသံတွေကို ကြားယောင်နေမိသည်။ မောင်ဇင်တို့ ကျောင်းတက်ခဲ့တုန်းက စားသောက်ဆိုင်တန်းရဲ့ အစွန်ဆုံး၊ အင်းဝလမ်းဘက်က ထိပ်ဆုံးစားပွဲကို အရလု ထိုင်ကြ၊ စကားပြောကြရင်းနဲ့ စားသောက်ဆိုင်တန်းဆီ ဝင်လာကြတဲ့ ကျောင်းသူတွေကို ငေါ်ငေးကြတာလေ။ Canteen မှာ အရံအတားမရှိ လွတ်လပ်လို့နေသည်။ အခုတော့ အုတ်တံတိုင်းကြီး ကာရံလို့ထားပြီး တံခါးပေါက်ကနေ ဖြတ်ဝင်ရသည်။

Canteen ကနေ Science building ဘက်ကို လျှောက်လာပြီး အတန်းတက်ခဲ့တဲ့ S-1 အခန်းသို့ ရောက်လာသည်။ S-1 အခန်းက ဘာမှမပြောင်းလဲသော်လည်း အကြီးအကျယ်ပြောင်းလဲသွားတာကတော့ S-0 လို့ခေါ်တဲ့ ရေမြောင်းပေါင်နေရာပါပဲ။ S-0 (S. Zero) လို့ခေါ်တဲ့ ဒီနေရာက Science ကျောင်းသားအပေါင်းတို့ရဲ့ ငေါ်ငေးရာ၊ ပျော်ရွှင်စရာနေရာလေးပါ။ အထူးသဖြင့် သချ်ာမေဂျာကျောင်းသားတွေရဲ့ ပျော်စံရာ သင်ဖျူးနေရာလေးပါ။ S-1 မှာ အတန်းတက်ပြီးရင် ဒီအုတ်ပေါင်မှာ ထိုင်ကြ၊ စကားပြောကြ၊ ပျော်ရွှင်ခဲ့ကြတာလေ။ အခန်းထဲ ဆရာဝင်လာရင်တော့ ထိုင်နေတဲ့ ကျောင်းသားကျောင်းသူတွေ ပြန်ဝင်ကြပေါ့။

အခုတော့ S-0 ကို ထိုင်လို့မရအောင် ပန်းအိုးတွေ၊ ပန်းခုံတွေ လုပ်ထားတာကို တွေ့ရသည်။ လွမ်းဆွတ်ကြေကွဲမိသလိုလို ခံစားရပါသည်။ S-1 ကို ဝင်တဲ့ ကော်ရစ်ဒါမှာလည်း တံခါးတွေတပ်လို့၊ ကော်ရစ်ဒါတစ်လျှောက် သံပန်းတွေနဲ့ ထူးခတ်ထားတာကို မြင်တော့

လွတ်လပ်မှု မရှိတော့တဲ့ တက္ကသိုလ်ကျောင်းကြီးလို့ ခံစားလိုက်ရသည်။ ဝမ်းနည်းရသည်၊ ကြေကွဲရသည်။ လွတ်လပ်မှုတွေ ဆုံးရှုံးသွားရပြီ။ သည့်လို ကျောင်းတွင်းအခန်းများ၊ ဝင်ပေါက်ထွက်ပေါက်၊ ကော်ရစ်ဒါများကို သံပန်းသံတံခါးများဖြင့် ပိတ်ဆို့ထားတာကို မဆိုထားနှင့်။ သစ်ပုတ်ပင်ကြီးကိုတောင် သံပန်းနှင့် ဝင်းခတ်ထောင်ချထားတာကို ထိတ်လန့်ဖွယ်ရာ တွေ့ရှိလိုက်ရသည်။ ဩော် သစ်ပင်တောင် မလွတ်လပ်တော့ပါတကား။

သစ်ပုတ်ပင်ကြီးအောက်ရောက်တော့ အတိတ်က အဖြစ်အပျက်တစ်ခုကလည်း ပေါ်လာတော့သည်။

၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ရှမ်းပြည်နယ်နေ့မှာပေ့ါ။ ထိုအချိန်က သစ်ပုတ်ပင်ကြီးတွင် သံပန်းဝင်းခတ်ထားတာ မရှိပါ။ လွတ်လပ်မှုနှင့် သဘာဝအတိုင်း ရှိသေးသည်။ ကွင်းပြင်ကလည်း မြေကြီးနှင့် မြက်ခင်းနှင့် သဘာဝအတိုင်းပေ့ါ။ ယခုလို ကွန်ကရစ်ခင်းနှင့် အုတ်ပေါင်များဖြင့် မကာရံသေးပါ။ ကားများ အထဲသို့ ဝင်လို့ရသေးသည်။ ရှမ်းပြည်နယ်နေ့ပွဲဆိုတော့ Stage Show လည်းပါတယ်။ စင်က ဝိဇ္ဇာခန်းမရှေ့ မြက်ခင်းပြင်မှာ။ အဓိပတိလမ်းဘက်ကို မျက်နှာပြုထားသည်။ ဆရာ ဆရာမနဲ့ အချို့သောပရိသတ်တို့ ကုလားထိုင်နဲ့။ အခြားပရိသတ်များနှင့် ကျောင်းသားများက မတ်တတ်ရပ်လျက်ကြည့်ကြသည်။ ပရိသတ်က အဓိပတိလမ်းထိတိုင် ရောက်နေသည်။ ဘုန်းကြီးများနှင့် ကိုယ်ရင်များလည်း ပါသည်။ ရှမ်းတိုင်းရင်းသားများဖြစ်ဟန်တူသည်။ ပွဲစပြီး ကြာလာတော့ ညောင်းညာလို့ထိုင်ကြရင်းနဲ့ အနောက်ကလူ တွေထိုင်ခိုင်းလို့ ရှေ့ပိုင်းကလူတွေလည်း ထိုင်လိုက်ကြသည်။ ဘုန်းကြီးတွေလည်း အပါအဝင်ပေ့ါ။

မောင်ဖင်တို့ သူငယ်ချင်းတစ်သိုက်ကတော့ သစ်ပုတ်ပင်ကြီးအောက်မှာ ကားထိုးပြီး ကားခေါင်မိုးပေါ်ကနေ ကြည့်နေကြသည်။ ပွဲကစလို့ တဖြည်းဖြည်းလူများလာပြီး ပရိသတ်ကလည်း ထိုင်ခိုင်းလို့ ထိုင်နေကြသည်။ ဘုန်းကြီးတွေလည်း ထိုင်လို့။ သူတို့ရဲ့နောက်မှာလည်း လူတွေထပ်ရောက်လာပြီး ထိုင်ကြည့်ကြသည်။ ကျောင်းသား

တွေ အများစုပါ။

ရှေ့ထွက်အနေနဲ့ ရှမ်းတိုင်းရင်းသား ကျောင်းသားကျောင်းသူတွေ၊ အဆိုတော်သစ်လေးတွေ သီဆိုဖျော်ဖြေကြလို့ အပြီးမှာတော့ အများမျှော်လင့်နေတဲ့ စိုင်းထီးဆိုင်နဲ့ The Wild Ones အဖွဲ့ရောက်လာသည်။ ခေတ်ကလည်း စိုင်းထီးဆိုင်ခေတ် ဖြစ်နေချိန်နေဆိုတော့ ပရိသတ်က ပို၍ အုန်းအုန်းကျွက်ကျွက် ဖြစ်လာကြပြီး ''ဟေ့ ထိုင် ဟေ့၊ ထိုင်ကြ၊ မထိုင်ဘူးလား'' ဘာညာဖြစ်လာကြပြီး အော်ဟစ်ဆူညံလာသည်။ ပရိသတ်ကတော့ အလယ်မှာထိုင်နေသူတွေက ထိုင်နေကြပြီး၊ ဘေးမှာ မတ်တတ်ရပ်သူတွေက ရပ်လို့နေသည်။

စိုင်းထီးဆိုင်လည်း စတင်သီဆိုပါတော့မယ်လည်း ဆိုရော ပြဿနာက စသည်။ အကြောင်းက ဘုန်းကြီးတွေရဲ့ ခေါင်းကို ဆီးစေ့နှင့်ပေါက်လို့ ဖြစ်သည်။ ဘုန်းကြီးတွေကလည်း မခံမရပ်နိုင်ဖြစ်ပြီး ပရိသတ်ကို လိုက်ရိုက်တော့သည်။ လုံခြုံရေးကလည်း ထိန်း၊ အချင်းချင်းလည်း ထိန်းကြပေါ့။

ထီးဆိုင်ကလည်း စင်ပေါ်ကနေ မိုက်နဲ့ သည်းခံကြဖို့၊ သီချင်းဆိုတာကို အေးချမ်းစွာနားထောင်ကြဖို့၊ ရှမ်းပြည်နယ်နေ့မှာ ပျော်ရွှင်စွာနဲ့ဆင်နွှဲကြဖို့ ပြောပြီး 'သဘာဝရဲ့ ရင်သွေးငယ်' လည်း စဆိုရော ကျောင်းသားတွေက Stage Show နဲ့ ဘုန်းကြီးက ဘာဆိုင်လို့လဲကွ ဆိုပြီး ဘုန်းကြီးတွေကို လိုက်ရိုက်တော့သည်။ မောင်ဇင်တို့က သစ်ပုတ်ပင်အောက် ကားခေါင်မိုးပေါ်ကနေ ကြည့်နေတော့ အကုန်လုံးမြင်နေရပြီး ဘုန်းကြီးတွေ ပြေးလိုက်ကြတာမှ လှတောသား အပြောမျိုးနဲ့ဆို 'လိမ္မော်သီး ဗန်းမှောက်သလို' ပါပဲ။ ဘုန်းကြီးတစ်ပါးဆို မလွတ်ဘူး။ ကျောင်းသားတွေဝိုင်းရိုက်တာ လမ်းပေါ်မှာ လိမ့်လို့နေသည်။ ဘုန်းကြီးတွေက S-1 ဘက်ပြေးလာတော့ Cash ကဝန်ထမ်းတွေထွက်လာပြီး ကိုယ်တော်တို့ ဒီဘက်ကိုကြွပါဘုရားဆိုပြီး အတွင်းထဲခေါ်သွားကြလို့ လွတ်သွားသည်။ ပွဲလည်း ပျက်သွားတော့သည်။

ကျောင်းသားဆိုတာကလည်း စုမိပြီဆိုရင် အာဏာပိုင်အဖွဲ့အစည်းကိုသာမက ဘုန်းကြီးတွေကိုလည်း မကြောက်ကြတော့ပါဘူး။

မှန်တာမှားတာ နောက်ထား၊ မျက်စိထဲ မလျော့မကန်တာ တွေ့နေရရင်တော့ စုစုစည်းစည်း တုံ့ပြန်တတ်ကြသည်မှာ ဓမ္မတာပင် မဟုတ်ပါလား။

သစ်ပုတ်ပင်ကြီးအောက်ကနေ ဘွဲ့နှင်းသဘင်ခန်းမဘက်ကို ထွက်လာတော့ ဘွဲ့နှင်းသဘင်ခန်းမကြီးဟာ မပြောင်းမလဲဘဲ ရှိနေဆဲပါပဲ။ သစ်ပုတ်ပင်ကြီးကလည်း အကိုင်းအခက်တွေ ဝေဝေဆာဆာနဲ့ စိမ်းစိုလှပလို့နေသည်။ မောင်ဇင်တစ်ယောက် လမ်းလျှောက်ရင်း ကိုယ်ကျင်လည်ခဲ့ရတဲ့ နေရာလေးတွေမှာ လွမ်းဆွတ်ရာတွေကို တစ်စိတ်တစ်ဒေသမျှ ဖြစ်စေဦးတော့ မှတ်တမ်းတင်ကြည့်မိနေလေပြီ။ အဓိပတိလမ်းမကြီး၊ သစ်ပုတ်ပင်ကြီး၊ ဘွဲ့နှင်းသဘင်ခန်းမတို့ရဲ့ ရင်တွင်းမှာလည်း အတိတ်ရဲ့သမိုင်းကြောင်းတွေမှာ သွေးမြေကျလဲလျောင်းခဲ့ရတဲ့ ကျောင်းသားကျောင်းသူတွေရဲ့ ဝမ်းနည်းဖွယ်ရာ ဇာတ်လမ်းတွေ၊ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လို့ မှတ်တမ်းတင်ထားရမှုတွေဟာ အနမတဂ္ဂ ပြည့်လို့နေမည်မှာ မလွဲပေ။ ■

သန့်ဇင်စိမ်း

## ကံ့ကော်ဖြူဖြူ စိန်ပန်းရောင်စုံတွေနဲ့ ခြယ်သခဲ့လေသော တစ်ခါတုန်းက တက္ကသိုလ်

မေ့ဖို့ကြိုးစားပေမဲ့ သတိရခြင်းများက ကျွန်တော့်ရင်တံခါးကို တိုးဝှေ့ဝင်ရောက်လာတတ်သည်။ စိန်ပန်းနီနီတွေကိုသာ မြင်ဖူးသည့် လူငယ်တစ်ဦး၏ စိန်ပန်းပြာပြာများကို မြင်ရသောအခါ စွဲလမ်းအမှတ်ရခြင်းများကို ပီပြင်စွာ ဆေးခြယ်လိုက်သလို စွဲထင်စေပြန်သည်။

စိန်ပန်းဝါဝါတွေနဲ့ ခင်းဖြန့်ထားသည့်လမ်းကို ဘယ်တော့မှ မေ့မရနိုင်ခြင်းသည်လည်း ကြီးမားသောအမာရွတ်တစ်ခု ဖျက်မရသော ဒဏ်ရာပင် မဟုတ်ပါလား။ သက်မဲ့များကိုပင် တခုတ်တရ ခံစားတတ်သူမို့ သက်ရှိများနှင့် ပတ်သက်လာလျှင် ပို၍ နုနယ်ပျော့ပျောင်းလွယ်သူ ဖြစ်လေသည်။

ထိုလူငယ်သည် ကံ့ကော်ပွင့်ချပ်ဖြူဖြူအလယ်က ဝတ်ဆံဝါဝါလေးများကို ချစ်တတ်သည်။ ကံ့ကော်ရနံ့ကို နှစ်ခြိုက်သည်။ လူငယ်ဘဝသည် မည်မျှပင် မပြည့်စုံစေကာမူ ကျေနပ်ရောင့်ရဲတတ်သည့် အကျင့်ကို ဝန်ထမ်းမိသားစုက လေ့ကျင့်ပေးလိုက်ပြီးသား ဖြစ်ပါသည်။

စနေ၊ တနင်္ဂနွေများကို ထိုလူငယ် မျှော်ငေးနေတတ်သည်မှာ အကျင့်တစ်ခုလို ယနေ့အထိ လိုက်ပါခဲ့ပြန်သည်။ ဂျင်းစင်းအိုးထဲက ခေါင်းလောင်းသံချိုချိုကို အလွတ်ရနေတတ်ခဲ့ပြီး ဖြစ်သည်။ 'ဂျပ်ဆင်ထိပ်က လရိပ်ပြာ' သီချင်းသံစဉ်သည် ထိုလူရွယ်နှင့်အတူ တက္ကသိုလ်နယ်မြေတွင် ဥဩငှက်များ၏ အလွမ်းသီကျူးသံစဉ်နှင့်အတူ ပျံသန်း

ခဲ့ဖူးပါသည်။

တက္ကသိုလ်နယ်မြေကား မြန်မာတစ်နိုင်ငံလုံးက လူငယ်လူရွယ်များ ချိန်းဆိုထားသလို ရောက်ရှိရာ နေရာတစ်ခုပင်လား။ တက္ကသိုလ်ဝင်တန်းအောင်သည်နှင့် ဤနယ်မြေသို့ ရောက်လာခဲ့ကြကာ မြစ်လက်တက်ငယ်များ ပေါင်းဆုံရာမှ မြစ်ကြီးရော ဖြစ်လာသကဲ့သို့ပင်။ ထိုနယ်မြေကား ပျော်စရာအတိ၊ လွမ်းမောဖွယ်အတိ ရှိလေသည့် လောကနိဗ္ဗာန်ဘုံတစ်ခု ဖြစ်သည်ဟု ဆိုလျှင် လွန်မည်မထင်ပါ။

## ၁၉၂၀ ရန်ကုန်တက္ကသိုလ်အဖွင့်

ဒေါင်းအိုးဝေ

ကောင်းကျိုးအထွေထွေရယ်နှင့်
ချွန်စေ မြစေစော
ဒေါင်းအိုးဝေရယ်လို့
တွန်စေ ကစေသောဝ်။

**ဆရာကြီးသခင်ကိုယ်တော်မှိုင်း (၁၉၂၀)**

ရန်ကုန်တက္ကသိုလ်ကြီးကို ၁၉၂၀ ပြည့်နှစ်တွင် တရားဝင်ဖွင့်လှစ်လိုက်ပါသည်။ ယခင်က မြန်မာကျောင်းသားများ အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့တွင် ပညာတော်သင်သွားရခြင်း၊ ဘွဲ့ဒီကရီတို့ကို အိန္ဒိယတွင် ယူနေရခြင်းမှ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကြီးကို ဖွင့်လှစ်လိုက်သဖြင့် မြန်မာတစ်မျိုးသားလုံး မြန်မာနိုင်ငံတွင်သာ ဘွဲ့ဒီကရီရယူနိုင်မည် ဖြစ်သည်။ မြန်မာမျိုးချစ်ကဗျာစာဆိုကြီး သခင်ကိုယ်တော်မှိုင်းက အထက်ပါ ''ဒေါင်းအိုးဝေ'' ကဗျာကိုရေး၍ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဂုဏ်ပြုကောင်းချီးပေးသော စေတနာဖြင့် ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။

* * *

**၁၉၈၀ မှ ၁၉၈၈ နှစ်ကာလအချို့**

နယ်ကျောင်းသားတစ်ယောက် ဆယ်တန်းအောင်လျှင် ထိုခေတ်က ရသည့်အမှတ်စာရင်း၌ မိမိရွေးချယ်ထားသည့် တက္ကသိုလ်တစ်ခုခုကို တက်ခွင့်ရသည်။ ထိုစဉ်က တိုင်းနှင့်ပြည်နယ်များတွင် တက္ကသိုလ်ဟူ၍ မယ်မယ်ရရ မရှိသေး။ ထင်ရှားသော တက္ကသိုလ်သုံးခုမှာ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် မော်လမြိုင်တက္ကသိုလ်တို့ ဖြစ်သည်။ တနင်္သာရီတိုင်းမှအောင်သည့် ကျောင်းသားသည် ထားဝယ်ကောလိပ်နှင့် မော်လမြိုင်တက္ကသိုလ်တွင် တက်ရသည်။ သို့သော် ဆယ်တန်းအောင်အမှတ်စာရင်း ကောင်းလျှင် ရန်ကုန်တက္ကသိုလ်သို့ တက်ခွင့်ရနိုင်သည့် ဘာသာရပ်များလည်းရှိရာ နယ်ကျောင်းသားများအတွက် ထိုအခွင့်အရေး ရှိသည်။ အသက်မွေးမှုတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်များ ရှိသကဲ့သို့ ရန်ကုန်တက္ကသိုလ်၌ သင်ယူရသည့် ဥပဒေ၊ နိုင်ငံတကာဆက်ဆံရေး၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အင်္ဂလိပ်စာ စသည့်မေဂျာတန်းများလည်း ရှိသည့်အချိန်ဖြစ်သည်။

ကျွန်တော်၏အဖေမှာ ဘဏ်ဝန်ထမ်းဖြစ်၍ အဖေအလုပ်ပြောင်းရွှေ့ရာသို့ ကျွန်တော်တို့ပါ လိုက်ပါပြောင်းရွှေ့ရ၏။ ကျွန်တော် ဆယ်တန်းအောင်သည်က ရန်ကုန်၊ ကမာရွတ်စာစစ်ဌာနမှ ဖြစ်သည်။ ထိုစဉ်က အဖေတာဝန်ကျသည့် ကရင်ပြည်နယ်၊ ဖာပွန်မြို့မှာ စစ်ပွဲများ ဆက်တိုက်ဖြစ်နေ၍ စာစစ်ဌာနမရှိ ဖြစ်နေရာ အဖေက ရန်ကုန်၌ ပြောင်းရွှေ့ဖြေစေခဲ့ခြင်း ဖြစ်သည်။ သို့မို့ကြောင့် ကျွန်တော် ပထမ ၆ လ၌ ကျောင်းအိပ်ကျောင်းစားအဖြစ် မရရှိခဲ့ပေ။

အဆောင်လျှောက်ရာ နောက်ကျသဖြင့် ဥပဒေကျောင်းသားများ သီးသန့်နေထိုင်သော အင်းဝဆောင်ကို မရလိုက်။ ဂျပ်ဆင်ကြီးနံဘေးရှိ ရွှေဘိုဆောင်တွင်နေရသည်။ ကျွန်တော်ကဲ့သို့ နောက်ကျသော ဥပဒေကျောင်းသား ၁၅ ဦးခန့် ရွှေဘိုဆောင်သို့ ပြောင်းရွှေ့ရသည်။ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းဝိသေသ

တိုင်းမှ ဆယ်တန်းအောင်၍ ဥပဒေပညာသင်ရန် ရောက်လာကြသော ပထမနှစ်ကျောင်းသားများမှာ အင်းဝဆောင်သို့ ဝင်ကြရသည်။ နောက်ကျသူ ကျွန်တော်တို့သာ အူကြောင်ကြောင် ဖြစ်နေသည်ဟု ထင်မိသော်လည်း တကယ်တမ်းတွင် နယ်ကျောင်းသားအားလုံးသည် ဝေးလံခေါင်းပါးသော ရန်ကုန်လို ရွှေမြို့တော်ကြီး၌ နေထိုင်ကြရသည်မှာ ဝန်းကျင်အသစ်၊ ဒေသအသစ်ဖြစ်ကာ မြင်မြင်သမျှ အသစ်အဆန်းချည်း ဖြစ်နေပေသည်။ တောကတက်လာသူများအချင်းချင်း ဖြစ်ကြပြီး ကိုယ်ကကြောင်တောင်တောင်ဆိုလျှင် သူတို့ကလည်း မအူမလည်များ ဖြစ်ကြ၏။

မှတ်မိသေးသည့် အဖြစ်အပျက်တစ်ခုကို ဖောက်သည်ချချင်ပါသည်။ တက္ကသိုလ်အဆောင်ထမင်းသည် အကောင်းစားကြီးထဲက မဟုတ်ပါ။ ထောင်ထမင်းလောက် မညံ့သော်လည်း ကျွန်တော်တို့ မစားနိုင်ကြပါ။ ထိုအခါ ကျွန်တော်အပါအဝင် အနီးတောသားများက တက္ကသိုလ်ကြီးအပြင် လှည်းတန်းဘက်တွင် ဖွင့်ထားသော ခနေဖြူဒေါ်စောရီထမင်းဆိုင်တွင် ထမင်းသွားစားကြသည်။ ဥပဒေကျောင်းသားချင်းတူသော်လည်း ကျွန်တော်တို့ ဘိတ်အုပ်စုက တစ်ဝိုင်း၊ ရှမ်းပြည်နယ်အုပ်စုက တစ်ဝိုင်း ရှိနေကြသည်။ ရောက်ခါစဖြစ်၍ ကိုယ့်အဖွဲ့နှင့်ကိုယ် ဖြစ်ကာ ခင်မင်ရောနှောခြင်းလည်း မရှိကြသေးဘဲ မျက်မှန်းတမ်းရုံမျှသာ သိကြသေးသည်။ ရှမ်းပြည်နယ်အုပ်စုကို စိုင်းအောင်မြင့်ဆိုသည့် ဥပဒေကျောင်းသားက ဦးဆောင်းပြီး ၄ ယောက်တစ်ဝိုင်းဖြစ်သည်။ စိုင်းအောင်မြင့်က တောင်ပေါ်ဒေသမှလာသူဖြစ်၍ စားဖွယ်ဟင်းလျာမျိုးစုံ ထည့်ထားသော မှန်ဘီရိုထဲရှိ ဟင်းဇလုံကြီးထဲ၌ ကွေးကွေးကြီး စံနေတော်မူသည့် နူတ်ခမ်းမွေးရှည်ကြီးနှင့် ရေချိုပုစွန်တုပ်ကြီးများကို စားချင်သည်ဆိုကာ ဈေးမမေးဘဲ ၄ ပွဲမှာ၍ တစ်လုံးတစ်လောက် စားနေပါသည်။ တစ်ဖက်ဝိုင်းမှ ကျွန်တော်တို့က ၎င်းတို့ဝိုင်းကို ရင်တမမဖြင့် ကြည့်နေမိသည်။ ပင်လယ်ဘက်က လာသူများဖြစ်၍ ပုစွန်တုပ်ကြီးတွေရဲ့ ဈေးနှုန်းမှာ ရွှေဈေးလောက်ရှိသည်ကို သိပြီးဖြစ်၍ မျက်စောင်းမျှမထိုးရဲချေ။ ကျွန်တော်တို့ အသီးသီး စားပြီး၍

ထမင်းဖိုးရှင်းရန် တွက်ချက်ခိုင်းသောအခါ စိုင်းအောင်မြင့်တို့ဝိုင်းမှာ မျက်ဖြူစိုက်ချေပြီ။ ကျွန်တော်အုပ်စုကလည်း သူတို့ကို ပြုံးစိစိကြည့်မိကြသည်။ ဆိုင်ရှင်က ပုစွန်တုပ်တစ်ပွဲ ၁၅ ကျပ်ဟုပြောပြီး လေးပွဲမို့ ၆၀ ကျပ်၊ ထမင်းက ၅ ကျပ်၊ စုစုပေါင်း ၆၅ ကျပ်ကျသည်ဟု ပြောလိုက်ချိန်တွင် စိုင်းအောင်မြင့် ပါးစပ်မှ ''ဗုဒ္ဓေါ''ဟု ရှမ်းသံဝဲဝဲဖြင့် ထအော်ပါသည်။ အော်လည်း အော်လောက်စရာပါ။ ထိုခေတ်က စီကိုဖိုက်နာရီတစ်လုံးမှ ၁၅၀ ကျပ်သာ ရှိသောကြောင့်တည်း။ အဆောင်ကြေးမှာလည်း တစ်လမှ ကျောင်းသားတစ်ဦးလျှင် ၆၀ ကျပ်သာသွင်းရသည့် အချိန်အခါဖြစ်သည်။ ထိုစဉ်က ဘတ်စ်ကားခမှ ၁၀ ပြား ၁၅ ပြားသာပေးရပြီး ဆန်တစ်ပြည် ၇၅ ပြား ပေးရသည့်ခေတ်ဖြစ်သည်။ ကျွန်တော်တို့ဝိုင်းတွင် ငါးမြင်းမိုက်သားနှင့် ထမင်းအဝစားပါမှ ၅ ကျပ်သာကျသည်။ ၄ ယောက်အတွက် ငွေ ၂၀ ကျပ်သာ ပေးရခြင်းကို ကျွန်တော်တို့ နှမြောလှပါသည်။ အဘယ်ကြောင့်ဆိုသော် မြိတ်နှင့် ရန်ကုန် ကျွန်းပတ်သင်္ဘောစီးခမှာ လူတစ်ဦးလျှင် ၂၀ ကျပ်သာပေးရသည်။

စိုင်းအောင်မြင့်တို့အဖွဲ့၏ မျက်နှာလေးချပ်မှာ ရေတိုင်ကီထဲကျသွားသော မန်ကျည်းရွက်ကလေးများသဖွယ် တဝဲဝဲလည်လည်နှင့် ငိုမဲ့မဲ့ဖြစ်နေသည်ကို ယနေ့ထိတိုင် မြင်ယောင်နေဆဲဖြစ်သည်။

နောက်ဆုံးတွင် စိုင်းအောင်မြင့်က လက်မှ စီကိုဖိုက်နာရီကို ဖြုတ်၍ ခနဖြူဒေါ်စောရီထမင်းဆိုင်ပိုင်ရှင်ထံ အပေါင်ထားခဲ့ရလေသည်။ ဤကား တက္ကသိုလ်ကျောင်းသားပေါက်စများနှင့် မဟာရန်ကုန် မိတ်ဆက်တည်း။

* * *

**အာစီတူ။ သို့မဟုတ် ဒေသကောလိပ် ၂။ သို့မဟုတ်**
**ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ**

နယ်ကျောင်းသားစစ်စစ်တွေအတွက် ရန်ကုန်တက္ကသိုလ်ပင်မဝင်းထဲက အဆောင်များတွင်နေရသည်။ ပဲခူး၊ သထုံ၊ ရွှေဘို၊ အင်းဝ၊

ဒဂုံဆောင်များမှာ ယောကျ်ားလေးဆောင်များဖြစ်ပြီး သီရိ၊ မာလာ၊ အင်းလျား စသည့်အဆောင်များမှာ မိန်းကလေးဆောင်များ ဖြစ်သည်။ တက္ကသိုလ်ဝင်းကြီးထဲတွင် အသက်အကြီးဆုံး သစ်ပုတ်ပင်ကြီး ရှိသည်။ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းကြီး ရှိသည်။ အဓိပတိလမ်း ရှိသည်။ တောင်ငူဆောင် ရှိသည်။ ဦးချစ်ဆိုင် ရှိသည်။ ရာမညရှိသည်။ မန္တလေးဆောင် ရှိသည်။ ဝင်းကြီးတစ်ဝင်းလုံးတွင် စိန်ပန်း နီနီ၊ ပြာပြာ၊ ဝါဝါများ စိရရီစိုက်ထားသည်။ ကုံ့ကော်ပင်များမှာ ရှုမဆုံးနိုင်။ ကုံ့ကော်ပွင့်ချိန်၊ စိန်ပန်းကြွေချိန်ဆိုလျှင် ရန်ကုန်တက္ကသိုလ်ဝင်းကြီးကား ကုံ့ကော်ရနံ့တို့ဖြင့် ထုံမွှန်းနေတတ်သည်။ ကျွန်တော်တို့နေသည့် ရွှေဘိုဆောင်နှင့် ဒဂုံဆောင်နံဘေး လမ်းတစ်လျှောက်တွင် စိန်ပန်းပွင့်များ ကြွေနေလိုက်သည်မှာ ဖွန်၊ ဖူလိုင် မိုးရေများအောက်တွင် ကော်ဇောနီနီ ခင်းထားသည့်ပမာ ကျက်သရေရှိလှသည်။

ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသားများသည် လှိုင်နယ်မြေတွင် ကျောင်းတက်ရသည်။ ဒုတိယနှစ်အောင်မြင်ပြီးနောက် တတိယနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်ပင်မ၌ ဆက်လက် ပညာဆည်းပူးရသည်။ မည်သည့်နေရာရောက်ရောက် ကျွန်တော်ကား အနုပညာဝါသနာပါသူပီပီ အနုပညာအသင်းသို့ ဝင်ပါသည်။ အာရ်ုစီတူးတွင် ကျောင်းတက်စဉ်က အနုပညာအသင်းဝင်ဖြစ်သလို မိန်းထဲတွင် ပြောင်းရွှေ့တက်စဉ်၌လည်း အနုပညာအသင်းသို့ ဝင်မြဲဖြစ်သည်။

မိန်းထဲ၌ ဥပဒေကျောင်းသားများသည် ရာမညဆောင်တွင် သင်ရသည်။ ရာမညဆောင်မှ ပြည်လမ်းမကြီးကိုကျော်လျှင် အင်းစိန်လမ်းမ၊ ကြည့်မြင်တိုင်ဘက်သွားသည့် လှည်းတန်းလမ်းမတို့ ရှိသည်။ မြို့ထဲဘက်သို့သွားလျှင် လိပ်ခုံး ဆေးတက္ကသိုလ်(၁)၊ ပညာရေးတက္ကသိုလ်ဝင်းတို့ကို လှပခံ့ညားစွာ မြင်ရမည်။ ယခုတော့ လိပ်ခုံးအဆောက်အအုံကြီး မရှိတော့ပါ။ လိပ်ခုံးအောက် နံရံတွင် ခရုကမာခွံများနှင့် ရေးဆွဲစီခြယ်ထားသော ပန်းချီကားကြီးကို ခုတိုင် မျက်လုံးထဲ စကင်ဖတ်ထားဆဲ။ ၎င်းရှေ့တွင် မြန်မာ့အသံအဆောက်အအုံ ရှိသည်။ ၎င်းနောက်တွင် ကြိုတော (နာနတ်တော) သင်္ချိုင်း ရှိသည်။

လှိုင်နယ်မြေမှာ ကျောင်းတက်ဖို့ရာ ဆန်နီပစ်ကပ် (၄၅) လိုင်းကားစီးရသည်။ အင်းစိန်ဘက်သွားမည့်ကားက အာရ်စီတူးကို ပတ်ဝင်ပေးသည်။ စီးပွားရေးတက္ကသိုလ်ကျောင်းသူများနေသည့် မာလာဆောင်ရှေ့ဂိတ်မှ စီးရသည်။ အီကို (စီးပွားရေးတက္ကသိုလ်) တက်သည့် ကျောင်းသား/ သူများမှာ မိန်းထဲတွင် အဆောင်မရကြ။ သမိုင်းဝင်းထဲတွင် အဆောင်နေကြသူများ ရှိသည်။ အီကိုကျောင်းသူများသည် မိန်းထဲမှာစာသင်ပြီး အာရ်စီတူးဝင်းတွင်ရှိ သူတို့နေထိုင်ရာအဆောင်များဖြစ်သည့် နှင်းဆီ၊ သရဖီတို့ဆီ ပြန်ကြရသည်။

အချစ်သည် အိုခြင်း၊ နာခြင်း၊ ဆင်းရဲခြင်းမရှိသော အဆိုကို ကျွန်တော် လက်ခံရပေတော့မည်။ ကျွန်တော် မနှင်းဆီကို ယနေ့တိုင် နှလုံးမှတ်ဉာဏ်ထဲ၌ စွဲမြဲထင်ကျန်နေဆဲမို့ ဖြစ်သည်။ ကျွန်တော် ချစ်သောမနှင်းဆီမှာ အဆိုတော်လွှမ်းမိုး သီချင်းထဲက မနှင်းဆီမဟုတ်ပါ။

အချစ်နှင့်ဆုံသောနေ့ကား ဖွန်လ၏ မိုးရေစက်များနှင့်အတူ ရောက်ရှိလာခဲ့သည်။ ကျွန်တော်က ကျောင်းလွယ်အိတ်ကို ကြိုးထုံးပြီး သိုင်းလွယ်ထားသည်။ ယုဒသာန်ခန်းမမှာ ပန်းချီပြပွဲကြည့်ပြီး အာရ်စီသို့ ကျောင်းတက်ရန်အသွား မာလာဆောင်ရှေ့အရောက်မှာ မိုးကသည်းသည်းမဲမဲ ဝုန်းခနဲ ရွာလိုက်သဖြင့် ကျွန်တော့်လက်စွဲတော် သုံးဆစ်ချိုးခေါက်ထီးအား ကောင်မလေးတစ်ယောက်ကို ကျော်၍ မောင်းခလုတ်နှိပ်လိုက်သည်။ ထီးရွက်တစ်ခုလုံးမှာ သေနတ်ပြောင်းဝမှ ထွက်သွားသည့် ကျည်တစ်တောင့်အလား ဖလူးဆိုသော အသံကိုပြုလျက် ပြည်လမ်းမကြီးအလယ်သို့ ကျသွား၏။ ကျွန်တော့်လက်ထဲ ထီးရိုးသာကျန်တော့၏။ ကျကျခြင်း လေက ထပ်ဝှေ့လိုက်သဖြင့် ထီးရွက်မှာ ကဏန်းကောင်ကဲ့သို့ တွားပြေးပြေးလေတော့သည်။ ကျွန်တော့်မှာ ထီးရိုးကိုကိုင်လျက် ထီးရွက်ကို ကုန်းကွကွဖြင့် ပြည်လမ်းမအလယ်၌ ဖားဖမ်းသကဲ့သို့ လိုက်ဖမ်းရာ အချည်းနှီးသာ ဖြစ်လေသည်။ လေအဝှေ့နှင့် ထီးရွက်မှာ ခြေလေးချောင်းသတ္တဝါကဲ့သို့ အပြေးမြန်လွန်းလှသည်။ မာလာဆောင် အရှေ့မှ ကျောင်းသားတစ်သိုက်က ကျွန်တော့်အဖြစ်ကို လက်ညှိုးထိုးပြီး ဝါးခနဲ ဝါးလုံးကွဲ ရယ်လိုက်သည့်အခါမှ

ထီးအဖမ်း ရပ်မိတော့သည့် မိမိအဖြစ်ကို ရှက်လွန်း၍ မျက်နှာကို ဘယ်နားထားရ မည်မှန်း မသိ။

ထိုစဉ် ကြက်သွေးရောင်ဝမ်းဆက်နှင့် ယခုခေတ် လုလုအောင်၏ ကိုယ်လုံးကိုယ်ပေါက်ကဲ့သို့ ပိုင်ဆိုင်သော မိန်းကလေးတစ်ဦး ကျွန်တော့်အား ထီးမိုးပေးရင်း စကားတီးတိုးဆိုလာသည်။ “ရှင် ကို ဖြတ်ထုံး မဟုတ်လား’ တဲ့ ကျွန်တော်၏ လူရှင်တော်နာမည်ကို မည်သို့ မည်ပုံ သိလေသလဲဟု မင်တက်မိရင်း ကျွန်တော့် တစ်ကိုယ်လုံး မှာ ပလပ်ပေါက်ထဲ လက်နှိုက်မိသကဲ့သို့ ကတုန်ကယင် ဖြစ်သွားတော့ သည်။

“ကျေးဇူးတင်ရယ်နား ညီမ” ဟု ဘိတ်သံဝဲဝဲဖြင့် ပြန်ပြော ဖြစ်သည်။ ကျွန်တော်နှင့်အတူပင် ၄၈ အမြန်ကားပေါ် တက်စီးမိသည်။ လမ်းတူ၍ လူချင်းတွေ့လေပြီတည်း။ ကျွန်တော် အာရ်စီတူးတွင်မဆင်း။ ကျွန်တော့်ဘေးက ထီးမိုးပေးသည့် ကောင်မလေးနောက်သို့ လိုက်ရန် ကျွန်တော် ဦးတည်ချက်ပြောင်းလဲလိုက်တော့သည်။ “တက္ကသိုလ်သည် စာသင်ဖို့မျှသာ မဟုတ်၊ ရည်းစားထားရန်လည်း ဖြစ်၏” ဟူသော အဆောင်နံရံက စာတန်းကို မြင်ယောင်မိသည်။ တိတ်တခိုး ရယ်မိ သည်။ ကောင်မလေး၏ အမည်ကို လမ်းတစ်လျှောက်လုံး မေးသော် လည်း မဖြေ၊ ရှက်၍လား မသိ၊ မျက်နှာကို တစ်ဖက်လှည့်နေ၏။ ကား ဘရိတ်နင်းလိုက်တိုင်း သူမဘက် ပိုနီးစေရန် ဖင်ရွှေ့စေ၏။ သူမက လည်း ကျွန်တော်ကပ်လိုက်တိုင်း ခွာပြီး ရွှေ့လေ၏။ အချစ်သည် တစ်ခါတစ်ရံ သံလိုက်အိမ်မြှောင်ကဲ့သို့ တောင်နှင့်မြောက် တန်းနေ တတ်လေသလား။

ကျွန်တော်သည် ကျွန်တော့်အား အရှက်တကွဲအကျိုးနည်း သည့်အခြေအနေမှ ကယ်တင်ခဲ့သူ မဏိမေခလာကို နှင်းဆီဆောင်မှာ ဆင်းသွားသောကြောင့် ထိုနေ့မှစ၍ ကျွန်တော့်နှလုံးသားကို “မနှင်းဆီ” ဟူသော သော့နှင့်သာ ဖွင့်ရမည်ဖြစ်ကြောင်း ယုံကြည်သွားခဲ့ပါသည်။

* * *

ကျွန်တော်တို့ ဒေသကောလိပ် (၂)၊ သို့မဟုတ် အာရ်စီတူး ရောက်တော့ 'မိုးနတ်သူဇာအငြိမ့်' (မင်းသမီး သီတာဝင်း၊ လူရွှင်တော် ဇာဂနာ၊ တက်တူ၊ စုတ်ချွန်း၊ ပိန်ပိန်တို့ပါဝင်) က နာမည်ကြီးနေပြီး မြန်မာ့အသံက လွှင့်တာကို တစ်နိုင်ငံလုံး ငေးမောကြည့်ရှုနေရချိန်ဖြစ်၏။ ဒေသကောလိပ် နှစ်နှစ်ပြီး၍ ကိုဇာဂနာ (ကိုသူရ) က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ကိုစုတ်ချွန်းက စက်မှုတက္ကသိုလ်၊ ကိုတက်တူက မြန်မာစာ၊ ကိုပိန်ပိန်က ဘူမိဗေဒ အသီးသီးခွဲသွားကြပြီ။ ထိုအခါ အာရ်စီတူးမှာ လူရွှင်တော်နှင့် မင်းသမီး လိုအပ်လာပြီး ကျောင်းသားတွေ (အနုပညာအသင်းဝင်) ထဲကနေ လူရွေးပွဲကို အာရ်စီတူး၊ သို့မဟုတ် လှိုင်နယ်မြေမှာ ကျင်းပခဲ့သည်။ ဥပဒေပညာက ကျွန်တော် လွင်အောင် (ဖြတ်ထုံး)၊ ထိန်လင်း (ထိန်ထိန်)၊ ရုပ်ဆိုး မြန်မာစာက ဝင်းနိုင်မြင့် (လေအိုး)၊ သင်္ချာက မျိုးသိမ်းထွန်း (စုတ်ချွန်း) တို့ ၄ ယောက်ဟာ အရွေးခံလူရွှင်တော် အယောက် ၃၀ ကျော်ထဲက ရွေးတံဆိပ်ရကြသည်။ ထိုစဉ်တုန်းက အာရ်စီတူး၏ ကျောင်းအုပ်ကြီးမှာ ဆရာကြီး ဦးကောင်းညွှန့် ဖြစ်သည်။ အနုပညာအသင်းမှာ ဦးဆောင်နေတာက ကိုဇာဂနာတို့၏ဆရာ ဦးနေဝင်း (ခ) စာရေးဆရာမောင်နံ့သာ ဖြစ်ပြီး ကျွန်တော်တို့အဖွဲ့ "စန်းစသော်တာ" ကို အမည်ပေးခဲ့သည်။ မင်းသမီးက ယုနန္ဒာမြင့်၊ ချစ်ချစ်ဇော်၊ စန္ဒာဉာဏ်ဝင်းတို့ ဖြစ်သည်။

ကျွန်တော်တို့ သူငယ်ချင်း ၄ ယောက်မှာ ကျောင်းပိတ်ရက်လည်း အိမ်မပြန်ရ။ သကြန်ရက်တွေမှာ ဖျော်ဖြေရေးထွက်ဖို့ ပြက်လုံးတွေ တိုက်ရ၊ အကတွေ လေ့ကျင့်ရသည်။ ယိမ်းအဖွဲ့တွေနှင့် တစ်ခန်းရပ်ပြဇာတ်၊ နှစ်ပါးခွင်၊ အငြိမ့်သီချင်းတွေ တိုက်ရသည်။ ဒေါ်ကောလိပ်မြိုင်၏သား ဘျှန်ထွန်း (ယခု ဘျှန်ထွန်း၊ မြန်မာစာ)က သီချင်းရေး၊ အော်ဂင်တီးပေးသည်။ ပျော်စရာများကြပက်၊ ချစ်မက်စိတ်များနှင့် စီခဲ့သော စိန်ကြယ်ပွင့်တို့ရာသီပင် ဖြစ်တော့သည်။

* * *

၁၉၈၇ ခုနှစ်တွင် ငွေစက္ကူအရေးအခင်း ရောက်လာ၊ ဓာတ်ဆီတစ်ဂါလန် ၂ ကျပ်ကိုပင် မထည့်နိုင်။ ၁၉၈၈ ခုနှစ် မတ်လမှသည် ရှစ်လေးလုံးအရေးတော်ပုံကြီး ရောက်လာသည်။ နတ်ဆိုးတို့ သောင်းကျန်းသော ခေတ်ဆိုးကို ရန်ကုန်တက္ကသိုလ်ကြီးလည်း လည်စင်းခံရသည်။ အဆိုး များများ၊ အကောင်း နည်းနည်းထဲတွင် သူတော်စင်နည်းနည်း၊ ဗီလိန် များများ ဖြတ်သန်းရသော နှစ်ကာလများပေတည်း။

* * *

ခုနေအခါ တစ်ခါတုန်းက တက္ကသိုလ်ကို လွမ်းမောစိတ်များနှင့်သာ အတိတ်ကို ပြန်ရစ်ကြည့်နေရတော့သည်။ ထိုစဉ်က လူငယ်သည် ယခု လူကြီးဘဝသို့ ရွေ့ခဲ့လေပြီ။ အချိန်ကာလတို့ စီးဆင်းသွားပြီးနောက် ဒဏ်ရာအနာတရတို့အား အတ္တကြီးသူ၊ လောဘကြီးသူတို့၏ ခြယ်လှယ်မှုအောက်တွင် တက္ကသိုလ်သည် အရုပ်ဆိုးအကျည်းတန်ခဲ့ရဖူးသည်။ စိန်ပန်းတို့သည် ဘယ်ခေတ်မှာမဆို ဝေဆဲ၊ ကတ္တီပါလမ်းကား ဦးမြဲ၊ တစ်တောလုံးဝေခဲ့ဖူးသော ကုံကော်ပွင့်ချပ်တို့ကား ထိုလူငယ်/ လူကြီး၏ နှလုံးသားတွင် ထာဝရ မွှေးပျံ့နေဆဲပင်။ ■

နရီ (မြိတ်)
၁၆၊ ၆၊ ၂၀၁၉။

## တန်ဖိုးရှိနေသော လက်ကိုင်ပဝါလေးများ

၁။

၁၉၈၅ ခုနှစ်၊ အထက်တန်းကျောင်းမှာ ဝတ်ခဲ့တဲ့ အဖြူ အစိမ်းဝတ်စုံတွေနဲ့ အပြီးအပြတ်လမ်းခွဲလိုက်ရပြီ ဖြစ်သည်။ မင်္ဂလာ တောင်ညွန့်မြို့နယ်တွင် နေထိုင်သူမို့ ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင် နယ်မြေကို တက်ရမည်။ ဗိုလ်တထောင်ကောလိပ်ကို များသောအား ဖြင့် RC-1(Regional Collage No.1) ဟုသာ ကျွန်တော်တို့ ခေါ် ဝေါ်ကြသည်။ ကျွန်တော်နေထိုင်သည့် ဖဆပလရပ်ကွက်မှ RC-1 သို့ ကားနှစ်ဆင့်စီးရသည်။ ကျောက်တိုင်ကားဂိတ်မှ ရုပ်ရှင်ရုံမှတ်တိုင်သို့ တစ်ဆင့်၊ ရုပ်ရှင်ရုံမှတ်တိုင်မှ ဗိုလ်တထောင်ဘုရားသို့တစ်ဆင့် စီးရ သည်။ ထို့ကြောင့် ကားခက တစ်ကျပ်ကုန်သည်။ အကုန်အကျများ သည်ဟု စိတ်ထဲထင်သဖြင့် ကျွန်တော်နှင့် အတန်းတူသူ သူငယ်ချင်း သုံးယောက် ရုပ်ရှင်ရုံကားမှတ်တိုင်သို့ လမ်းလျှောက်ပြီး အဲဒီကျမှ ကား စီးကြသည်။ အပြန်လည်းတစ်ခါတလေ ကျောင်းမှအိမ်ထိတိုင် လမ်း လျှောက်ကြသည်။ ကောင်မလေးတွေကိုငမ်းရင်း လျှောက်ကြသည်မို့ ညောင်းညာခြင်းမရှိ လျှောက်နိုင်ခဲ့လေသည်။

ရန်ကုန်တက္ကသိုလ်၏ နယ်မြေသုံးခုဖြစ်သော ဗိုလ်တထောင်၊ လှိုင်နှင့် ကြည့်မြင်တိုင်တို့တွင် ကျွန်တော်တို့ ဗိုလ်တထောင်နယ်မြေ သည် ကျောင်းပရဝုဏ် အကျဉ်းဆုံးဖြစ်သည်။ အချို့လက်တွေ့ခန်းများ

ကား ကျောင်းဝင်းအတွင်းတွင် မရှိဘဲ နှစ်လမ်းကျော်မှ ကုန်လှောင်ရုံကြီးများတွင်ဖြစ်သည်။ ကျောင်းကင်တင်းကလည်း ပေတစ်ရာပတ်လည်ခန့်သာကျယ်သည်။ ဆိုင်ခန်းက အခန်း ၂၀ လောက်သာ ရှိသည်။ ကျောင်းကျဉ်းတော့ ကျောင်းသားတွေ တစ်ယောက်နှင့်တစ်ယောက် မျက်မှန်းတန်းမိနေကြသည်။

ကျွန်တော်တို့ကျောင်းတွင် ထူးခြားသည့် ကြောင်လိမ်လှေကားတစ်စင်းရှိသည်။ ထိုလှေကားက ဒုတိယထပ် ၂၀၄ အခန်းထိပ်တွင် ဆုံးသည်။ ၂၀၄ အခန်းမှာ သမိုင်းဘာသာအဓိကအခန်း ဖြစ်သည်။ ကြောင်လိမ်လှေကားဘေးတွင် နံရံကြီးသာရှိသည်။

ပထမနှစ်ကျောင်းတက်သက် အတော်ရလာပြီဖြစ်သော ဇူလိုင်လ၏ ရက်တစ်ရက်တွင် ကြောင်လိမ်လှေကားဘေးရှိ နံရံကြီးကို ဘယ်သူတွေက ဆေးအနီများဖြင့် ပက်သွားသည်မသိ၊ ကျောင်းမှ ဆရာများ ဟိုနားစုစု ဒီနားစုစုနှင့် တွတ်ထိုးနေတာ တွေ့ရသည်။

ကျောင်းသားများအတွက် မမေ့အပ်သော နေ့တစ်နေ့ဆိုသည်ကို သိလိုက်ရသည်။ ဆဲဗင်းဂျူလိုင်၊ 7 July ။

၂။

ဆယ်တန်းအောင်ပြီး တက္ကသိုလ်စတက်သည့်အချိန်တွင် ကျွန်တော့်အသက် ၁၇ နှစ် ဖြစ်သည်။ လူပျိုပေါက်တို့၏ ဖြစ်လေ့ဖြစ်ထအတိုင်း မိန်းကလေးများရှေ့တွင် ရှိုးတိုးရှန်းတန်း။ သို့သော်သိပ်မကြာလိုက်၊ လက်တွေ့ခန်းထဲတွင် တစ်ယောက်ကိုတစ်ယောက် ကူညီကြရင်း ပုစ္ဆာများ အဖြေ့လိုက်တွက်ရင်း မိန်းကလေးသူငယ်ချင်းများ ရလာသည်။

ပထမနှစ် ကျောင်းသားဘဝမှာပင် ကျွန်တော်တို့သည် တက္ကသိုလ်ကျောင်းသားကြီးများစတိုင်ကို အတုခိုးကြသည်။ ကျွန်တော်တို့ခေတ်က များသောအားဖြင့် ရှပ်အင်္ကျီ၊ သို့မဟုတ် စပို့ရှပ်နှင့် ပုဆိုးသာဝတ်တာများသည်။ ရှပ်အင်္ကျီအိတ်ထောင်ထဲတွင် ယောက်ျားကိုင်လက်ကိုင်ပဝါကို ခေါက်ထည့်ထားပြီး ဘောပင်တစ်ချောင်း ချိတ်ထား

တတ်သည်။ ပိုက်ဆံအိတ် မကိုင်ကြဘဲ အိတ်ထောင်ထဲ ပိုက်ဆံထည့် သုံးကြသည်။ ကျွန်တော်က ချွေးထွက်သန်သူ ဖြစ်သဖြင့် လက်ကိုင် ပဝါတစ်ထည်ကို အိတ်ထောင်ထဲထည့်၍ အရန်တစ်ထည်ကို လွယ် အိတ်ထဲတွင် ထားရသည်။ ထိုစဉ်က ယခုခေတ်သုံးသလို ချွေးသုတ် ပဝါမဟုတ်၊ ပိတ်စကိုအနားလုံးထားသော ပိတ်သားလက်ကိုင်ပဝါများ ဖြစ်သည်။ ယောကျ်ားလေးသုံးနှင့် မိန်းကလေးသုံးဆိုပြီး ဆိုဒ်နှစ်မျိုး ရှိသည်။ ကျွန်တော်တို့ယောကျ်ားလေးသုံးက သုံးကျပ်ခွဲလောက် ပေး ရပြီး မိန်းကလေးသုံးက နှစ်ကျပ်ခွဲလောက် ပေးရသည်။

အပြင်ထွက်တိုင်း လက်ကိုင်ပဝါမရှိလျှင် မနေတတ်၊ မျက်နှာ အဆီပြန်လည်း ထုတ်သုတ်၊ ချွေးထွက်လျှင်လည်း သုတ်၊ ချောင်းဟန့် ရင်လည်း ပါးစပ်ကိုအုပ်တတ်သည့်အကျင့် ပါနေသည်။ ထို့ကြောင့် ကျွန်တော့်တွင် လက်ကိုင်ပဝါများ တစ်ဒါဇင်ကျော် ရှိသည်။ အားလုံး က အရောင်နုနုများဖြစ်သည်။ အဖြူရောင်ပေါ် အရိပ်ကွက် လက်ကိုင် ပဝါလေးများကို ကျွန်တော်အလွန်နှစ်ခြိုက်ခဲ့သည်။

၃။

ဝန်ထမ်းသားသမီးဖြစ်သော ကျွန်တော့်တွင် အဝတ်အစား များများစားစား မရှိပါ။ ကိုယ့်ရှိသည်က သုံးလေးစုံသာဖြစ်၍ အဝတ် အစား မပလွှားနိုင် သန့်ရှင်းသပ်ရပ်အောင်သာ ဝတ်ဆင်နိုင်သည်။ သို့ သော် လက်ကိုင်ပဝါကိုတော့ တစ်နေ့တစ်ထည် သုံးသည်။ ကျောင်း ကပြန်လာလို့ ရေချိုးလျှင် လက်ကိုင်ပဝါလေးကို လျှော်သည်။ အစ ပါးပါးလေးမို့ အခြောက်မြန်သည်။ မီးပူမတိုက်ဘဲ သပ်သပ်ရပ်ရပ် ခေါက်ရုံဖြင့် သုံး၍ရသည်။

ဆရာငြိမ်းကျော်လား၊ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)လား စာရေးသူကို ကျွန်တော် သေချာမမှတ်မိတော့သော ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လိုက်က ချစ်သူနှင့်လျှောက်လည်ရင်း ချစ်သူက ဖိနပ်ပြတ်သည်။ ဇာတ်လိုက်လုပ်သူက သူ့ချစ်သူ၏ခြေဖဝါးနှင့် ဖိနပ်ကိုပူးပြီး သူ့အင်္ကျီ အိတ်ထဲမှ လက်ကိုင်ပဝါလေးထုတ်၍ ချည်ပေးလိုက်သည်ဟု ဖတ်

ဖူးသည်။ လက်ကိုင်ပဝါကို အသုံးပြုပုံ နည်းသစ်တစ်မျိုးကို ကျွန်တော် မှတ်သားလိုက်ရတော့သည်။ ကျွန်တော့်ရည်းစားများ ဖိနပ်ပြတ်လျှင် လည်း ထိုကဲ့သို့လုပ်မည်ဟု တွေးမိသည်။ လက်ကိုင်ပဝါတစ်ထည် သည် ခရီးကိုလည်း ရှည်စေသည်ဟု စိတ်ထဲ တေးမှတ်မိသည်။

တကယ့် လက်တွေ့တွင်တော့ ကျွန်တော့်သူငယ်ချင်းတစ် ယောက် ဘတ်စ်စကားစီးရင်း ကားကဘရိတ် ဆောင့်အုပ်လိုက်သည့် အတွက် ယိုင်သွားပြီး မီရာကို လှမ်းထောက်လိုက်ရာမှ လက်တွင် ဒဏ်ရာရပြီး သွေးများထွက်လာသည်။ ကျွန်တော်က လက်ကိုင် ပဝါကိုထုတ်ကာ သူ့ဒဏ်ရာကို စည်းပေးခဲ့ရဖူးသည်။

၄။

ကျွန်တော်တို့ တတိယနှစ်ရောက်သောအခါ ရန်ကုန်တက္က သိုလ်သို့ ပြောင်းရွှေ့တက်ကြရသည်။ ကျယ်ဝန်းသည့်တက္ကသိုလ်ကြီး တွင် လွမ်းစရာနေရာတွေက များလှသည်။ စားသောက်ဆိုင် ကန်တင်း များကလည်း များလှသည်။ တောင်ငူကန်တင်း၊ ဂျပ်ဆင်ကန်တင်း၊ ဝိဇ္ဇာကန်တင်း၊ သိပ္ပံကန်တင်း၊ အီကိုကန်တင်းတို့သာမက ဦးချစ် လက်ဖက်ရည်ဆိုင်ကလည်း ငှက်ပျောတောထဲတွင် အရိပ်အာဝါသ ကောင်းစွာနှင့် ကျယ်ဝန်းလှသည်။ RC(Recreation Centre) ဘေး တွင်လည်း 'လူငယ်'ဟု အမည်ရသော လက်ဖက်ရည်ဆိုင်ရှိသည်။

ကျွန်တော်တို့က ကျောင်းသားသစ်များမို့ ကျောင်းတစ်ကျောင်း လုံးကို မမောတန်းပတ်လျှောက်ကြသည်။ ကိုယ်စာသင်ရမည့် အဆောင် သာမဟုတ်၊ အတန်းအားချိန်ရှိလျှင်ရှိသလို လျှောက်လည်ကြသည်။ သစ်ပုပ်ပင်ရိပ်အောက်က ခုံတန်းပြာများကို စိတ်ဝင်စားသော်လည်း ကိုယ့်မှာ ချစ်ဖော်မရှိ၍ မထိုင်ဖြစ်။ မနက်ပိုင်းစောစောဆို တောင်ငူ ကန်တင်း အရှည်ကြီးလက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ပြီးလျှင် S2 အခန်းသို့ အတန်းသွားတက်၊ ၁၀ နာရီလောက်ဆို ဂျပ်ဆင်ကန်တင်း မှာ ခဏထိုင်ကြပြန်သည်။ ပြီးတော့ အတန်းပြန်တက်၊ ထမင်းစားချိန် မှာ သိပ္ပံကင်တင်း အထိုင်များသည်။ ညနေစောင်းလျှင်တော့ ဦးချစ်

ဆိုင်ကို ဒိုးကြသည်။ သုံးယောက်ကို လက်ဖက်ရည်တစ်ခွက်နှုန်းဖြင့် ရောက်တတ်ရာရာများ ဆွေးနွေးတတ်ကြသည်။ ခေတ်ပြိုင်ဝတ္ထုများ အကြောင်း၊ ကဗျာများအကြောင်း ဆွေးနွေးဖြစ်ကြသည်။ ထိုအချိန်က ကာရန်မဲ့ကဗျာဟု သုံးနှုန်းသောကဗျာများကို ကျွန်တော်တို့ အများဆုံး ဆွေးနွေးဖြစ်ကြသည်။

တောင်ငူဆောင်မှ အဓိပတိလမ်းဘက်အထွက်တွင် စိန်ပန်း နီနီရဲရဲအပင်များနှင့် ကံ့ကော်ပင်များ ရှိသည်။ ကံ့ကော်ပွင့်ချိန်ဆိုလျှင် ကြွေကျနေသော ကံ့ကော်ပန်းကလေးများကို တယုတယကောက်ကာ လက်ကိုင်ပဝါလေးနှင့်ထုပ်ပြီး သိမ်းထားမိသည်။ နေ့လယ် စာသင်ချိန် များတွင် အိပ်ငိုက်သောအခါ ဒါမှမဟုတ် ခေါင်းမကြည်သောအခါများ တွင် လက်ကိုင်ပဝါအတွင်းမှ ကံ့ကော်ပန်းလေးရဲ့ရနံ့ကို ရှူရှိုက်ရသည်။ ကံ့ကော်ရနံ့မှာ လူကို ခေါင်းကြည်ပြီး ရှင်လန်းစေသည်။ လမ်းလျှောက် ရင်း ချွေးထွက်၍ မျက်နှာသုတ်လိုက်တိုင်း ကံ့ကော်ရနံ့လေးရနေသည် မှာလည်း ကြည်နူးစရာကောင်းလှသည်။

ကျွန်တော့်မွေးနေ့တွင် သူငယ်ချင်းမတစ်ယောက်က လက် ကိုင်ပဝါလေးသုံးထည် လက်ဆောင်ပေးဖူးသည်ကိုပင် ပြန်အမှတ်ရ မိသည်။ သူပေးသည့် လက်ကိုင်ပဝါလေးတစ်ထည်ကိုဖြန့်ကာ ကံ့ကော် ပန်းခြောက်ကလေးများထည့်ထားပြီး စာအုပ်စင်အပေါ်ဆုံးမှာတင်ထား ခဲ့သည်။ ညဘက် စာဖတ်ချိန်တိုင်း လက်ကိုင်ပဝါလေးအတွင်းမှ ကံ့ ကော်ပန်းခြောက်များကိုကြည့်ရင်း ရှူရှိုက်ရင်း အတွေးနှင့် လွမ်းတတ် သောအကျင့် ရခဲ့ဖူးသည်။

၅။

ဒီလိုနှင့် ကျောင်းသားဘဝ၏ ရိုးရှင်းလတ်ဆတ်သော ခံစား မှုများနှင့် တရားမျှတမှုကိုမြတ်နိုးသည့် စိတ်ဓာတ်တို့ကို ထိပါးစော်ကား လာသည့် မတ်လအရေးအခင်းနှင့် ကြုံတွေ့ခဲ့ရသည်။ တံတားဖြူမှ တံတားနီ ဖြစ်သွားသည်။ ကျောင်းသားများ စာသင်ခန်းများဆီမှ အဓိ ပတိလမ်းမပေါ် ထွက်လာကြသည်။ ထိုမှတစ်ဆင့် ကျောင်းပရဝဏ်

ပြင်ပအထိ စီတန်းဆန္ဒပြကြသည်။ ရက်စက်စွာ နှိပ်ကွပ်ခံရသည်။ အင်းလျားကန်ထဲတွင် ကျောင်းသူအလောင်းအချို့ တွေ့ရသည်။ ကျောင်းပိတ်လိုက်သည်။

ဖွန်လ ကျောင်းပြန်ဖွင့်တော့ ကျောင်းတော်ကြီးသည် ကြေကွဲနေသလို ခံစားရသည်။ ကျောင်းသားများ ဟိုနားတိုးတိုး ဒီနားတိုးတိုးနှင့် ယခင်က စိမ်းစိုသောအပြုံးနှင့် ပွင့်လင်းသော ရယ်သံများ ပျောက်ဆုံးနေသည်။ ခုံနံပါတ်များ ကြေညာသောအခါ အချို့ကျောင်းသားများ ပါမလာ။ ကျောင်းထုတ်ခံရသည်ဟုလည်း တရားဝင်မကြေညာ။ မြုံစိစိနေ့အချို့ကို ဖြတ်သန်းပြီးနောက် ဖွန်အရေးတော်ပုံပေါ်ပေါက်လာခဲ့သည်။ ကျွန်တော်တို့လည်း အများနည်းတူ ကျောင်းသားများမို့ တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်။ အဓိပတိလမ်းမပေါ်တွင် ဟောပြောပွဲစင်မြင့်ကြီးက နေရာယူထားလိုက်သည်။ တစ်ပါတီအာဏာရှင်စနစ်ကို ကျောင်းသားထုက စတင်တော်လှန်ပုန်ကန်လေပြီ။

စစ်ထောက်လှမ်းရေးက ကျောင်း၏ လမ်းတစ်ဖက် ပါတီယူနစ်ရုံးမှ ကျောင်းသားများကို ဓာတ်ပုံရိုက်ပြီး မှတ်တမ်းယူကြသည်။ မှတ်တမ်းပါသွားသော ကျောင်းသားများကို အရေးယူနိုင်သဖြင့် ကျောင်းသားများက အသင့်ဆောင်ထားကြသော လက်ကိုင်ပဝါများကို မျက်နှာတွင် စည်းလိုက်ကြသည်။ လက်ကိုင်ပဝါလေးသည် လုံခြုံရေးအသုံးအဆောင်အဖြစ်သို့ ပြောင်းလဲသွားတော့သည်။

အချိန်အခါနှင့် အခြေအနေကို လိုက်၍ အသုံးဝင်လှသော လက်ကိုင်ပဝါကလေးများအကြောင်းမှာ ကျွန်တော့်ဘဝတွင် မေ့ဖျောက်၍ ရမည်မဟုတ်ပါ။ အညစ်အကြေးသန့်စင်ဖို့သာ မဟုတ်ဘဲ တစ်ခါတစ်ရံ ပတ်တီးအဖြစ် လည်းကောင်း၊ တစ်ခါတစ်ရံ ထုတ်ပိုးပစ္စည်းအဖြစ် လည်းကောင်း၊ တစ်ခါတစ်ရံ အရှက်လုံ၍ ခရီးဆက်နိုင်ရေးအတွက် လည်းကောင်း လိုအပ်သည့်အချိန်တွင် လိုအပ်သလို တန်ဖိုးပြောင်းလဲနေသော လက်ကိုင်ပဝါလေးများသည် ကျွန်တော်တို့အပါးရဲဘော်ရဲဘက်ပမာ မခွဲအတူ စောင့်ရှောက်ခဲ့ဖူးပါသည်။

ငယ်ချစ်ဟောင်းကို လွမ်းဆွတ်တမ်းတမိသလိုမျိုး ကျောင်း

သားဘဝက အသုံးပြုခဲ့ရသော လက်ကိုင်ပဝါလေးများကို လွမ်းဆွတ်မိပါသည်။ ငယ်ချစ်ဟောင်းနဲ့ ဝေးကွာရသလို သူနဲ့ ဝေးကွာလာတာသည်ပင် နှစ်သုံးဆယ်ကျော်ခဲ့လေပြီ။ ကျွန်တော်တို့ ခိုတွယ် စီးခဲ့ကြသော စစ်ကျန်ဘတ်စ်ကား ဗိုက်ပူကြီးများ လမ်းမထက်မှ ပျောက်သွားပြီ။ လက်ကိုင်ပဝါလေးများကို လွမ်းဆွတ်တိုင်း အိမ်ရှေ့က ကံ့ကော်ပင်လေးကို ငေးကြည့်မိသည်။ ကံ့ကော်ပန်းကလေးများကတော့ ရာသီစက်ဝိုင်းအတိုင်း ပွင့်မြဲပွင့်ဝေဆဲ။ ■

ရင်နီ

၆.၉.၂၀၁၉၊ နံနက် ၇း၅၀ စရေး

၁၇.၉.၂၀၁၉၊ နံနက် ၄း၄၅ အဆုံးသတ်။

# မိခင်နယ်မြေမှာ လမ်းလျှောက်ခြင်း

ခြသေ့်ရုပ် သံတံခါးကိုကျော်လွန်ပြီး အဓိပတိလမ်းကို ခြေချ လိုက်သည်နှင့် နွေးထွေးသော၊ ကြက်သီးမွေးညင်းထသော၊ အတိတ် ကို လွမ်းဆွတ်မိသော ခံစားမှုတွေက ရင်ထဲမှာ တသီကြီးဖြစ်ပေါ်လာ သည်။ ကုံကော်ရနံ့တွေကို ရုတ်ခြည်းရလိုက်သည်။ ချိုးငှက်ကူသံ၊ ဥဩတွန်သံတွေကို ဖျတ်ခနဲ ကြားလိုက်ရသည်။

တံခါးလွန်စ ညာဘက်ဝင်းထဲကြည့်မိတော့ ချုံနွယ်ကျိုးတိုး ကျဲတဲတွေနောက်မှာ တစ်ကိုယ်ထီးတည်းရပ်နေသည့် အားကစားရုံကို မြင်ရသည်။ သူ့ရှေ့မှာ တစ်ချိန်တစ်ခါက မားမားမတ်မတ်ဖြစ်တည်ခဲ့ သည့်၊ သူဌေးဦးညို၏ အလှူငွေဖြင့် ၁၉၃၀ ခုနှစ်မှာ တည်ဆောက် ပြီးစီးခဲ့သည့်၊ ''ဓားကိုဓားချင်း၊ လှံကိုလှံချင်း ဆိုင်ရန်သာရှိတော့ ကြောင်း'' ကျောင်းသားထုကို စိန်ခေါ်ခဲ့သူတစ်ဦးနှင့် လက်ပါးစေတချို့ ကြောင့် တစ်စစီပျောက်ပျက်ခဲ့ရသည့် ကျောင်းသားသမဂ္ဂ အဆောက် အအုံကိုတော့ စိတ်ကူးထဲကသာ မှန်းဆပုံဖော်ကြည့်ရသည်။ လစ်ဟာ နေသည့်ကွက်လပ်ကြီးထဲမှာ ကျန်ရှိနေသေးသည့် ဗိုလ်အောင်ကျော် အထိမ်းအမှတ်ကျောက်တိုင်ကိုလည်း မပီပိုးတဝါး လှမ်းတွေ့ရသည်။

ညာဘက်မှာတော့ မန္တလေးဆောင်။ သည်နေရာနှစ်ခုကြားကဖြတ်တော့ နားထဲမှာ မောင်းပြန်သေနတ်သံတွေ၊ ကြွေးကြော်သံတွေ၊ တောက်ခေါက်သံတွေကို နာကျင်ခံခက်စွာ ကြားလိုက်ရသလိုလို၊ "ဂျ ဂျ ၆၂ ကို မမေ့ကြနဲ့" ဟု မန္တလေးဆောင်နံရံမှာ သွေးနှင့်ရေးခဲ့သည့် စာသားကို မြင်မိသလိုလို ဖြစ်ရသည်။

မန္တလေးဆောင်လမ်းလေးအတိုင်း လျှောက်ဝင်လာတော့ သစ်ပင်ကြီးငယ်တွေကို ဘေးဘက်ဝဲယာမှာ အုံ့အုံ့ဆိုင်းဆိုင်း တွေ့ရသည်။ ကျောင်းဝင်းနေရာအနှံ့အပြားမှာ သစ်တို၊ သော်က၊ သော်ကမာလာ၊ သဘော်ာတည်၊ စိန်ပန်း၊ မရမ်း၊ ကံ့ကော် စသည့် အပင်များစွာ ရှိနေပြီး အပင်ကြီးတချို့ကတော့ နာဂစ်မှာ လဲပြိုသွားခဲ့ကြပြီ။ ကျန်ရစ်ခဲ့သည် အပင်တွေကတော့ လောကဓံကို ကြံ့ကြံ့ခံကာ ရှေ့ဆက်၊ အရိပ်ပေးနေကြသည့်အပင်တွေ ဖြစ်သည်။ မန္တလေးဆောင်ဘေးကနေ တောင်ငူဆောင်ဘက် လျှောက်တော့ ရင်ထဲမှာ ဟာခနဲဖြစ်သွားသည်။ သစ်ပင်တွေအကြားမှာ စုစုဖွဲ့ဖွဲ့ ရှိနေခဲ့သည့် တောင်ငူဆောင်ကင်တင်းနေရာက ဘာမှမရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေသည်။ ဦးချစ်၊ အရှည်ကြီး စသည့်ဆိုင်တန်းတွေ ပျောက်ကွယ်သွားခဲ့ပြီ။ ဟိုစဉ်က ထိုင်ခုံလေးတွေ ဟိုတစ်စု သည်တစ်စု ဖွဲ့တည်နေခဲ့သည့်၊ စားသောက်ဖွယ်ရာမှာသံတွေ၊ ဆွေးနွေးငြင်းခုံသံတွေ ဝေစည်နေခဲ့သည့် သည်နေရာလေးက ယခုတော့ တိတ်ဆိတ်ငြိမ်သက်လို့။

တောင်ငူဆောင်ရှေ့ရောက်တော့ ခဏရပ်ပြီး အဆောင်ကို ငေးမောနေမိသည်။ မြန်မာစာပေကို တက္ကသိုလ်ငြိမ့်ခန်းမှာ တခမ်းတနားနေရာချပေးခဲ့သူ ဆရာကြီးဦးဖေမောင်တင်မှ အစပြု၍ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားပို့ချဖြန့်ဝေပေးခဲ့ကြသူ၊ ဘာသာ၊ စာပေ၏အနှစ်သာရများကို ဖော်ထုတ်ပြုစုပေးခဲ့ကြသူ ဆရာသခင်ပညာရှင်များ ကျင်လည်ခဲ့ရာ တောင်ငူဆောင်ကား ခံ့ခံ့ထည်ထည်ရပ်တည်လျက် ရှိနေသည်။

သည်နေရာက ပြန်ထွက်တော့ ဒဂုံဆောင်ရှေ့က လမ်းလေးအတိုင်းလျှောက်လာဖြစ်သည်။ ကံ့ကော်ပင်တွေအကြားကနေ ဒဂုံ

ဆောင်ကို လှမ်းမြင်ရသည်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်တို့၊ သခင်ဗစိန်တို့ နေထိုင်ခဲ့ဖူးသည့် ဒဂုံဆောင်က ယခုတော့ မိန်းကလေးဆောင်အဖြစ် ပြောင်းလဲသွားပေပြီ။ ဒဂုံလမ်းသွယ်လေးထဲက ပြန်ထွက်တော့ အဓိပတိလမ်းမပေါ် ပြန်ရောက်သွားသည်။ အဓိပတိလမ်းတစ်လျှောက်မှာလည်း တစ်ခုခု လိုနေသလိုလို။ ချစ်သူခုံတန်းလေးတွေ၊ သူငယ်ချင်းအပေါင်းအဖော် ပျော်ကြသည့် ခုံဝိုင်းလေးတွေလည်း မရှိတော့ပြီပဲ။ သည်အစား အရိပ်ရပြီး ပြေပြစ်လှပသည့် လျှောက်လမ်းကို လမ်းမတစ်ဖက်တစ်ချက်မှာ တွေ့ရသည်။ ပြီးတော့ သည်လမ်းမတစ်လျှောက်မှာ ကျယ်ဝန်းသောခြံနှင့် ခိုင်ခံ့သည့် အဆောက်အအုံတွေ ရှိနေသည်၊ ဘာသာရပ်ဌာနအသီးသီးက ပါမောက္ခ (ဌာနမှူး)တွေကို နေထိုင်ရန်ပေးထားသော နေရာတွေ ဖြစ်သည်။ ခရီးတစ်ဝက်ရောက်တော့ ညာဘက်ကုန်းမို့မို့လေးမှာ တည်ရှိနေသည့်ခြံဝင်းကျယ်ကြီးထဲ ချိုးဝင်လိုက်သည်။ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ သထုံ၊ ပဲခူး ဟူသည့် ကျောင်းဆောင်တွေရှိရာ ဝင်းခြံကြီး။

သည်ဝင်းထဲမှာလည်း နှစ်ရှည်ပင်ကြီးတွေ တော်တော်များများ ရှိနေသေးသည်မို့ အရိပ်အာဝါသ ကောင်းလှသည်။ ဟိုစဉ်ကတော့ ကျေးငှက်သာရကာ၊ ရှဉ့်၊ ကြောင်ကတိုး စသည့်တိရစ္ဆာန်လေးတွေ သည်အပင်တွေမှာ ခိုလှုံပျော်ပါးခဲ့ကြသည်။ ခုတော့ အမျိုးအမည်မသိ ငှက်ငယ်အချို့နှင့် ရှဉ့်ကလေးတွေ ပျံသန်း၊ ဆော့ကစားနေသည်က လွဲ၍ အခြားမတွေ့ရ။ မြို့ပြမှာတွင်ကျယ်နေသည့် ကျီးကန်းနှင့်ခိုတွေကိုတော့ အမြောက်အမြားတွေ့ရသည်။

ဝင်ပေါက်တည့်တည့်မှာ ပင်းယဆောင်က မားမားမတ်မတ် ရပ်နေသည်။ သည်အဆောင်ကနေ စာရေးဆရာသိန်းဖေမြင့်၊ ကျော်အောင်၊ ဦးတင်ဝ (ရှမ်းပြည်)၊ အဆိုတော်ကိုတင်လှိုင် စသည့်ပုဂ္ဂိုလ်ကျော်တွေ ထွက်ခဲ့သည်။ ပင်းယဆောင်ကို လွန်တော့ ပဲခူးဆောင်က ကြိုနေသည်။ ပဲခူးဆောင်ဆင်ဝင်အောက် ရောက်တော့ ကြက်သီးမွေးညင်းထသည့်နှယ် ခံစားမိလိုက်သည်။ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု အစရှိသည့် မြန်မာ့သမိုင်းထဲက သက်ရှိလူသား

တွေ နေထိုင်ခဲ့ရာ ကျောင်းသားဆောင်။ သည်အဆောင်မှာ အခန်းပေါင်းများစွာရှိသည်။ သည်အထဲမှာ အခန်းနံပါတ် ၁၁၃ က ပဲခူး၏ အထင်ကရအခန်း။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း နေထိုင်ခဲ့သည့်၊ မြန်မာပြည်၏ အဖိုးထိုက်တန် ရတနာတစ်ပါးကို ထွေးပွေ့ပေးခဲ့သည့် ၁၁၃။ ထိုအခန်းလေးထဲတွင် မြန်မာပြည်လွတ်လပ်ရေးအတွက် ကြံုတင်တွေးတောကြံဆခဲ့သည့် ကိုအောင်ဆန်း၏ ထက်မြက်လင်းလက်သော အတွေးဝိညာဉ်တွေ ယခုတိုင် နှီးထရှင်သန် ရှိနေပါလိမ့်မည်။ အမှောင်ခေတ်ကာလတုန်းကတော့ ထို ၁၁၃ သည် တိတ်ဆိတ်ဆွံ့အခဲ့ဖူးသည်။ ကျေးဇူးကန်းသူတစ်စု၏ ကြောက်ကန်ကန်မှုကြောင့် ဖုန်အလိမ်းလိမ်းနှင့် အထီးကျန်ဖြစ်ခဲ့ရဖူးသည်။

လွမ်းမောမှုနှင့် ဆက်လျှောက်တော့ သထုံဆောင်ရှေ့ ရောက်လာသည်။ သထုံဆောင်အပြင်ဘက်ကို လှမ်းကြည့်လျှင် တက္ကသိုလ်ရိပ်သာလမ်းကိုမြင်ရသည်။ သည်အဆောင်ကလည်း ကိုအောင်ဆန်းနှင့် ပတ်သက်ဖူးသည့်အဆောင်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း သခင်အဖြစ်ခံယူပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ ဆောင်ရွက်တော့ အင်္ဂလိပ်အစိုးရက ဆုတော်ငွေငါးကျပ်သတ်မှတ်ကာ ဖမ်းဝရမ်းထုတ်ခဲ့သည်။ သည်တော့ နယ်ချဲ့ထံမှာ အဖမ်းမခံရအောင် သထုံဆောင်က ကျောင်းသားမထားသည့် အမှောင်ခန်းတစ်ခန်းမှာ သူ ရက်အတန်ကြာပုန်းအောင်းနေထိုင်ခဲ့ရသည်။ သခင်အောင်ဆန်း ပုန်းအောင်းခဲ့သည့်အခန်းက ၁၁၀။ ဟိုတုန်းကတော့ သည်အခန်းထဲမှာ သခင်အောင်ဆန်း အသုံးပြုခဲ့သည့် ထီးဟောင်းတစ်လက်ရှိခဲ့သည်ဟု ကြားဖူးသည်။ ယခုတော့ ထိုအခန်းကို မည်သို့စီမံထားသည် မသိ၊ ပဲခူး ၁၁၃ လို နာမည်မကြီး၊ လူသိပ်မသိသည့်အခန်းလေး သထုံဆောင်မှာ ရှိနေသည်။ သည်အဆောင်မှာလည်း မြကေတု၊ ကုသ၊ မောင်ထင်၊ အေဝမ်းဦးတင်မောင်၊ အိုးဝေဦးညိုမြ၊ ဦးကျော်ငြိမ်း၊ သခင်ဗဟိန်း စသည့် ပုဂ္ဂိုလ်များစွာ နေထိုင်ခဲ့ကြသည်။

အဆောင်ပတ်လမ်းမှာ လမ်းလျှောက်တော့ တောအုပ်ထဲက လူသွားလမ်းကလေးမှာ လျှောက်ရသလို ခံစားမိသည်။ ကျောင်းဆောင်

တစ်ဆောင်နှင့်တစ်ဆောင် ကူးသန်းသွားလာရာတွင် နေမပူ၊ မိုးမစိုစေရန် ချိတ်ဆက်သွယ်တန်းကာ ပြုလုပ်ပေးထားသော စကြံပုလေးတွေကို အသစ်မိုးထားသော သွပ်နီညိုတွေနှင့် မြင်ရတော့ ရင်ထဲမကောင်းဖြစ်ရသည်။ ယခင် အုတ်ကြွပ်တွေက နာဂစ်ဒဏ် သင့်သွားခဲ့ပေပြီ။ ၁၈၆၅ ခုနှစ်ဟု ထုတ်လုပ်ခုနှစ် ရေးထိုးထားသည့် ကိုလိုနီလက်ရာအုတ်ကြွပ်တွေလည်း သခါရသဘောကို မလွန်ဆန်နိုင်ကြ။ သထုံဆောင်အရိပ်ကခွာတော့ အင်းဝကိုတွေ့ရသည်။ အင်းဝကိုမြင်တော့ စိတ်ထဲလှုပ်လှုပ်ခတ်ခတ် ဖြစ်ရပြန်သည်။ ဦးအောင်သန်း (ဗိုလ်ချုပ်အစ်ကို)၊ ရွှေညာမောင်၊ ရဲဘော်ဌေး (ဗကပ)၊ အောင်ဆန်းသူရိယသူရအေးချို၊ ဒဂုန်တာရာ စသည့်ပုဂ္ဂိုလ်တို့အပြင် မြန်မာပြည်သူတွေ ပါးစပ်ဖျားမှာ ယနေ့တိုင် အကြောင်းတိုက်ဆိုင်တိုင်း မသက်မသာပြောနေကြရသည့် ဗိုလ်ချုပ်နေဝင်းလည်း ဤအဆောင်မှာ နေထိုင်ခဲ့ဖူးသည်။ မင်းယုဝေ၊ မောင်အာယု၊ ပေါ်သစ် စသည့်ပုဂ္ဂိုလ်တွေ နေထိုင်ခဲ့ရာ စစ်ကိုင်းဆောင်ကိုတော့ အင်းဝဆောင်တံခါးဝကနေသာ လှမ်းမျှော်ကြည့်လိုက်သည်။

အဆောင်အပြင်ရောက်တော့ ''စစ်ကိုင်းလမ်း''ကို ရောက်လာသည်။ အမျိုးသားစာဆို ဆရာဇော်ဂျီသည် ပုဂံလမ်းနှင့် သည်လမ်းပေါ်မှာ အလုပ်သွား အလုပ်ပြန် လမ်းလျှောက်သွားရင်း အသွားနှင့်အပြန်ကြားမှာ အဖန်တလဲလဲ ကျင်လည်နေကြရသည့် ဘဝအဖြစ်အပျက်များကို ဆင်ခြင်မိရာမှ၊ ဒီရေအတက်အကျရှိသည့် ဇာတိမြေကချောင်းကို သတိရမိရာမှ လောကသဘော၊ လူ့သဘောကို ပြဆိုသည့် နာမည်ကျော် ''ဗေဒါလမ်းကဗျာ''တွေ မွေးဖွားလာခဲ့သည်ဟု မှတ်သားဖူးသည်။ သည်ဘက်မှာတော့ အင်းဝကင်တင်းနှင့် သီပေါ့ဆောင်တွေရှိသည်။ စစ်ကိုင်းလမ်းအတိုင်း အောက်ဘက် ဆင်းလာတော့ အဓိပတိလမ်းနှင့် စစ်ကိုင်းလမ်းထောင့်မှာ တက္ကသိုလ်များဗဟိုစာကြည့်တိုက်နှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ထီးထီးမားမားတွေ့ရသည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၏ အဝင်ဝမှာ စာကြည့်တိုက်ဖခင်ကြီး အမျိုးသားစာဆို ဆရာဇော်ဂျီ (ရုပ်တု)က ဆီးကြိုနေသည်။ ဉာဏ်အရောင်ကို လင်းလက်တောက်ပြောင်စေရန် ပံ့ပိုးပေးသည့် ပညာ

ဘဏ်တိုက်ကြီးက ဝင့်ထည်လွန်းလှသည်။ ဆရာဇော်ဂျီတို့၊ ဆရာဦးသော်ကောင်းတို့ ကျေးဇူးကလည်း ကြီးမားလွန်းလှသည်။

စာကြည့်တိုက်နှစ်ခုကို လွန်မြောက်တော့ တက္ကသိုလ်၏ အသည်းနှလုံး၊ သက်တမ်းအားဖြင့် နှစ်ပေါင်းရာချီနေပြီဖြစ်သည့် နာမည်ကျော် သစ်ပုပ်ပင်အောက် ရောက်လာသည်။ ဟိုတုန်းကတော့ သစ်ပုတ်ပင်ခြေရင်းအထိ ကပ်လို့ရသည်။ နောက်တော့ အခြစ်ကြမ်းသူတွေ၏ ရန်ကြောင့် သစ်ပုတ်လည်း ခြံနှင့်ဝင်းနှင့် အကျဉ်းကျခဲ့ရသည်။ သို့သော် သစ်ပုတ်ပင်သည် ယခုအချိန်ထိ လူချစ်လူခင်များဆဲ။ ကျောင်းထဲရောက်လျှင် သစ်ပုပ်ပင်ခြေရင်း မရောက်သူမရှိ၊ သူနှင့်တွဲဖက်ပြီး ဓာတ်ပုံရိုက်လိုက်ရမှ စိတ်အာသာပြေကြသည်။

သစ်ပုတ်ပင်ရှိရာဝင်းထဲမှ ပြန်ထွက်ပြီး အဓိပတိလမ်းပေါ် ခြေပြန်ချသည်။ ရှေ့မှာ ဝိဇ္ဇာခန်းမကို မြင်ရသည်။ ဝိဇ္ဇာခန်းမကိုမြင်တော့ သည်ပညာရပ်ဝန်းမှာ ကျင်လည်ပြီး အတွေးအခေါ်တွေကို ဖြန့်ဖြူးပေးခဲ့သည့် ဆရာနန္ဒာသိန်းဇံနှင့် သူရုံးထိုင်ရာ ဒဿနိကဌာနကို အမှတ်ရမိသည်။ သည်ဘက်မှာတော့ အပန်းဖြေရိပ်သာ။ တစ်ချိန်ကသည်နေရာမှာ အနုပညာခန်းမ၊ အားကစားခန်းမ၊ ကျောင်းသားတွေဖန်တီးရေးသားသည့် ကဗျာစာအုပ်၊ ကျောင်းမဂ္ဂဇင်းတို့ ရောင်းချရာဆိုင်ခန်းလေးတွေ ရှိခဲ့ဖူးသည်။ အဓိပတိလမ်းအဆုံး၊ ခပ်လှမ်းလှမ်းက ဘွဲ့နှင်းသဘင်ခန်းမကို လှမ်းမျှော်ကြည့်လိုက်တော့ အောင်စည်တီးခတ်သံကို သဲ့သဲ့ကြားရသည့်အလား ခံစားရသည်။

အပန်းဖြေရိပ်သာဘေးရှိ ဂျပ်ဆင်လမ်းလေးအတိုင်း လျှောက်၊ ရွှေဘိုဆောင်နှင့် ဝိဇ္ဇာခန်းမကို ချိတ်ဆက်ထားသည့် စင်္ကြံကို ဖြတ်ထွက်ပြီး ဂျပ်ဆင်ရှေ့မြင်ခင်းပြင်မှာ ခဏထိုင်ဖြစ်သည်။ ရွှေဘိုဆောင်နှင့် သီရိဆောင်တို့က ဂျပ်ဆင်ကို ဘေးဘယ်ညာ ဝန်းရံထားကြသည်။ ရွှေဘိုဆောင်မှာ ဗိုလ်မှူးဘရှင်၊ စိန်လွင်လေး၊ မြသန်းတင့် စသည့် အထင်ကရတွေ နေခဲ့ကြသလို သီရိဆောင်မှာ ဒိုရာသန်းအေး၊ ဒေါ်ရီကြိန်၊ ကြည်အေး၊ တက္ကသိုလ်မြစိမ်း စသည့် လူသိများထင်ရှားသူတွေ နေခဲ့ကြသည်။ သီရိဆောင်နံဘေးမှာတော့ ပင်လုံဆောင်အမည်ဖြင့်

အဆောင်သစ်တစ်ခုကို တွေ့ရသည်။ ယခင်က တောင်ငူဆောင်မှာ၊ ပြီးတော့ မာလာ (အမျိုးသမီးဆောင်) မှာ ဖွင့်လှစ်ခဲ့သည့် အင်္ဂလိပ်စာဌာနက ပင်လုံဆောင်မှာ ကုန္ဒြရရ ရှိနေသည်။

ဂျပ်ဆင်ကတော့ သူ့အောက်က ဖြတ်သွားသူတွေကို မိုးပြီး စိုက်ကြည့်နေသည့်အလား ငြိမ်ငြိမ်ဆိတ်ဆိတ် ရှိနေသည်။ ရန်ကုန်တက္ကသိုလ်၏ အဓိပတိအဖြစ် တာဝန်ထမ်းရွက်ခဲ့သူ Sir Charles A. Innes က ၁၉၃၁ ခုနှစ်မှာ အုတ်မြစ်ချခဲ့သည်မို့ ဂျပ်ဆင်၏သက်တမ်းသည်လည်း မနည်းတော့။ သက်တမ်းအရ ဂျပ်ဆင်သည် အိုခဲ့ပြီ။ သို့သော်လည်း တက္ကသိုလ်နယ်မြေမှာ ရပ်တည်ရှင်သန်နေသူမို့ ယခုတိုင် နုပျိုဆဲ။

မိမိလည်း တက္ကသိုလ်နယ်မြေထဲ ခြေဆန့်လိုက်တာ ကျောင်းဝင်းတစ်ပတ်ပြည့်တော့မည်။ နေရာအစုံမဟုတ်သော်ငြား အဓိကနေရာတချို့ဆီ ရောက်ခဲ့ရသည်မို့ အလွမ်းတော်တော်ပြေသွားသည်။ တစ်ခေတ်တစ်ခါက ကိုလိုနီလက်ရာ သမိုင်းဝင်အဆောက်အအုံတွေ၊ ထိုအဆောက်အအုံတွေနှင့် ထိစပ်ပတ်သက်နေသူတွေအကြောင်း ခေါင်းထဲရောက်လာတော့ ဆက်လက်တွေးတောစရာ တစ်ပုံတစ်ပင်ရှိလာသည်။

အတွေးတွေကို ပိုက်ပွေ့ပြီး ခြသေ့်ရုပ် သံတံခါးက ပြန်ထွက်လာခဲ့သည်။ ကျောင်းရှေ့ ပလက်ဖောင်းပေါ်ကနေ ကျောင်းထဲ ပြန်လှည့်ကြည့်လိုက်တော့ ကျောင်းကြီးသည် တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်ငြိမ်သက်သက်။ သူ့ထံပါးမှာလည်း သူ့အရိပ်အောက်၊ လာရောက်ခိုနား၊ ပြန်ထွက်သွားကြသူများနှင့် ပတ်သက်ပြီး တွေးစရာအတွေးတွေ၊ ပြောစရာစကားတွေ အမြောက်အမြား ရှိနေပါလိမ့်မည်။ သူ့ထံ ခိုလှုံခဲ့ကြသည့် အညတရများနှင့် အထင်ကရများအကြောင်း၊ တိုင်းပြည်ကို စေတနာထားသူများနှင့် ကိုယ်ကျိုးရှာ အတ္တသမားများအကြောင်း၊ တစ်နည်းအားဖြင့် တိုင်းပြည်ကို အလင်းပေးခဲ့ကြသူပုဂ္ဂိုလ်များနှင့် တိုင်းပြည်ကိုချောက်ထဲချ အမှောင်ထဲပစ်ထားခဲ့ကြသူ လူ့အန္ဓများအကြောင်း စသည်တို့ကို နှောင်းလူတို့ထံ မျှဝေချင်ပါလိမ့်မည်။

[အဆောင်နေ ကျောင်းသူကျောင်းသားစာရင်းတချို့ကို မြန်မာ့အသံ ကျော်ဦး ပြုစုသည့် နှစ်ငါးဆယ်တက္ကသိုလ် (ဓာတ်ပုံမှတ်တမ်း) စာအုပ်မှ ကိုးကားပါသည်။] ■

ဆောင်းဖြူ

# ကျီးလန့်စာစား တက္ကသိုလ်နေ့ရက်များ

ကျွန်တော် အလယ်တန်းကျောင်းသားအရွယ်က ရပ်ကွက်ထဲက အသုဘပို့ဆိုလျှင် ဟီးနိုးဘတ်စ်ကားပေါ် အပြေးအလွှားတက်ကာ ထိုင်တတ်သည်။ ဒါကလည်း ကြံတောသုသာန်မှာ သဂြိုဟ်မည့် အသုဘများသာ ဖြစ်သည်။ ထိုအချိန်က ရေဝေးသုသာန် မပေါ်သေး၍ မြောက်ဥက္ကလာပမှ ဆုံးသော အသုဘများက သခွတ်သုံးပင်သုသာန်မှာ မြေမြှုပ်သဂြိုဟ်ရသည်။ ရန်ကုန်ဆေးရုံကြီးတွင် ဆုံးသောသူများကို ကြံတောသင်္ချိုင်းတွင် သဂြိုဟ်ရသည်မို့ ထိုအသုဘပို့ရသည့်အခါမျိုးဆိုလျှင် ကျွန်တော် နေရာဦးနှင့်နေလေပြီ။ အသုဘပို့သည့်အလုပ်က ကလေးတွေနှင့်မဆိုင်ဟု ဆိုကာ တချို့က ကလေးတွေလိုက်တာ မကြိုက်။ ကျွန်တော်ကတော့ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ကြံတောဆိုသည်နှင့် လိုက်ပို့စမြဲ။

ကြံတောသုသာန်မှာချသည့် အသုဘပို့ဆိုလျှင် အသွား ဘယ်ဘက်မှာ ထိုင်၊ အပြန်ကျ ညာဘက်ခြမ်းပြောင်းထိုင်နှင့် ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော် ဟုတ်နေသည်။ ကျွန်တော်တို့ ငယ်ငယ်က အသုဘဆိုတာ ကြောက်စရာဟု စွဲနေသေးသောအချိန်။ ဒါဖြင့် ကျွန်တော် ဘာကြောင့် အသုဘလိုက်ပို့တာလဲဟု မေးလာလျှင် ရန်ကုန်တက္ကသိုလ်ကို ငေးဖို့ပင်။ ပြည်လမ်းပေါ်က ဖြစ်တာကြောင့် မာလာဆောင်တို့၊ ဂျပ်ဆင်တို့ကိုသာ ကွဲကွဲပြားပြား မြင်ရသည်။ ဒါလည်း

ဘယ်လောက်ကြည့်ကြည့် မဝ။ ရန်ကုန်တက္ကသိုလ်ကို ရူးသွပ်သည့် စိတ်က စာဖတ်ရင်းဖြင့် တစ်စတစ်စ နက်လာခဲ့သည် ထင်။

အလယ်တန်းကျောင်းသားဘဝမှာကတည်းက ကျွန်တော်နှင့် စာအုပ်တွေ လုံးထွေးမိနေစဉ် ဇဝန၏ 'ကောလိပ်ကျောင်းသား'က ကျွန်တော့်ကို လွှမ်းမိုးသွားသည်။ အကြိမ်ကြိမ်ဖတ်ဖြစ်သည်။ ကိုသိန်းဖေတို့ပျော်ခဲ့ရာ တက္ကသိုလ်။ နောက် စာအစုံဖတ်လာတော့ ကိုအောင်ဆန်းတို့။ ဆရာဒဂုန်တာရာတို့ရဲ့ တက္ကသိုလ်။ ဆရာသိန်းဖေမြင့်၏ အရှေ့ကနေဝန်းထွက်သည့်ပမာထဲက ကိုတင်ထွန်းတို့ နိုင်ငံရေးလှုပ်ရှားရာ တက္ကသိုလ်။ ဆရာငြိမ်းကျော်ရဲ့ ဝတ္ထုတွေထဲက အချစ်တွေဖြင့် ပြီးသော တက္ကသိုလ်။ သည်လိုနှင့် ရန်ကုန်တက္ကသိုလ်ကို ကျွန်တော် အရူးကြီး ရူးသွပ်ခဲ့လေသည်။

ဗိုလ်အောင်ကျော်ဂူဗိမာန်၊ ဖြိုချခံ သမဂ္ဂအဆောက်အအုံ၊ ဗိုလ်ချုပ်နေခဲ့သည့် ပဲခူးဆောင်၊ ဆရာဇော်ဂျီရှိရာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်ထက် အသက်ကြီးတဲ့ သစ်ပုတ်ပင်၊ ဆေးသုတ်မရတဲ့ ဘွဲ့နှင်းသဘင်ခန်းမ၊ ကျွန်တော့်အရွယ် ကျွန်တော့်အသိနှင့် ရန်ကုန်တက္ကသိုလ်တက်ရရေးသည် ကျွန်တော့်အိပ်မက် ဖြစ်ခဲ့သည်။

၁၉၈၆ ခုနှစ်မှာ ကျွန်တော် ဆယ်တန်းအောင်သည်။ သည်လိုနှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) သို့ ပထမနှစ်ကျောင်းသားအဖြစ် ၁၉၈၆–၈၇ မှာ ရောက်သည်။ ကျွန်တော်၏ တက္ကသိုလ်ကျောင်းသားဘဝ ပျားရည်ဆမ်းကာလများသည် ပျော်ရွှင်ဖွယ်ရာ အတိ။ အထက်တန်းကျောင်းသားဘဝနှင့် ကွဲပြားခြားနားသွားသော Campus Life ကို ကျွန်တော် သဘောခွေ့မိသည်။ ထူးအိမ်သင်၏ 'နာရီပေါ်မှ မျက်ရည်စက်များ' ကလည်း ကျွန်တော်တို့လို Fresher။ အဆောင်ကန်တင်းတစ်ဝိုက် ဝေ့ဝဲနေဆဲကာလ။ နှင်းဆီဆေးပေါ့လိပ် တံဆိပ်ပြောင်းပြန် ရှာပုံတော်။ အဆောင်ကန်တင်းထဲက အစိမ်းကြော်၊ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ထမင်းပေါင်းတွေကြားက စိုးမြင့်ကြော်တို့နှင့် လုံးထွေးနေသည့် ကာလများ။

သည်လိုနှင့် ဒုတိယနှစ်ရောက်လာသည်။ ကျောင်းဝင်းထဲ ဟိုနေရာ၊ သည်နေရာမှာ တစ်ပါတီအာဏာရှင်စနစ်ဆန့်ကျင်ရေး စာတွေကပ်ကြသည်။ ကျွန်တော်တို့ ပြေးဖတ်ကြသည်။ ပြီးလျှင် အဆောင်ကန်တင်းမှာ ခိုင်ထူးရဲ့ 'ရွှေလည်တိုင်'ကို နားထောင်၊ တူးတူးရဲ့ 'မိဆိုး'မှာ နစ်မြောမိကြသည်။ နိုင်ငံရေးရာသီဥတုက မှိုင်းရာမှ မည်းနက်လာချေပြီ။ ဖုန်းမော်အရေးတော်ပုံ (၈၈၊ မတ် ၁၂/၁၃) နှင့် ကျွန်တော်တို့စတွေ့ကြသည်။ ကျောင်းထဲမှာ ဖြစ်နေသည့် လှုပ်လှုပ်ရှားရှားနိုင်ငံရေးကို ဂဃနဏ မသိသော်လည်း ကျောင်းသားစိတ်ဖြင့် ကျွန်တော်တို့ပါဝင်ကြသည်။ ရန်ကုန်တက္ကသိုလ်(ပင်မ)မှ ဆန္ဒပြသည်၊ တရားဟောသည်ဆိုလျှင် ကျွန်တော်တို့ လှိုင်နယ်မြေကနေသွားကြသည်။ အဓိပတိလမ်းပေါ် RC ရှေ့မှာထိုးထားသည့် စင်ပေါ်မှာ ကျောင်းသားကြီးများက ဦးနေဝင်းနှင့် တစ်ပါတီအာဏာရှင်အကြောင်း အားနှင့်မာန်နှင့်ဟောတာပြောတာကို ကျွန်တော်တို့ စင်အောက်ကနေ ကြက်သီးဖြန်းဖြန်းထကာ လက်ခုပ်လက်ဝါးတီး အားပေးကြသည်။ မောင်မောင်ကျော်၊ မိုးသီးဇွန်၊ မင်းကိုနိုင် ဆိုသော အမည်နာမများက ကျွန်တော်တို့ကို လွှမ်းမိုးကြသည်။ သည်လိုနှင့် ဆန္ဒပြပွဲတွေ ဆက်တိုက်ဖြစ်လာတော့ ကျောင်းတွေပိတ်သည်။ ရှစ်လေးလုံးအရေးတော်ပုံကြီး ဖြစ်သည်။ သည်လိုနှင့် ကျောင်းတွေ အခါခါပိတ်ရင်း ၁၉၉၁ ခုနှစ်မှာ ကျွန်တော်တတိယနှစ်တက်ရသည်။ ရန်ကုန်တက္ကသိုလ်(လှိုင်) ကျောင်းသားဘဝမှ ပင်မကျောင်းသားကြီး ဖြစ်လာသည်။

ရန်ကုန်တက္ကသိုလ်။ ကျွန်တော့်အိပ်မက်ထဲက တက္ကသိုလ်။ အလှရွှန်းစိုသာမောရာ မြကျွန်းညို့ကဗျာတောကား ခြောက်သွေ့နေလေပြီ။ စာသံ၊ ကဗျာသံတို့ ဆိတ်သုဉ်းနေလေပြီ။ သူငယ်ချင်းအတော်များများလည်း ကျောင်းပိတ်ရက်တွေမှာ အိမ်ထောင်ရက်သားကျကုန်ကြပြီ။ တချို့ဆို ကိုယ်ဝန်ကြီးတဖားဖားနှင့် ကျောင်းတက်ကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း အိမ်ထောင်ကျနေပြီ။ တက္ကသိုလ်ကျောင်းသားများ၏ ပျိုမျစ်ခြင်းတွေ လွင့်ပါးကုန်ကြပြီ။ ကျောင်းသားတွေ အိုသလို၊ ကျောင်းတော်ကြီးကလည်း အဆောင်တိုင်း သံပန်းသံတံခါး

တွေ ဝန်းခတ်ကာ ငိုရှိုက်နေသလား ထင်ရသည်။ ရန်ကုန်တက္ကသိုလ်က သံတိုင်တွေအပြည့်နှင့်။

မှတ်မှတ်ရရ ကျွန်တော် တတိယနှစ်တက်ချိန်မှာ ကျွန်တော့်သူငယ်ချင်း အောင်ကျော်မိုး အဖမ်းခံရသည်။ သူက ဥက္ကံသား၊ သချာ်ကျောင်းသား။ နိုင်ငံရေးစိတ်ဝင်စားသူမဟုတ်။ အောင်ကျော်မိုး အဖမ်းခံရသည် ဆိုသည့်သတင်းက ကျွန်တော်တို့သူငယ်ချင်းတွေကြားမှာ အံ့ဩမင်တက်စရာ ဖြစ်ခဲ့သည်။ နောက်တော့မှ အောင်ကျော်မိုးက ကျောင်းသားအဆောင်တစ်ခုပေါ် ရောက်နေချိန် ကျောင်းထဲမှာလည်း ကျောင်းသားလှုပ်ရှားမှုတစ်ခု လုပ်နေသည်။ တို့အရေး . . . တို့အရေး အော်ကြသည်။ လုံထိန်းများ လိုက်ဖမ်းတော့ နီးစပ်ရာ အဆောင်ပေါ် တက်ပြေးသည်။ ဖြစ်ချင်တော့ အောင်ကျော်မိုးရောက်နေသည့် အဆောင်ကို စစ်အာဏာရှင်၏ ကြိုတင်ကြံစည်မှုအတိုင်း သံဝန်းတံခါးများကို ပိတ်ကာဖမ်းသည်။ အဆောင်ကျောင်းသား မဟုတ်သူတွေ အားလုံးပါသွားသည်။ နောက်တော့ စစ်ခုံရုံးက ထောင် ၁၀ နှစ်ချလိုက်သည်တဲ့။ မျက်မြင်သက်သေမလို၊ အလီဘိုင်ပြ၍ မရ။ ကိုယ်တိုင်၊ သို့မဟုတ် ရှေ့နေလျှောက်လဲချက် မရှိ။ တရားသူကြီးမင်းထိုင်ခုံမှာ ထိုင်နေသူစစ်ဝတ်စုံဝတ်ဆင်ထားသူက အပြစ်ရှိသလားဟူသော တစ်ခွန်းတည်းသော အာဏာသံဖြင့် မေးမြန်းမှုတွင် ငြင်းဆိုပါက ပို၍ ပို၍ ပြင်းထန်သော ပြစ်ဒဏ်ဖြင့်သာ စီရင်ခံရပေမည်။ သည်လိုနှင့် နိုင်ငံရေးကို စိတ်မဝင်စားသော ကျွန်တော့်သူငယ်ချင်း ထောင် ၁၀ နှစ် ကျခဲ့ဖူးလေသည်။ ထိုသည်ကား ကျွန်တော်တို့ခေတ် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ၏ ခါးသီးရက်စွဲများ ဖြစ်သည်။

ကျွန်တော်၏ ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝသည် သာမန်ညောင်ညဟု ဆိုသည်ထက် ကျီးလန့်စာစားကျောင်းသားဟု ပြောလျှင် ပို၍ မှန်မည်ထင်သည်။ စိန်ပန်း နီပြာတို့ကို မော့မကြည့်အား။ ကုံကော်တောက ဥဩသံကို စာမဖွဲ့နိုင်။ အင်းလျားကန်က တက္ကသိုလ်ကျောင်းသူတစ်ဦးကိုလည်း သတိမရ။ မိသားစုတာဝန်နှင့် နိုင်ငံရေးလေဆန်များကြားမှာ မလူးသာမလွန့်သာ လှုပ်ရှားနေရသော

ဘဝသာလျှင် ဖြစ်ခဲ့ပါ၏။

သို့သော်လည်း ကျွန်တော်တို့ ကျောင်းသားဖြစ်ခဲ့သောကာလတွင် ခေတ်စနစ်ဆိုးတစ်ခုကို တွန်းလှန်နိုင်သော အင်အားတစ်ရပ်ကို မွေးဖွားနိုင်ခဲ့သည်ကတော့ ဂုဏ်ယူစရာအတိ ဖြစ်သည်။ ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်က မွေးထုတ်လိုက်သော ဂုဏ်ဆောင်ပုဂ္ဂိုလ်များထဲတွင် မပါဝင်နိုင်သော်လည်း ရန်ကုန်တက္ကသိုလ်ကို အိုးမည်းသုတ်သော သိုးမည်းတစ်ကောင်တော့ မည်သည့်အခါမျှ မဖြစ်ခဲ့သည်ကိုပင် ကျေနပ်နေလျက်။ ■

နီပဟိန်းမော်

၂၆၊ ၁၁၊ ၂၀၁၉။

## အဝေးကြည့်တက္ကသိုလ်

၁။

ကျွန်တော်သည် ဆယ်ကျော်သက်အရွယ်မှာ တက္ကသိုလ်ဘုန်းနိုင်တို့၊ ငြိမ်းကျော်တို့၏ ဝတ္ထုတွေ ဖတ်ဖူးပြီး တက္ကသိုလ်ကျောင်းသားသိပ်ဖြစ်ချင်ခဲ့ဖူးသည်။ ထိုသို့ ကျွန်တော် ရေးတော့မည် ကြံရွယ်လိုက်သည်နှင့် တက္ကသိုလ်အကြောင်းကို စကြားဖူးခဲ့သည့် ကျွန်တော် နှစ်တန်း၊ သုံးတန်းအရွယ်က အဖြစ်အပျက်တွေကို ပြန်သတိရမိသည်။

ထိုစဉ်က ကျွန်တော်တို့အိမ်နှင့် ကပ်လျက်အိမ်သို့ ကျောင်းဆရာမိသားစု ပြောင်းလာသည်။ လင်မယားနှစ်ယောက်လုံးက ကျောင်းဆရာတွေချည်း ဖြစ်သည်။ ယောကျ်ားဖြစ်သူက အလယ်တန်းကျောင်းအုပ်၊ ဇနီးဖြစ်သူက မူလတန်းပြဆရာမ ဖြစ်သည်။ သူတို့မှာ သားသမီးသုံးယောက် ရှိသည်။ အကြီးဆုံးသားက ကျွန်တော်နှင့် ရွယ်တူ အတန်းတူ၊ အငယ်တွေဖြစ်သည့် သားတစ်ယောက်နှင့် သမီးတစ်ယောက်က ကျွန်တော့်ညီနှင့် မတိမ်းမယိမ်းတွေ ဖြစ်သည်။ ဆိုတော့ ကျွန်တော်တို့ကလေးချင်းဟာ ကစားဖော်တွေ ဖြစ်ခဲ့ကြသည်။ ရွှေသွေးတို့၊ တေဇတို့ ဖတ်ဖော်တွေ ဖြစ်ခဲ့ကြသည်။ သူတို့တွေရဲ့ အဖေကော အမေပါ ကျောင်းဆရာ၊ ဆရာမတွေ ဖြစ်ကြလေတော့ ကျောင်းပိတ်ရက် နေ့လယ်နေ့ခင်းမျိုးတွေမှာ ပုံပြင်တွေပြောပြတာတို့ စာအုပ်ဖတ်ပြတာတို့ လုပ်လေ့ရှိကြသည်။ ကျွန်တော်တို့က ဆရာကြီး၊ ဆရာမလို့ပဲ ခေါ်ဖြစ်

ကြသည်။

၁၉၇၄ ခုနှစ်၏ ဒီဇင်ဘာရက်များတွင်တော့ ကျောပေါက်၊ ရင်ပေါက်နှင့် ဒီလိုကြီးလား ဇာတ်လမ်းတွေကို စတင်ကြားဖူးခဲ့ရသည်။ သရဲခြောက်သည့် တက္ကသိုလ်ဇာတ်လမ်းများ ဖြစ်စေခဲ့သည့် 7 July အကြောင်းတွေပါပါသည်။ ကွန်ပါဘူးကျန်ခဲ့လို့၊ ထမင်းဘူးကျန်ခဲ့လို့ ကျောင်းခန်းထဲသို့ ပြန်ယူကြသည့် ကျောင်းသူတွေ၏ တုန်လှုပ်ချောက်ချားခဲ့ရသည့် အဖြစ်အပျက်တွေကို ကြားခဲ့ရသည်။ ထိုမှ ၁၉၇၅၊ ၁၉၇၆ ကာလတွေမှာ ဖြစ်ခဲ့သည့် သပိတ်မှောက်ဇာတ်လမ်းတွေကို ထိုကျောင်းဆရာကြီးတို့ လင်မယားဆီက၊ အလုပ်ပြန် အဖေ့ဆီက စသဖြင့် ကြားဖူးခဲ့ရသည်။ ငယ်တုန်းမို့ ဦးသန့်အရေးအခင်းတို့၊ အလုပ်သမားအရေးအခင်းတို့၊ မှိုင်းရာပြည့်အရေးအခင်းတို့ ဆိုတာမျိုး ခွဲမသိခဲ့သော်လည်း ကျောင်းသားတွေ ဆန္ဒပြလို့၊ အလုပ်သမားတွေ ဆန္ဒပြလို့ဆိုတာလောက်တော့ နားရည်ဝခဲ့ဖူးပြီ။ တက္ကသိုလ်နှင့် သပိတ်သည် ဖွားဖက်တော်ဟု ဆိုရခြိမ့်မည်။ ထူးထူးဆန်းဆန်းပင် ကျွန်တော့်နားမှာတော့ နားဝင်ပီယံ ဖြစ်နေလေသည်။ တက္ကသိုလ်ဆိုတာရော၊ သပိတ်ဆိုတာရော သဘောကျနေမိသည်။ ဆရာညိုမြကတော့ ''နွားနှင့်သပိတ်'' ဟု ရေးခဲ့ဖူးသည်။

ထိုကာလတွေက တေးသရုပ်ဖော်တွေ စတင်ခေတ်စားခဲ့သော အချိန် ဖြစ်ခဲ့သည်ကိုလည်း သတိရမိသေးသည်။ နေဝင်မီးငြိမ်းကာလတွေမှာ စစ်ကားဖြတ်မောင်းသံတွေကို နားစွင့်ရင်း လမ်းမကြီးပေါ်က မထွက်ရဲဘဲ ခေါင်းရင်းအိမ်ခြံစည်းရိုးက ဖြတ်ထွက်ပြီး တေးသရုပ်ဖော်တိုက်တာကို သွားသွားခိုးကြည့် ဖြစ်ကြပုံတွေလည်းပါရဲ့။

နောက် အမှတ်ရစရာ တစ်ခုရှိသေးသည်။ သူတို့အိမ်၏ ခန်းစီးမှာ မှန်ပေါင်သွင်းထားသည်လား၊ မသွင်းထားသည်လား မမှတ်မိတော့သည့် ဓာတ်ပုံတစ်ပုံ ကပ်ထားသည်။ အဘိုးအိုတစ်ယောက်၏ပုံ ဖြစ်သည်။ ယောင်ထုံးသေးသေးလေး ထုံးထားသည်။ ခေါင်းပေါင်းပေါင်းထားပြီး မျက်နှာအနေအထားက ခပ်စောင်းစောင်း ဖြစ်သည်။ ပုံသဏ္ဌာန်က ဆွေးရိမှုန်မှိုင်းလွန်းသည်။ အိုမင်းသည့်ဘက်သို့လည်း

ယိမ်းလွန်းသည်ဟု ထင်မိသည်။ ကျွန်တော်က ထိုဓာတ်ပုံကို မြင်မိပြီး ကျွန်တော်နှင့်ရွယ်တူ သားကြီးဖြစ်သူကို "ဒီပုံက မင်းတို့အဘိုးလား" ဟု မေးမိသည်။ ဒီကောင်လည်း ရေရေလည်လည် သိပုံ မရပါဘူး။ ကျွန်တော့်မှာ လူကြီးတွေကိုလည်း မမေးရဲတော့ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း ကျိတ်သိချင်နေတာပဲ ရှိသည်။ ဒီအတိုင်းပဲ တအုံနွေနွေးနှင့် သိမ်းထားခဲ့ရသည်။ နောက် မဂ္ဂဇင်းတွေ ဘာတွေ ဖတ်ကျင့်ရသည့်အရွယ်ကျမှ ထိုဓာတ်ပုံရှင်ကို သိရသည်။

အစချီနိဒါန်းတွင် ရေးခဲ့သည့် တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်ချင်စိတ်၏ သန္ဓေတည်မှုကို ပြန်စဉ်းစားမိရင်း တက္ကသိုလ်နှင့် ဆက်နွှယ်ရာ ကြေကွဲစရာ တကယ့်အဖြစ်အပျက်တွေသည်လည်း ပါဝင်ခဲ့ရသည်။

ကျွန်တော် အလယ်တန်းကျောင်းသားအရွယ်လောက်ရောက်တော့ ထိုကျောင်းဆရာကြီးတို့ မိသားစုလည်း ပြောင်းသွားသည်။ ကျွန်တော့်ရင်ထဲ တက္ကသိုလ်နှင့်သပိတ် ဆိုသည်ကတော့ နှစ်မြှုပ်စွာ ကိန်းဝပ်ခဲ့လေပြီ။

၂။

ထိုသို့ဖြင့် နှစ်တွေ၊ ရာသီတွေ ပြောင်းကာ ကျွန်တော်လည်း ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ ဘဝပေးအခြေအနေအရ နေ့ကျောင်းမတက်နိုင်ဘဲ နီးစပ်ရာလုပ်ငန်းခွင်ထဲရောက်ကာ တက္ကသိုလ်စာပေးစာယူသင်တန်းပဲ တက်ခဲ့ရသည်။ စာအုပ်တွေများစွာ ဖတ်ဖြစ်ခဲ့သည်။ ဗန်းမော်တင်အောင်တွေ၊ ဒဂုန်တာရာတွေ၊ ကြည်အေးတွေ၊ နိုင်ဝင်းဆွေတွေ စသဖြင့်။ အဖေ့ဘက်က အဒေါ်တစ်ယောက်၏ စက်ရုံစာကြည့်တိုက်မှ "လေရူးသုန်သုန်၊ ရေနံ့သာခင်ခင်ကြီး၊ ပါရီကျဆုံးခန်း" ကဲ့သို့ စာအုပ်ကောင်းတွေ ဖတ်ရသည်။ ကျွန်တော်နေထိုင်ရာရပ်ကွက်နှင့် မလှမ်းမကမ်းရှိ ဖော့ကန်ရပ်ကွက်က "ပန်းမြိုင်လယ်" စာအုပ်အငှားဆိုင်မှ မြသန်းတင့်တွေ၊ ပါရဂူတွေ စသည့် စာအုပ်ကောင်းတွေ ငှားဖတ်ခွင့်ကြုံသည်။ ဗန်းမော်တင်အောင်၏ "ဒေါက်တာရေ

ချမ်း''၊ သိန်းဖေမြင့်၏ ''သပိတ်မှောက်ကျောင်းသား'' တို့ဖတ်ပြီး ရူးသွပ်ခဲ့ရသော အချိန်များပင်တည်း။

တကယ်တမ်း ဆန်းစစ်ကြည့်လျှင် ရန်ကုန်တက္ကသိုလ်နှင့် ကျွန်တော်သည်ကား ကံအကျိုးပေး သိပ်ကောင်းလှပုံ မရပေ။ အဝေးကြည့်သာသာမျှ ဆက်ဆံရေးသဘောပဲ ရှိ၏။ တက္ကသိုလ်ဝင်ခွင့် လျှောက်စဉ်က လုပ်သားကောလိပ်ကို လျှောက်လိုက်သေးသည်။ ရူပဗေဒဘာသာဖြင့် ဝင်ခွင့်ရသည်။ တစ်ပတ်လောက် သွားတက်ကြည့်သေးသည်။ သွားရပြန်ရတာလည်း ဗိုလ်တထောင်ထိအောင် ဝေးလံ၊ ပင်ကိုယ်ကလည်း ပျင်းတင်းတင်းဆိုတော့ နုတ်ထွက်ခွင့်လျှောက်ပြီး စာပေးစာယူ ပြောင်းခဲ့သည်။ ရူပဗေဒမေဂျာနဲ့ပဲ တက္ကသိုလ်စာပေးစာယူသင်တန်းကို တက်ခွင့် ပြန်ရသည်။ သိပ္ပံဘာသာရပ်ယူထား၍သာ စနေ၊ တနင်္ဂနွေရက်များမှာ လက်တွေ့တန်းတက်ရသည်မို့ တက္ကသိုလ်ထဲ ပုံမှန် ရောက်ခွင့်ကြုံရခြင်း ဖြစ်သည်။ ဝိဇ္ဇာဘာသာရပ်ယူမိလျှင် တစ်တန်း တစ်တန်းကို ၁၀ ရက် အနီးကပ် တက်၊ ဖုတ်ဖက်ကာ ဖြေရင်းဖြင့် တက္ကသိုလ်ကျောင်းတော်ကြီးနှင့် အလွန်မတန် အနေစိမ်းလှစွာ ဖြတ်သန်းရပေမည်။ ထိုစဉ်က လုပ်သားများကောလိပ်ကော၊ စာပေးစာယူသင်တန်းပါ ရန်ကုန်တက္ကသိုလ်၏ စီမံခန့်ခွဲမှုအောက်၌ပင် ရှိသည်။

နေ့ကျောင်းတက်ချင်သည့် ရောဂါကလည်း ရှိနေတော့ ပထမနှစ်၊ ဒုတိယနှစ် ကာလများတွင် တစ်ပတ်မှာ ၂ ရက် ၃ ရက်လောက်တော့ နေ့ကျောင်းတက်သည့် သူငယ်ချင်းများဆီသို့ ရောက်ဖြစ်သည်။ အလုပ်ကလည်း ပေါ့ပေါ့ပါးပါးဖြစ်၍ နေ့လယ်ပိုင်းဆို လစ်လို့ရသည်။ ကျောင်းထဲသွားပြီး Theatre ဘက် ဓာတုဗေဒမေဂျာတန်းက ဗီဘီကိတ်နဲ့ခပ်ဆင်ဆင် ကောင်မလေးကိုလည်း သွားသွားကြောင်လို့ရသည်ပေါ့။ အင်းလျားကန်စောင်းက ဘူးသီးကြော်ဆိုင်လည်း တစ်ခါတစ်ရံ သွားထိုင်ဖြစ်ကြသည်ပေါ့။ မှာတာက ဘူးသီးကြော် တစ်ပွဲလောက်၊ ထပ်ထပ်မှာရသည်က ဆလတ်ရွက်၊ အချဉ်ရည်နှင့် ရေနွေးကြမ်းများသာ။ လှိုင်နယ်မြေရဲ့ ရာဘာတောလို့ခေါ်တဲ့ စားသောက်ဆိုင်တန်း

ဘက်မှာ လက်ဖက်ရည်ဆိုင်ထိုင်ရင်း ထိုအချိန်က ပေါက်ခွေတစ်ခွေ ဖြစ်တဲ့ အဆိုတော်မွန်းအောင်ရဲ့ "၈/၈၂ အင်းလျား" အခွေကို ဖန်တစ်ရာတေအောင် နားထောင်ခဲ့ကြရသည်ပေါ့။

"ညရဲ့သန်းခေါင်ယံ ... အိပ်မပျော်သေးချိန် ... ဂစ်တာလေးကို အဖော်ပြုရင်း ... တီးခတ်မယ်" *(၈/၈၂ အင်းလျား)*

"တေးသွားချို သီကာကျူးတဲ့ ... ကျေးငှက်ကို လှမ်းလို့ကြည့်ကာ ... ပန်းကလေး ပြောလိုက်တယ် ... လောကရဲ့အလှအပဟာ ... တို့ပွင့်မှ ပြည့်စုံတာတဲ့ ..." *(ဝတ်မှုန်)*

၃။

တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်ကို လှိုင်နယ်မြေရဲ့ စိန်ပန်းနီနီတွေကြားမှာ ဖြတ်သန်းခဲ့ပြီး တတိယနှစ်မှာတော့ (ပင်မ) ရန်ကုန်တက္ကသိုလ်ကို ရောက်ခဲ့သည်။ တစ်နည်းအားဖြင့် အဓိပတိလမ်းနှင့် ကံ့ကော်တောဆီ ရောက်ခဲ့ရခြင်းပါပဲ။

စနေ၊ တနင်္ဂနွေရက်တွေမှာ လက်တွေ့တန်းသွားတက်ရင်း သစ်ပုတ်ပင်ရှေ့က ဖြတ်လျှောက်ရသည့်အခါတိုင်း ငြိမ်းကျော်၏ ဝတ္ထုတစ်ပုဒ်ထဲ၌ "သစ်ပုတ်ပင်အခေါင်းပေါက်ထဲမှာ ဘီယာဘူးမြှုပ်ထားသည့်အကြောင်း" ရေးဖွဲ့ခဲ့ဖူးတာကို သတိရမိသည်။ ပြည်လမ်းအနောက်ဘက်ခြမ်းမှာ ပြုလုပ်သည့် ကာတွန်းပြပွဲကို သတိရမိသည်။ ၄၅ ဟိုင်းလတ်ကားပေါ်မှာ အိပ်ငိုက်ရင်းလိုက်ပါလာသည့် ဆရာတင်မိုး (ဆရာဂျမ်း) အား စတွေ့ဖူးခဲ့သည်ကို သတိရမိသည်။

ရန်ကုန်တက္ကသိုလ်စာပေးစာယူသင်တန်း ဒုတိယနှစ်အောင်ပြီးမှ ဂျီတီအိုင်ဝင်ခွင့်ဖြေဖို့ ကြိုးစားခဲ့သည်ကိုလည်း သတိရမိသည်။

ထိုနေ့က ၁၉၈၇ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ စနေနေ့။ အင်းစိန်ဂျီတီအိုင်မှာ ဝင်ခွင့်သွားဖြေသည့် ပထမနေ့ ဖြစ်သည်။ ပထမနေ့မှာ မြန်မာစာနှင့် အင်္ဂလိပ်စာ၊ ဒုတိယနေ့မှာ သင်္ချာနှင့် အထွေထွေဗဟုသုတ။ စုစုပေါင်း လေးဘာသာ။ တစ်နေ့ကို နှစ်ဘာသာဖြေရမည်။ မြန်မာစာ ဖြေပြီးချိန် ၁၂ နာရီဝန်းကျင်မှာ စာမေးပွဲခန်းထဲက ထွက်

တော့ လူတွေ ရှန်းရှန်း ရှန်းရှန်း ဖြစ်နေသည်ကို တွေ့ရသည်။ ၁၁ နာရီမှာ ရေဒီယိုက အထူးသတင်း ကြေညာသွားသည်။ ငွေစက္ကူများ ဖျက်သိမ်းသည့်သတင်း ဖြစ်သည်။ ထို့ကြောင့် ဂျီတီအိုင် အဆောင်နေ ကျောင်းသားများ ပေါက်ကွဲကာ ရှန်းရင်းဆန်ခတ် ဖြစ်ကြသည်ဟု သိရသည်။ ကျွန်တော်တို့လည်း နောက်ထပ် တစ်ဘာသာဖြေရဦးမည် ဖြစ်တာကြောင့် စောင့်ဆိုင်းနေရင်း ဂျီတီအိုင်ကျောင်းသားတွေရဲ့ ပေါက်ကွဲမှုကို ကြည့်နေသည်။ တဖြည်းဖြည်း အခြေအနေ ပိုဆိုးလာသည်။ ပြတင်းမှန်တွေ ရိုက်ခွဲကြသည်။ မနက်က ကျွန်တော်တို့ဖြေခဲ့သည့် ဝင်ခွင့်အဖြေလွှာတွေလား၊ ဂျီတီအိုင်ကျောင်းရုံးခန်းက စာရွက်စာတမ်းတွေလား မသိ၊ မီးပုံရှို့ကြသည်။ ထိုနေ့က ဂျီတီအိုင်ဝင်ခွင့်စာမေးပွဲကို မြန်မာစာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာပဲ ဖြေလိုက်ရသည်။ နောက်နေ့ဖြေရမည့် ဝင်ခွင့်စာမေးပွဲလည်း ဆက်မဖြေရတော့။

ထိုငွေစက္ကူဖျက်သိမ်းသည့်ကိစ္စ၏ နောက်ဆက်တွဲပြဿနာသည် မဆလကို တော်လှန်ပုန်ကန်နိုင်မည့် ရှစ်လေးလုံးအရေးတော်ပုံ၏ စနစ်တံဖြစ်လိမ့်မည်ဟု မည်သူသိပါမည်လဲ။ ထိုမှ ၁၉၈၈ ခုနှစ်၊ မတ်လ ဖုန်းမော်အရေးအခင်းဟာ ရှစ်လေးလုံးအရေးတော်ပုံ ဖြစ်စေမည့် လတ်တလောအကြောင်းရင်း ဖြစ်ခဲ့သည်။ ထိုမှ တံတားဖြူသည် တံတားနီ ဖြစ်ခဲ့သည်။ လုံထိန်းရဲတွေ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့သည်။ တက္ကသိုလ်ကျောင်းတံခါးတွေ ပိတ်ခဲ့သည်။ ထိုမှ ဗိုလ်အောင်ကြီး၏ ၄၁ မျက်နှာမိတ္တူတွေ ပြည်သူလူထုကြား ပြန့်ခဲ့သည်။ ထိုမှ ...

တက္ကသိုလ်ကျောင်းတွေ ပိတ်ထားသည့်အချိန်နှင့် တိုက်ဆိုင်ပြီး ငြိမ်သက်သွားသယောင် ထင်ရသော်လည်း ၁၉၈၈ ခုနှစ်၊ ဇွန်လ ကျောင်းတွေ ပြန်ဖွင့်သည်နှင့် တစ်စခန်းပြန်ထလာသည်။ ကျောင်းတွေ ပြန်ဖွင့်သည့် ပထမစနေနေ့မှာပဲ ကျွန်တော်လည်း လက်တွေ့တန်းတက်ရန် ကျောင်းထဲရောက်ခဲ့သည်။ RC (အပန်းဖြေရိပ်သာ) ရှေ့မှာ ဟောပြောပွဲစင်ထိုးထားသည်။ ကျောင်းသားတွေလည်း မျက်နှာကို လက်ကိုင်ပဝါလေးတွေစည်းပြီး အလှည့်ကျတက်ကာ ဟောပြောနေကြသည်။ ကျွန်တော်လည်း လက်တွေ့ခန်းထဲ မရောက်တော့ဘဲ ကုံ

ကော်ပင်အောက်ရပ်ကာ နားထောင်နေမိသည်။ တစ်ယောက်အလှည့်တွင် လက်ကိုင်ပဝါစည်းနှင့်ပင် တက်လာပြီး ရုတ်တရက် လက်ကိုင်ပဝါကို ချွတ်လိုက်ကာ သူ့နာမည်ကိုလည်း ထုတ်ဖော်ကြေညာပြီးမှ တရားဟောလေသည်။ "မိုးသီးဇွန်" ဟူသတတ်။ ထိုမှ ဇွန် ၂၁၊ မြေနီကုန်း။ ထိုမှ တစ်တိုင်းပြည်လုံး အုံကြွခဲ့ကြသည့် ရှစ်လေးလုံးအရေးတော်ပုံကြီး ဖြစ်ခဲ့သည်။

၄။

တစ်တိုင်းပြည်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အုံကြွခဲ့ကြသည့် ရှစ်လေးလုံးအရေးတော်ပုံကြီးကို စစ်တပ်၏ ဒုတိယအကြိမ် အာဏာသိမ်းမှုဖြင့် ဖြိုခွင်းခံလိုက်ရပြီးနောက် တိုင်းပြည်နည်းတူ ကျွန်တော်လည်း နိုင်ငံရေးအသည်းကွဲခဲ့ရသည်။

ကျွန်တော်လည်း လုပ်ငန်းခွင်ထဲ ပြန်ရောက်သည်။ ၃၃ ချက်နှင့် ပွတ်ကာသီကာ မပြုတ်သော်ငြား အလုပ်ထွက်ခဲ့ပြီး အခြားဌာနသို့ ပြောင်းရွှေ့ခဲ့သည်။ မအောင်မြင်တဲ့ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲကို ဖြတ်သန်းခဲ့သည်။ ကျောင်းတွေက ပိတ်ထားဆဲပင်။ ၁၉၉၁ ခုနှစ်မှာ တက္ကသိုလ်တွေ ပြန်ဖွင့်သည်။ သို့သော် ၁၉၉၁ ခုနှစ်အတွက် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးနိုဘယ်ဆုရခြင်းနှင့်အတူ နိုင်ငံရေးလှုပ်ရှားမှုများ ထပ်မံပေါ်ပေါက်ကာ ကျောင်းတံခါးက ပြန်ပိတ်သွားပြန်သည်။ နောက် တစ်နှစ်ဝန်းကျင်အကြာ ၁၉၉၂ ခုနှစ်မှ ပြန်ဖွင့်ပြီး တစ်နှစ်လျှင် နှစ်တန်းနှုန်း တက်သုတ်ရိုက်ခဲ့သည်။

ကျောင်းတွေပြန်ဖွင့်တော့ ဂျပ်ဆင်ဘက်ကဝင်ပြီး ဗိဗ္ဗာဆောင်ကော်ရစ်ဒါမှတစ်ဆင့် ဖြတ်သန်းရချိန်တွင် ကျွန်တော် ကြေကွဲစွာခံစားလိုက်ရသည်။ ကော်ရစ်ဒါတစ်လျှောက်ကို ခြံခတ်ထားသည်။ သစ်ပုတ်ပင်ကိုဖြတ်ပြီး သိပ္ပံဆောင်ဘက်ကိုဝင်တော့ သစ်ပုတ်ပင်ရဲ့ အခေါင်းပေါက်ကို ကွန်ကရစ်များဖြင့် ပိတ်ထားသည်ကို တွေ့ရသည်။

ရန်ကုန်တက္ကသိုလ်ဝင်းတစ်ခုတည်းကိုပင် စည်းအပိုင်းပိုင်းခြားကာထားနှင့်လေပြီ။ တက္ကသိုလ်သည် လွတ်လပ်သည့်နယ်မြေတစ်ခု

မဟုတ်တော့ပြီလော။ ကျွန်တော်လို တက္ကသိုလ်ကို ညွှဲသည်သာသာမျှ အဝေးကြည့် ဖြတ်သန်းဖူးသူပင် ရင်နင့်လိုက်ကာ ခံစားရပါသည်။ နှစ်ရှည်လများ တက္ကသိုလ်နှင့် လက်ပွန်းတတီးနေခဲ့ကြရသူများဆိုလျှင် အဘယ်သို့ ရှိပါမည်နည်း။

၅။

ကျွန်တော်သည် တက္ကသိုလ်ကို အိပ်မက်မက်ခဲ့သည်၊ တက္ကသိုလ်ကို ရင်ခုန်ခဲ့သည်၊ တက္ကသိုလ်ကို ပျော်မောခဲ့သည်၊ တက္ကသိုလ်ကို မျှော်လင့်ခဲ့သည်။ သို့သော် အဝေးကြည့်မျှသာ။

တက္ကသိုလ်သည် certificate တစ်ခု ရရုံမျှ၊ တက္ကသိုလ်သည် ယေကမ္ဘေးမြ ကြီးတော့တသရုံမျှ၊ တက္ကသိုလ်သည် ဗမာရုပ်ရှင်တွေထဲ ပုံဖော်သလို ပေါးလားဝါးလား လုပ်ရုံမျှမကဘဲ လေးနက်သင့်သည်။ တက္ကသိုလ်သည် ပညာအသီးသီး ထွန်းပွင့်ရာ၊ သုတေသနလုပ်ငန်းတွေနှင့် အမြဲမပြတ်တမ်း ရှင်သန်ရာ တိုင်းပြည်တစ်ပြည်၏ ဦးနှောက် ဖြစ်သင့်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏ တိုင်းပြည်နှင့် ထပ်တူကျစွာပင် တက္ကသိုလ်သည်လည်း အဝေးကြည့်ရုံမျှသာ ရှိနေသေးသည်ကတော့ ...။ ■

မိုးဦးဆွေညိန်း

# နေမျိုး
## ဇာတိရပ်ရွာ ပြန်ရောက်တဲ့အခါ
ရ သ စ ာ တ မ်း မျ ာ း

[ဒုတိယအကြိမ်]

တန်ဖိုး - ၂၀၀၀ ကျပ်

---

# နေမျိုး
## မဝင်းမေ နမ့်ခမ်းမြို့သူ
က ဗျ ာ နှ င့် စ က ာ း ပြေ မျ ာ း

[မဝင်းမေနှင့် နမ့်ခမ်းမြို့သူ နှစ်အုပ်ကိုပေါင်းထားသည်]

တန်ဖိုး - ၂၀၀၀ ကျပ်

YU- 2500 Ks

9431847991984

# စိန်ပန်း ကံ့ကော်
# ဆွတ်ပျံ့လွမ်းဖွယ် ...

ရန်ကုန်တက္ကသိုလ်ရာပြည့်အမှတ်တရအက်ဆေးများ

မောင်အောင်မွန်
ခင်နှင်းဦး
မောင်ပြည့်မင်း
ခင်အောင်အေး
ခင်မြဇင်
နှောင်ကျော်
ထွန်းဇော်ဌေး
လင်းစန်
မောင်ဆွေခင် (ခရမ်းပြာ)
မင်းကိုနိုင်
မင်းသန်းထိုက် (ဒေးဒရဲ)
နရီ (မြိတ်)
သန့်ဇင်စိမ်း
ရင်နီ
ဆောင်းဖြူ
နီဟင်းမော်
မိုးဦးဆွေညိန်း

